မစန္ဒာ

# ပန်းပွင့်ခရေ

နှင့် အခြားဝတ္ထုများ

**ပန်းပွင့်ခရေ**
ပထမအကြိမ်၊ ၂၀၀၆ ခုနှစ် မေလ၊ အုပ်ရေ ၁၀၀၀

**အဖုံးပန်းချီ မုတ်သုန်**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၅၆၇၀၆၀၅ နှင့် စာမူခွင့်ပြုချက်အမှတ် ၅၀၀၄၄၃၀၆၀၄ တို့အရ ဦးကျော်ဦး(၀၃၉၉၀) ပါရမီစာပေ၊ အမှတ် ၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးအောင်ထက်(၀၈၀၀၃) အောင်ပါရမီ ပုံနှိပ်တိုက်၊ အမှတ် ၁၂၇၊ အခန်း ၃၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

**တန်ဖိုး ၉၀၀ ကျပ်**

**ပါရမီစာပေ**
၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်(ဖုန်း ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail paramibk@myanmar.com.mm

ပါရမီ စာပေ

# မာတိကာ

၁။ ပန်းပွင့်ခရေ ၃

၂။ ဖန်ခွက်ထဲက ရေတစ်ဝက် ၁၀၃

၃။ သစ်ပင်စိုက်သူများ ၁၃၃

၄။ အုန်းသီးထဲက အရည်ချိုချို ၁၄၅

# ပန်းပွင့်ခရေ

"ကိုယ့်အလုပ်က မိတ္တူကူးပေးဖို့ပဲနော်၊ စကားရောင်း စကားဝယ် စပ်စပ်စုစုတွေကို လက်ခံဖို့လည်း မဟုတ်ဘူး၊ ပြန်ပြောနေဖို့လည်း မဟုတ် ဘူး"

ဆိုင်ပိုင်ရှင်အန်တီညိုက အသံပြတ်ပြတ်နှင့် ပြောသည်။ စုစုနွယ်သည် မိတ္တူကူးစက်ကြားထဲတွင် လိပ်ပြီး ညှပ်သွားသောစက္ကူကို ခပ်ချော့ချော့လေး ပြန်ဆွဲထုတ်နေရင်း ဘာမှပြန်မပြောဘဲ အသာငြိမ်နေလိုက်သည်။ အံတီညိုက "နှင်းဆီမွှေး"အား ရည်ရွယ်ပြီးပြောနေမှန်း သူသိသည်။

"နှင်းဆီမွှေး"

တော်တော်လှသည့်နာမည်လေးဖြစ်သည်။ ထိုနာမည်လှလှလေးကို ပိုင်ဆိုင်သူသည် လမ်းထိပ်ကျူရှင်ဆရာအိမ်မှ အိမ်ဖော်ကောင်မလေးဖြစ်လေသည်။ ကျူရှင်ဆရာအိမ်တွင် အိမ်ဖော်ကောင်မလေးများ မကြာခဏလဲတတ်သော်လည်း သူကတော့ ခြောက်လလောက်ကြာနေပြီ ဖြစ်သည်။ အသက်က ဆယ့်ခြောက်နှစ်ကျော်နေပြီဟုပြောသော်လည်း မိန်းကလေးပီပီ



ထဘီဝတ်ထားသည်ကို တစ်ခါမျှမတွေ့ရ၊ ကျူရှင်ဆရာကတော် ဆင်ထားသော အင်္ကျီပွယောင်းယောင်းနှင့် ဒူးလောက်ထိရှည်သော သင်္ကြန် ဘောင်းဘီ ကားကားတို့ကြောင့် ကြည့်ရသည်မှာ အချိုးမပြေလှပေ။ သူတို့အိမ်က ဘုရားပန်းအိုးလဲသောရက်နှင့် ကြုံလျှင် သစ္စာပန်း၊ ဂန္ဓမာပန်း၊ မေမြို့ပန်း စသည်များကို မနိုင်မနင်းပန်လာတတ်သေးသည်။ တစ်ခါတစ်ရံလည်း သူ့ ဆံပင် တိုစိစိကို နှစ်ဖက်ခွဲပြီး ပါးတွင် ပါးကွက် ကွက်ထားတတ်ပြန်ရာ သူငယ်တော်ရုပ်နှင့်တူနေတတ်ပြန်လေသည်။ ပုံစံက အချိုးမပြေရုံသာမက စကားပြောတော့လည်း အဆင်ပြေသည် မဟုတ်။ အံတီညို မကြိုက်လျှင်လည်း မကြိုက်စရာပင်ဖြစ်သည်။ သူဆိုင်ကိုရောက်လာပြီး ပထမဦးဆုံး အခေါက်တွင်ပင် စုနွယ်ကိုမေးလိုက်ပုံက "နေပါဦး အစ်မက၊ ဒီဆိုင်က သူဌေးလား အလုပ်သမားလား ဟင်"…တဲ့။

စုနွယ်က သူ့ကို တအံ့တသြလှမ်းကြည့်ရင်း "ဘယ်လိုများ မေးလိုက်တာပါလိမ့်ဟယ်"ဟု စဉ်းစား၍မဆုံးသေးခင် "ကြည့်ရတာ သူဌေးနဲ့တော့ မတူပါဘူး၊ ကျွန်မလိုအလုပ်သမားပဲဖြစ်မှာပါ။ တစ်လ ဘယ်လောက်ရလဲဟင် . .အစ်မ"ဟု ဆက်ပြောသည်။ သူ့စကားကို စကတည်းက ကြားနေသော အန်တီညိုက "စုစုနွယ်၊ မနက်က အပ်သွားတာတွေ ကူးပြီးပြီလား။ ခဏနေ လာယူတော့မယ်နော်…ဒီစာအုပ်အထူကြီးကလည်း အစအဆုံး ကူးရဦးမှာမဟုတ်လား။ သွက်သွက်လေးလုပ်လေကွယ်"ဟုဝင်ပြောသည်။ မျက်နှာကိုလည်း မသိမသာ တင်းထားသည်။

ဒီလိုဆိုပြန်တော့လည်း နှင်းဆီမွှေးဆိုသည့် ထိုကောင်မလေးက သူ့ကို မကြိုက်မှန်းသိတတ်သားပင်။ ဘာမှဆက်မပြောတော့ဘဲ ငြိမ်ငြိမ်ကုတ်ကုတ် ကလေး ဖြစ်သွားသည်။ အန်တီညို အတွင်းခန်းသို့ လှည့်ဝင်သွားသောအခါကျတော့မှ အသာလေးစောင်းကြည့်ရင်း "အစ်မရဲ့သူဌေးက

ပြောသည်။ အဘယ့်ကြောင့်ဆိုသော် သူ့စကားရေယာဉ်တွင် မျောနေသော အခိုက်အတံ့၌ အမေ၏မျက်လုံးတိမ်ကို ခွဲရမည့်ကိစ္စကို လည်းကောင်း၊ ဆယ်တန်းကျောင်းသား မောင်လေးအတွက် ကျူရှင်လခ ပေးရတော့မည်ကို လည်းကောင်း၊ အိမ်ရှင်ဦးလေးကြီးက အိမ်ခန်းခ တိုးပြီးတောင်းနေသည်ကို လည်းကောင်း မေ့မေ့ပျောက်ပျောက်ဖြစ်သွားတတ်လေသည်။ မိမိ၏ လက်ရှိဘဝမှ ခေတ္တခဏရှောင်ပြေးခွင့်ရ၍ နှင်းဆီမွှေး မလာလျှင်ပင် မသိမသာ မျှော်မိတတ်လေသည်။

"ဟော…ပြောရင်းဆိုရင်း လာပါပြီတော်"

စာရွက်တစ်ထပ်ကြီး ကိုင်ပြီး လမ်းကူးလာသော နှင်းဆီမွှေးကို တွေ့တော့ အန်တီညိုက မကြည်မလင်နှင့် ပြောသည်။ သူ့ခြေထောက်၏ နှစ်ဆလောက်ရှိသော ခုံဖိနပ်ကြီးကို စီးထားသည့်အတွက် သူဆိုင်ထဲ ဝင်လာတော့ "ဂလောက်၊ ဂလပ်၊ ကလောက် ဂလပ်" ဟူသော တူရိယာသံလေးပါ တွဲလျှက် ပါလာသည်။

"ရှော့ . . . အစ်မ ခြောက်စုံစီနော်"

"စစ်တောင်းနဲ့ပဲလား"

"မဟုတ်ဘူး ဒီတစ်ခါ နိုင်ငံခြားစက္ကူနဲ့ ကောင်းကောင်းလေးကူးပေးပါလို့ မှာလိုက်တယ်။ သူဌေးက မျက်နှာလိုက်တယ် အစ်မရဲ့၊ ဒါက သူ့မိတ်ဆွေတွေကို ပေးဖို့တဲ့"

"အန်တီညို မကြိုက်တာ အဲဒီအပြောမျိုးတွေပေါ့"ဟု စုန္ဒယ်က တွေးမိသည်။ နိုင်ငံခြားစက္ကူနဲ့ကူးပေးပါဟုဆိုလျှင် ပြီးသော်လည်း သူက သူနှင့် မဆိုင်သော နောက်ဆက်တွဲမှတ်ချက်တွေ ထင်မြင်ချက်တွေကို အမြဲပြောတတ်သည်။

"ဟောတော့ . . . ဝက်နံ့ရှိး"



စိတ် ပုတ်တယ်နော်"ဟုပြောဖြစ်အောင် ပြောလိုက်လေသည့်အတွက် စုန္ဒယ် တစ်ဦးတည်းကျိတ်ပြီး ပြုံးခဲ့ရသည်။

"နာမည်မေးလိုက်တော့ "နှင်းဆီမွှေး"တဲ့၊ ပေးမှပေးတတ်ပလေတော်။ သူမို့လို့အနားရောက်လာရင် ကြက်သွန်ဖြူနံ့ရော ကြက်သွန်နီနံ့ရော ငါးပိနံ့ရော စုံနေတာပဲ။ အပြောအဆို၊ အမူအယာကျတော့လည်း ခပ်ရိုင်းရိုင်းကလေး၊ အလိုက်ကန်းဆိုးကလည်း မသိ"

အန်တီညိုက ဆက်လက်ပြီး ထောမနာပြုနေသည်။ ကျူရှင်ဆရာကြီးသည် အန်တီညို၏ဖောက်သည်ဖြစ်သည်။ သူ့အိမ်က မေးခွန်းစာရွက်တွေ၊ မှတ်စု စာရွက်တွေကို နှစ်ရက်တစ်ခါ သုံးရက်တစ်ခါ၊ တစ်ခါတရံလည်း တစ်ရက်တည်း နှစ်ခါ၊ တပုံတပင်ကြီး ကူးခိုင်းတတ်လေသည်။ နှင်းဆီမွှေး၏ "မနေ့ညက ကျွန်မရဲ့သူဌေးနဲ့သူဌေးကတော် ရန်ဖြစ်ကြတယ်သိလား၊ သူဌေးရဲ့ အင်္ကျီအိတ်ထဲမှာ လက်ကိုင်ပုဝါလှလှလေး တွေ့လို့လေ။ သူဌေးကတော်က ပြတင်းပေါက်ကနေ လွှင့်ပစ်လိုက်တာ။ ကျွန်မ တိတ်တိတ်ကလေး ကောက်ယူထားတယ်–အဟိ၊ လက်ကိုင်ပုဝါလေးက မွှေးအီနေတာပဲ" ဟူသောအပြောမျိုးကို စိတ်ဝင်စားလှပါလျက်နှင့် မကြားချင်ဟန်ဆောင်နေတတ်သည်။ တော်ကြာနေ သူများစကား ကိုယ့်စကားဖြစ်ပြီး ဖောက်သည်ပျက်မှာ စိုးရိမ်သောကြောင့် ဖြစ်လေသည်။

စုစုန္ဒယ်ကတော့ ဂျိဂျိမြည်နေသောစက်ကြီးကို ဖွင့်လိုက် စာရွက်တွေ ဖြန့်ထည့်လိုက် ပြန်ပိတ်လိုက်၊ ခလုတ်တွေနှိပ်လိုက်၊ စာရွက်တွေ စီထပ်လိုက်၊ ညှိပြီးဖြတ်လိုက် ချုပ်စက်နှင့်ချုပ်လိုက်စသည်…စသည်များကို စက်ရုပ်တစ်ရုပ်လို လုပ်ကိုင်လည်ပတ်ရင်း ငြီးငွေ့နေရသူဖြစ်သည်။ အရည်မရ အဖတ်မရ၊ စကားဖျင်း၊ စကားတင်းများဟု သတ်မှတ်ရမည် ဖြစ်သော်လည်း စုန္ဒယ်အတွက်တော့ အပျင်းပြေလှသည်။ ထို့ပြင် အမောလည်း

အန်တီညို မျက်စောင်းခဲတော့မည်ဟု စုန္ဒယ်ထင်မိသော်လည်း အန်တီညိုက မျက်စောင်းခဲရန်သတိမရနိုင်၊ နှာခေါင်းကို ရှုံ့ပွရှုံ့ပွလုပ်ရင်း အလန့်တကြား ထအော်သည်။

"အကျိုးနည်း . . . ကုန်များကုန်ပြီလားမသိဘူး"

နောက်ဖေးခန်းသို့ ကသောကမျော လှမ်းဝင်သွားသော အန်တီညို၏ ကျောပြင်ကို လှမ်းကြည့်ရင်း နှင်းဆီမွှေးက ခစ်ကနဲရယ်သည်။ "ကျွန်မကို တစ်ချိန်လုံး မျက်စောင်းကြီးခဲ ခဲနေတာလေ ... အခုတော့ သူ့ဟင်းအိုးကြီး တူးသွားပြီ ...ဟီ ...ဟိ" ဟု ဝမ်းသာအားရပြောသည်။

"သူ မျက်စောင်းခဲတာသာ ပြောနေ .. နင်ကလည်း အရမ်းစကားများတာ။ ကိုယ့်ဟာကိုယ်လည်း သတိရဦး"

"ဟိုစကားပြော ဒီစကားပြောနဲ့ဆိုတော့ ပင်ပန်းတာ သက်သာတယ် အစ်မရဲ့"

အန်တီညိုက သူ၏ဟင်းအိုးကို အဖုံးဆွဲဖွင့်လိုက်ပုံရသည်။ တူးတူး ခါးခါး အနံ့က ထောင်းထလာသည်။

"အစ်မ နားငြီးလည်း အခုလကုန်အထိပါပဲနော်... လကုန်ရင် ကျွန်မ ထွက်တော့မှာ"

"ဟယ် .. အဟုတ်"

စုန္ဒယ် စိတ်မကောင်းဖြစ်သွားသည်။ ဒီလေးငါးခြောက်လအတွင်း ခဏခဏတွေ့နေရတော့လည်း သံယောဇဉ်ဖြစ်နေသည်။

"ကျွန်မရဲ့အစ်မဝမ်းကွဲတစ်ယောက်က နယ်စပ်မှာ ထမင်းဆိုင်ဖွင့်တာလေ။ အားကြီးရောင်းကောင်းတယ်တဲ့။ အဲဒါ ကျွန်မကို လှမ်းခေါ်နေတယ်"

"အဝေးကြီးပေါ့ဟယ်"



"အစ်မကပြောတယ် မြေကြီးက ဆက်နေတာပဲတဲ့။ ဒီလောက်တောင် လမ်းသစ်ကြီးတွေဖြူးနေဖြောင့်နေတာ။ ဘယ်နေရာမှမဝေးဘူးတဲ့"

နှင်းဆီမွှေးက သူ့အစ်မ၏စကားကို အလွတ်ကျက်ထားသလို တသွေမတိမ်းပြန်ပြောသည်။

"ဟိုကျရင် နင်ဘာလုပ်မှာလဲ"

"ထမင်းဆိုင်မှာ ကူရမှာပေါ့။ အစ်မက အထည်ဆိုင်လည်း ထွက်ဦးမယ်ပြောတယ် အကူအညီတွေ အများကြီးလိုတယ်တဲ့"

"နင်တို့ ဘယ်လောက်ရမှာမို့လဲ"

"နေစရိတ် စားစရိတ်မပါဘူး တစ်လ လေးသောင်းတဲ့"

"ဟယ် ... တကယ်"

"နေတာ စားတာ အစ်မတို့နဲ့ အတူနေ အတူစား တဲ့။ ကျွန်မကတော့ အကုန်စုထားမှာ"

စုန္ဒယ် တွေတွေငေးငေးဖြစ်သွားသည်။ ယခုမိတ္တူဆိုင်မှာ လုပ်သည်က တစ်လလျှင် တစ်သောင်းနှင့်နှစ်ထောင်ရသည်။ သို့ပါသော်လည်း ကိုယ့်ဂိုင့်လေး ကိုယ်ဆွဲလာရပြီး လမ်းစရိတ်ကလည်း အသွားအပြန် တစ်ရာကုန်သည်။ တွက်ကြည့်လိုက်လျှင် ဘာမျှကျန်သည်မဟုတ်။ စူပါမတ်ကက်တွေမှာ အရောင်းစာရေးမ လုပ်တာကမှ ပိုပြီးရဦးမည် ထင်သည်။ သို့သော်လည်း အပြန် မိုးချုပ်တော့ အမေက မကြိုက်ပြန်ပေ။ ဒီဆိုင်မှာက ညနေလေးနာရီခွဲလျှင် ပြန်၍ ရပြီဖြစ်သည်။ ညပိုင်းလာသည်များကို အန်တီညို၏ သားနှစ်ယောက်က တစ်ယောက်တစ်လှည့်စီတာဝန်ယူကြသည်။

"နောက်ပြီး ကြိုးစားရင်ကြိုးစားသလို လခလည်း တိုးပေးဦးမှာတဲ့"

"ဒါပေမယ့် ဝေးလိုက်တာဟယ်"

"အစ်မရယ် ကျွန်မက ကျိုက်ထိုက ဆိုတော့ ပိုပြီးတော့တောင်

ဝေးသေး။ ဒါပေမယ့် ပိုက်ဆံလိုချင်ရင်တော့ စွန့်စားရမှာပေါ့ အစ်မရဲ့။ အဲဒီ ကျွန်မရဲ့အစ်မဝမ်းကွဲဆိုရင်လည်း အရင်တုန်းက ရိုးရိုးအအရယ်။ ကျွန်မလိုပဲ ရန်ကုန်မှာ အလုပ်လုပ်ရင်း အိမ်ထောင်ကျပြီး အဲဒီမှာ သွားလုပ်တာ။ အခုတော့ အရင်အိမ်ထောင်နဲ့ကွဲပြီး နောက်အိမ်ထောင်တောင် ကျနေပြီ။ ရွှေလက်ကောက်တွေ တချွင်ချွင်နဲ့၊ ဆွဲကြိုးတုတ်တုတ်ကြီး ဆွဲလို့ အရမ်း ကြီးပွားနေပြီ”

စုနွယ်က အမေ့နားမှ ပုလဲနားကပ်ကလေးကို မြင်ယောင်သည်။ ထို ပုလဲနားကပ်ကလေးသည် အဖေဝယ်ပေးခဲ့ခြင်းဖြစ်၍ အမေ၏ အမြတ်နိုးဆုံး ပစ္စည်း ဖြစ်သလို သူတို့အိမ်မှာရှိသော တစ်ခုတည်းသော ရွှေထည်ပစ္စည်း ဖြစ်လေသည်။ စုနွယ်၏နားတွင်ပန်ထားသောနားကပ်ကလေးက ရွှေရည်စိမ် ဖြစ်သည်။ ဆွဲကြိုးတို့ လက်ကောက်တို့ကိုတော့ ကိုယ်နှင့် မဆိုင်သော ပစ္စည်းများဟု စုနွယ်၏စိတ်ထဲတွင် အလိုလိုသတ်မှတ်ပြီးဖြစ်သည်။ သို့သော် ရွှေလက်ကောက် တချွင်ချွင်နှင့် ဆွဲကြိုးတုတ်တုတ်ကြီးဟု ကြားလိုက်ရတော့ လောဘတည်း ဟူသော လေပြေလေညင်းက စုနွယ်၏ ရင်ထဲသို့ တိုးဝင်တိုက်ခတ်လာသည်။

“ကျွန်မမှာ ဖြစ်နေတဲ့ရောဂါက အတော်ကြီးနေပြီ အစ်မရဲ့”

“ဟင် … ဘာရောဂါလဲ”

မျက်လုံးမျက်ဆန်ပြူးသွားသောစုနွယ်ကိုကြည့်ရင်း နှင်းဆီမွှေးက ရယ်ပြန်သည်။

“ပိုက်ဆံလိုချင်တဲ့ရောဂါလေ”

“အယ်…”

“ဟုတ်တယ် ပိုက်ဆံတွေမှ အများကြီးကို လိုချင်တာ အဖေတို့ အမေတို့ကိုလည်း ပေးချင်။ မောင်နှမတွေကိုလည်း ပေးချင်၊ နောက်ပြီး



အိမ်အမိုးလည်း မိုးချင်၊ ကြမ်းခင်းပေါက်လည်း ဖာချင်၊ အိမ်သာတွင်းလည်း တူးချင်၊ ရေတွင်းပျက်လည်း ဆယ်ချင်၊ ဖိနပ်သစ်လည်း လိုချင်”

“တော်ပါတော့ ဟယ်”

နှင်းဆီမွှေးက မျက်လုံးလေး စင်းမေးကာ ဆက်လက်ပြီး စိတ်ကူးယဉ်သည်။ နောက်ပြီးတော့ ဒီလိုအင်္ကျီဘောင်းဘီကြီးတွေကို အကုန်လုံး လွှင့်ပြစ်လိုက်ပြီးမှ စကပ်လှလှ၊ အင်္ကျီလှလှ၊ ဝမ်းဆက်ကလေးတွေဝတ်၊ သနပ်ခါး မွှေးမွှေး ကြိုင်ကြိုင်လေး လိမ်း အဲဒီလို အဲဒီလို …”

“ဝက်နံ့ရိုးငါးဆယ်သားတော့ကုန်ပါပြီဟယ်၊ ရေအတော်များများ ထည့်ခဲ့တာပဲဟာ ဘယ်အချိန်က ခန်းပြီး တူးခြစ်သွားလဲ မသိတော့ပါဘူး။ ငါဆိုတဲ့ ငါကလည်း ရှေ့ရောက်ရင်နောက်မေ့ပဲ”

အန်တီညိုက စိတ်ပျက်လက်ပျက်နှင့် ထိုင်ငိုချင်ပေါက်နေပုံရသည်။ စုနွယ်ကမ်းပေးသောစာရွက်များကိုပင် ခါတိုင်းလိုလှမ်းမယူတော့ဘဲ “နင့်ဟာနင် တွက်ပြီး တောင်းလိုက်စမ်းပါဟယ်” ဟုပြောသည်။

အန်တီညိုအပြင်ခန်းရောက်လာတော့ နှင်းဆီမွှေး၏ ပါးစပ် ပိတ်သွားသည်။ စာရွက်များကို ရေတွက်ပြီး စုနွယ်တောင်းသောပိုက်ဆံကို ငြိမ်ငြိမ်သက်သက် ထုတ်ပေးသည်။

“စုနွယ်ရယ် ဟိုဘက်လမ်းလေးကူးပြီး ဘဲဥငါးလုံးလောက် ဝယ်ပေးပါလားဟယ်။ ဖိုးခွားတို့ပြန်လာရင် ပဟပ်ထိုးလာကြတာ။ ဘဲဥအချဉ်ဟင်းလေး ချက်ထားဦးမှ၊ ရုံးပတီသီး လေးငါးခြောက်တောင့်နဲ့ ငြုတ်သီးစိမ်း၊ မဆလာပါ ဝယ်ခဲ့နော်”

အန်တီညိုက ညီးညီးပြောပြောနှင့် စုနွယ်ကို ငါးရာတန်တစ်ရွက် ပေးပြီး ဈေးလွှတ်သည်။ ဒီတော့လည်း စုနွယ်နှင့်နှင်းဆီမွှေး စကားတွေ ဆက်ပြောဖြစ်ကြသည်။

“အစ်မရော လိုက်မလားဟင်”

“ဘယ်ကိုလဲ”

“ကျွန်မနဲ့အတူတူ ထမင်း သွားရောင်းကြရအောင်လေ”

“ဝေးလွန်းတယ် ဟ”

“အစ်မကလဲ၊ မြန်မာပြည်နဲ့ ရေရော မြေရော ဆက်နေတာ။ ဘာဝေးလို့လဲ၊ ကျွန်မတော့ သုံးလေးနှစ်လောက် ကြိုးကြိုးစားစား လုပ်ပြီး အရင်း အနှီးလေး စုမယ်။ အရင်းအနှီးရရင် ထမင်းဆိုင်လေး ဖွင့်ချင်တယ် အစ်မရဲ့။ ကားဂိတ်နားမှာ ဆိုရင် ရောင်းလို့တောင် မလောက်ဘူး။ ကျွန်မ လည်း အကုန်ချက်တတ်တယ်။ ဘယ်လောက်ပင်ပန်းပင်ပန်း၊ ပင်ပန်းစမ်း ပါစေ။ ကျွန်မ လုံးဝမကြောက်ဘူး။ ကိုယ်ပိုင်ဆိုင်လေးဆိုရင် လုပ်လို့ရသမျှ ကိုယ့်ဖို့ချည်းပဲ”

လမ်းကို အတူဖြတ်ကူးလာစဉ် နှင်းဆီမွှေးက သူ၏ဝါသနာ အတိုင်း ကရားရေလွှတ် ပြောပြန်သည်။ သူက ထမင်းဆိုင် သန့်သန့်ပြန့်ပြန့် လေးကို အိပ်မက် စိတ်ကူးထဲတွင် မြင်ယောင်နေဟန်ရှိလေသည်။ စုန္ဒယ် လည်း မိတ္တူကူးစက်ကလေးတစ်လုံးလောက်ကို တွေးထင်မြင်ယောင်နေ မိသည်မှာ ကြာလှပြီ ဖြစ်လေသည်။ အဟောင်းကလေး တပတ်ရစ်ကလေး ပင် ဖြစ်စေဦးတော့ အလုပ်ကတော့ ဖြစ်သည်ပင်။ အိမ်ရှေ့တွင် ချထားလျှင် အန်တီညိုလိုပင် ချက်ရင်း ပြုတ်ရင်း လျှော်ရင်းဖွတ်ရင်းနှင့် မီးဖိုချောင် စရိတ် ကလေး ကာမိနိုင်သည်။

သူ မိတ္တူကူးစက်ကို စွဲလန်းလိုက်ပုံက စိတ်ပျက်စရာပင် ကောင်း လှသည်။ တစ်ခါတုန်းက အိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ်နှင့် ဘိုးတော် တစ်ပါးကို တွေ့သည်။ ဘိုးတော်က သူ့ကို “ဘာလိုချင်လဲ” ဟု မေးတော့ “တပတ်ရစ် မိတ္တူကူးစက်ကလေး တစ်လုံးလောက် လိုချင်ပါတယ် အဘိုး”



ဟု ပြန်ဖြေမိသည်။ အိပ်ရာက နိုးလာတော့ သိန်းသုံးရာမင်္ဂလာစုံတွဲဆုကို မတောင်းမိဘဲ မိတ္တူကူးစက်ကိုပင် တပတ်ရစ်ကလေးမှ တောင်းမိသော ကိုယ့်ကိုယ်ကို စိတ်ဆိုး စိတ်ပျက်မိသည်။ တကယ်မရသောဆုကိုပင် နှမြော ခြင်း ကြီးစွာနှင့် နှမြောနေမိသေးလေသည်။

“ဟိုမှာလုပ်လို့ ပိုက်ဆံပြေလည်ရင် အိမ်ကို သုံးလေးလ တစ်ခါ လောက် ပြန်လို့ရတာပဲ။ လက်ဆောင်တွေ တပွေ့တပိုက်ဝယ်ပြီးတော့လေ”

“အေးဟယ်...အဲဒီလိုသာ တကယ်ဆိုရင် ပျော်စရာကြီး”

ဟုတ်သည်၊ လက်ဆောင်တွေပိုက်ပြီး အိမ်ပြန်လာကာ လိုသမျှ ငွေကို ဖြည့်ဆည်းပေးနိုင်သောဘဝ။ ထိုဘဝသည် မည်မျှချိုမြိန်ပြီး ကြည်နူး ဖွယ် ကောင်းလိုက်မည်နည်း။ တွေးကြည့်ရုံနှင့်ပင် ပျော်လာသည်။

‘နော်...သွားကြရအောင်နော်...အစ်မ”

“အဝေးကြီးကြီးသွားရမှာ ငါကြောက်တယ်ဟဲ့”

“အဟီး ကျွန်မလည်း နည်းနည်း ကြောက်တာပဲ၊ ဒါကြောင့် နှစ်ယောက် အတူသွားရအောင်လို့”

“ကြည့်သေးတာပေါ့ဟယ်”

စုန္ဒယ်က တွေတွေဝေဝေ ဖြစ်နေသည်။ သူ့အသက်က နှစ်ဆယ် ကျော်ပြီ ဖြစ်သည်။ ဆယ်တန်းတော့ မအောင်သေး။ ဒီနှစ်ဖြေလျှင် လေးခါ ရှိပြီ ဖြစ်သည်။ မောင်လေးနှင့်ပင် အတန်းတူနေပြီ။ ဒီနှစ်ကုန်လျှင် မောင်လေး ထက်ပင် အတန်း ငယ်သွားတော့မည် ထင်သည်။ မောင်လေးက တော် သည်။ စာလည်း ကြိုးစားသည်။ မောင်လေးကိုတော့ ပညာအပြည့်အဝ ပေးချင်သည်။

ဈေးထိပ်ရောက်တော့ သူတို့လမ်းခွဲလိုက်ကြသည်။ နှင်းဆီမွှေးက တော့ ဂလောက်ဂလပ်နှင့်အသံမြည်နေသော ခုံဖိနပ်ကြီးကိုစီးရင်း ဆက်

ထွက်သွားသည်။ သွားခါနီးမှာ "သွားကြရအောင်ပါ အစ်မရာ" ဟု ထပ်ပြော သွားသေးသည်။

စုန္ဒယ်သည် ဈေးထဲသို့ ခပ်စိုက်စိုက်ဝင်လာရင်း အမေ့ကို မြင်ယောင်နေသည်။ အမေ့မျက်စိတိမ်ကို ခွဲရခါနီးပြီ ဖြစ်သည်။ ဒါက မိတ္တူကူးစက်ထက် ပိုပြီးအရေးကြီးသည်။ အမေကတော့ "ဒီလောက်အဝေးကြီး မသွားပါနဲ့လား သမီးရယ်" ဟု ပြောမည်ဖြစ်သည်။ "အမေစိတ်မချပါဘူး" ဟု တားမည်လည်း ဖြစ်သည်။ ဒီတော့လည်း သူက နှင်းဆီမွှေး၏အစ်မ ပြောသလို "ဒီလောက်တောင် လမ်းကြီးတွေ ဖောက်နေဖြူးနေတာ၊ ရေရော မြေရော ဆက်နေတာပါ အမေရဲ့။ တစ်တိုင်းတည်း တစ်ပြည်တည်းဟာကို ဘယ်နေရာမှ မဝေးပါဘူး" ဟု ပြန်ပြောရလိမ့်မည်ထင်သည်။

"ဘဲဥဘယ်လောက်လဲ ဟင်"

"ခုနစ်ဆယ်"

"ဟင်...တစ်လုံးကို ခုနစ်ဆယ်တောင်ဖြစ်သွားပြီလား အဒေါ်ကြီးရယ်၊ ဈေးတက်လိုက်တာနော်"

"အေး...ငါယူရတဲ့ခြံကိုက ဈေးတက်ရောင်းနေတာ၊ ငါတက်တာ မဟုတ်ပါဘူး ငါ့တူမရယ်၊ ပိုလည်း မမြတ်ပါဘူး"

စုန္ဒယ်က ဘဲဥရွေးရင်း သူ၏တစ်လတာလုပ်အားခနှင့် ဘဲဥဘယ်နှစ်လုံးဝယ်၍ ရနိုင်မည်နည်းဟု စိတ်တွက်နှင့် တွက်ချက်နေမိလေသည်။

*

ငါးဆယ်သားစီ သုံးဦးလောက် ဆွဲသွားကြပြီဆိုတော့ ဈေးခုံပေါ်တွင် လှုပ်လှုပ်ရွရွ ဖြစ်နေသော ငါးလည်း အတော်အတန် နည်းသွားသည်။



"အေးမွန်"

အဒေါ်ဝတုတ်၏ အသံက အချက်ပေးသောအသံ ဖြစ်သည်။ ချက်ဆိုလျှင် နားခွက်က မီးတောက်ပြီးဖြစ်သော အေးမွန်ကလည်း "ဟုတ်ကဲ့" ဟု ပြောလိုက်သောအသံကမှ နောက်ကျသေးသည်။ လူကတော့ ဆိုင်နောက်ဖက်တွင် ချထားသော စည်ပိုင်းပြတ်ဆီသို့ ရောက်သွားပြီ ဖြစ်သည်။

စည်ပိုင်းပြတ်ထဲတွင် တိုးဝှေ့နေသော ငါးခူများက မည်းမည်း လှုပ်နေသည်။ အေးမွန်က လုံချည်တိုတို ပြင်ဝတ်ကာ စည်ပိုင်းဘေးတွင် မှောက်ထားသော ဆန်ခါခုံးကို လှမ်းပြီး ဆွဲယူလိုက်သည်။

"ကဲ...မကောင်းသူထိပ် ကောင်းသူထိပ် ဟေ့"

ဘာရယ်တော့မဟုတ်၊ ငါးတွေကို သတ်ရတိုင်း အေးမွန်က ထိုသို့ ရေရွတ်လေ့ရှိသည်။ အားလုံးသေကြရမှာဆိုပေမယ့်လည်း ဆန်ခါထဲ အရင်ပါလာသော အကောင်က အရင်သေရမည်ကတော့ ကျိန်းသေသည် မဟုတ်ပါလား။

"အရိုးပါဆူတဲ့ ပဲခူးငါးခူကြီးတွေလေ။ အချဉ်ဆီပြန်ချက်မလား၊ ကြော်နှပ်ကလေးစားမလား။ စင်းကောကလေးလုပ်မလား။ နှစ်ထောင့် ရှစ်ရာတည်း။ ပုစွန်တွေ ဈေးပေါလို့ ဒီနေ့တစ်ရက်တည်း ဈေးချပေးတာနော်။ နှစ်ထောင့်ရှစ်ရာတည်း၊ ဝယ်ပြီး သိမ်းထား တန်တယ်"

အဒေါ်ဝတုတ်က တပြဲပြဲအော်ရင်း ချောင်းဆိုးနေသည်။ သူ့အသံကြီးကလည်း မောင်းကွဲကြီးလို အက်သံပါနေသည်။

သူတို့တွေသေရတော့မည်ကို သိများသိလေသလားမသိ။ ဆန်ခါထဲမှ ငါးခူများသည် ကြောက်အားလန့်အားနှင့်တဖျတ်ဖျတ်ခုန်နေကြသည်။ အေးမွန်က သစ်သားတုတ်ကိုလှမ်းဆွဲကာ ဦးခေါင်းများကိုချိန်ရွယ်ပြီး တခွပ်

ခွပ် ရိုက်လိုက်သည်။ စုပြုံလုံးထွေးနေတော့ အချို့အကောင်များက ချက်ကောင်း မထိ။ ဒါလည်း တနည်းကောင်းသည်။ အားလုံး စင်းစင်းသေနေလျှင် ဝယ်သူက ကြိုက်သည် မဟုတ်။ သူများသတ်နေလျှင်သာ ဟင်ကနဲ ဟယ်ကနဲ မျက်နှာလွှဲချင်သော်လည်း သူတို့ဝယ်တော့ သတ်ပြီးခါစ အကြောဆွဲနေသောအကောင်ကိုမှ လက်ညှိုးထိုးတတ်ကြလေသည်။

ဈေးခုန်ပေါ်သို့ ဆန်ခါကို သွန်ချလိုက်တော့ သွေးရဲရဲသံရဲရဲ ငါးခူ မည်းမည်းများက ကျွမ်းထိုးမှောက်ခုန်ကျသွားသည်။ လုံးဝမထိသေးသော အကောင်များကိုတော့ လက်ဆကောင်းကောင်းနှင့် တစ်ကောင်ချင်း လှမ်းရိုက်လိုက်ရသည်။ ခွပ်ကနဲ ခွပ်ကနဲကြားနေရသော ဦးခေါင်းကွဲကြေသံသည် အေးမွန် လူမှန်းသိကာစကတည်းက ထာဝစဉ်ကြားနေခဲ့ရသော အသံ ဖြစ်လေသည်။

အေးမွန်သည် ငယ်ငယ်ကတည်းက ငါးစိမ်းတန်းတွင် ပျော်ခဲ့ရသူဖြစ်သည်။ သူ၏အဖေနှင့်အမေသည် ဘယ်တုန်းက ဘာရောဂါနှင့် ဘယ်လိုဆုံးပါးသွားကြသည်ကိုပင် သူမသိ။ သူငယ်စဉ်ကတည်းက အဒေါ်နှင့် နေခဲ့ရသည်ကိုသာ မှတ်မိသည်။ အဒေါ်ဟု ဆိုသော်လည်း ဦးလေးနှင့်မှ စပ်ပြီးတော်ရသော အဒေါ်ဖြစ်သည်။ အဒေါ်က နှုတ်လျှာကြမ်းပြီး အဆဲသန်သော်လည်း စိတ်သဘောထားမဆိုးလှ။ အေးမွန်အပေါ်တွင်လည်း တွန့်တွန့်တိုတိုမရှိပေ။

ဦးလေးက သူဌေးအိမ်တွင်ကားမောင်းပြီး အဒေါ်ကတော့ ဈေးထဲတွင် ငါးရောင်းသည်။ ဒီတော့လည်း သူက အဒေါ့်နောက်မှ တကောက်ကောက်လိုက်ရသည်။ အဒေါ်က ငါးရောင်းလျှင် သူက ငါးရိုက်၊ အဒေါ်က တောင်းကြီး ရွက်လျှင် သူက တောင်းအသေးလေးရွက်ကာ အဒေါ်၏လက်စွဲကျော် ဖြစ်ခဲ့ရသည်။ အဒေါ်က ကလေးတွေ မွေးလာတော့လည်း သူ၏မောင်ဝမ်း



ကွဲလေးများကို ခါးတစ်ခွင် ထိန်းကျောင်းရင်း ငါးတန်းထဲတွင်ပင် တဝဲဝဲ လည်နေရသူဖြစ်သည်။ ငါးညှီတောတွင် ကြီးပြင်းရသူမို့ ငါးညှီနံ့မရလျှင်ပင် ထမင်းမမြိန်ချင်တော့ပေ။

ဦးလေးက သူ၏သားအရင်းနှစ်ယောက်ကို ကျောင်း စပြီးထားတော့ အေးမွန်ကို အားနာသနားဟန်ရှိသည်။ “ငါ့တူမကိုလည်း ဦးလေး စာတတ်အောင် သင်ပေးပါဦးမယ်ကွာ” ဟုပြောရှာသည်။ သူချိုပုံးပြီး ထိန်းကျောင်းလာရသော မောင်လေးနှစ်ယောက်က ကျောင်းနေပြီး စာဖတ်တတ်လာတော့ အေးမွန်လည်း စာတတ်ချင်သည်မှာ တပိုင်းသေနေသည်။ သင်ပေးမည်ဟုလည်းပြောသည်။ သို့သော် သင်ပေးသည့်စခန်းကိုတော့ ရောက်မလာခဲ့သည်မှာ ဦးနှောက် သွေးကြောပြတ်ကာ ရုတ်တရက် ဆုံးပါးသွားသည်အထိပင်။

“နင့်ဦးလေး မရှိပေမယ့် အားမငယ်ပါနဲ့ဟယ် ငါတို့သားအမိတစ်တွေ ဒီလိုပဲ လုပ်ကိုင်စားကြတာပေါ့”

အဒေါ်က အားပေးရှာသည်။ အေးမွန်ကလည်း ဆယ့်သုံးနှစ်ပြည့်ပြီးပြီမို့ လောက်လောက်လားလား အကူအညီရနေပြီဖြစ်သည်။ အဒေါ်နှင့်သူ ငါးအတူရောင်းကာ ထမင်းလေးနပ်မှန်နေပါလျက်နှင့် ငြိမ်ငြိမ်မနေနိုင်သည်ကတော့ အဒေါ်ဖြစ်သည်။ ဟုတ်သည်။ အေးမွန် ထိုသို့ပင် ပြောချင်သည်။ ဦးလေး ဆုံးပြီး သုံးနှစ်ပင် မပြည့်တတ်သေး။ အဒေါ် နောက်ယောကျ်ား ယူသည်။

“သူက ဆိုက်ကားနင်းတယ်ဆိုပေမယ့် ကိုယ့်ဆိုက်ကား ကိုယ်နင်းတာ။ အုံနာကြေး ပေးစရာမလိုတော့ ကိုယ်လုပ်သမျှ ကိုယ့်ဖို့ပဲလေ။ အရင် အိမ်ထောင်နဲ့လည်း သားသမီးမကျန်တော့ လူလွတ်ပဲပေါ့။ နောက်ပြီးတော့ ပြောရှာပါတယ်။ နင့်သားသမီးဟာ ငါ့သားသမီးပဲပေါ့တဲ့၊ ငါတို့မှာ

အထောက်အကူ အားကိုးရာမှမရှိတာ”

အဒေါ်က သူ့ယောကျ်ားကြီးကို ကြံဖန်ပြီး အမွှန်းတင်ရာသည်။ အေးမွန်ကတော့ ငိုနေသောမောင်လေးနှစ်ယောက်ကိုဖက်ပြီး သူပါရောပြီး မျက်ရည်ကျရလေသည်။

မည်သို့ပင်ဆိုစေ အဒေါ်၏ ယောကျ်ားအသစ်သည် သူတို့၏ အိမ်ဦးခန်းသို့ အမြိုက်သား ရောက်လာခဲ့လေသည်။ အစောပိုင်းကတော့ အဒေါ့်ကို ငွေတွေဘာတွေအပ်ပြီး ဟုတ်မလိုလိုပင်၊ မောင်လေးနှစ်ယောက်ပင် အင်္ကျီအသစ် လွယ်အိတ်အသစ်ကလေးများရ၍ ပျော်ရွှင်တက်ကြွလာကြသည်။ ပြီးခဲ့သောနှစ်ကတော့ အဒေါ့်ခမျာ လေဖြတ်ပြီး ကိုယ်တစ်ခြမ်းသေသွားသည်။ ဖိဖိစီးစီးကုလျှင် ဒီထက်ကောင်းချင်လျှင် ကောင်းလာနိုင်မည် ဖြစ်သော်လည်း အေးမွန်တို့ မကုနိုင်ခဲ့ချေ။ စကားပြောနိုင်သော်လည်း ခြေတစ်ဖက် လက်တစ်ဖက် ကောင်းစွာ မလှုပ်နိုင်တော့ချေ။ ထိုအချိန်ကစ၍ အေးမွန်တို့လည်း ကံဆိုးမိုးမှောင်ကျခဲ့ရလေသည်။

“အေးမွန်”

တစ်ဖက်ဆိုင်မှ ဂျပန်မက ငါးဖယ်ခြစ် ခြစ်နေရင်းမှ လှမ်းခေါ်သည်။

“မနေ့တုန်းက နင်တို့အိမ်မှာ ဆူညံပွက်နေတာပဲ ရန်ဖြစ်ကြတာလား”

“ဟုတ်တယ်”

အေးမွန်က လက်ထဲမှ သစ်သားတုတ်ကို ဈေးခုံပေါ် အသာချလိုက်သည်။ တုတ်၏ထိပ်ပိုင်းတွင် သွေးစ သွေးနတွေ ပေကျံနေသည်။ ဒီတုတ်နှင့် ဟိုလူကြီး၏ဦးခေါင်းကို လက်ဆကောင်းကောင်းနှင့် ရိုက်ခွဲလိုက်ရလျှင်ဟု တွေးပြီး သက်ပြင်းချမိသည်။



“ဘာဖြစ်လို့လဲ”

ဂျပန်မက မေးသည်။ အေးမွန်ဖြေသမျှကို အသေအချာမှတ်သားကာ အပိုအမိုလေးတွေလည်း အနည်းငယ်ထပ်ဆောင်းပြီး တစ်ဈေးလုံး တစ်ရပ်ကွက်လုံးသို့ ပြန့်အောင်ဖြန့်ဝေပေးမည်ဖြစ်သည်။ ဒါကတော့ သူ၏ ဝါသနာမို့ တား၍မရ၊ အေးမွန်ကလည်း မတားချင်ပါ။ ပြောချင်တာမှ အရမ်းကို ပြောချင်နေသူဖြစ်သည်။

“ထုံးစံအတိုင်းပဲပေါ့ ဂျပန်မရယ် ညကျရင်မူးတာပေါ့။ မူးပြီးတော့လည်း ရမ်းတာပေါ့။ အခုတော့ ပါးစပ်တင်မကပဲ လက်ပါလာတယ်။ မနေ့တုန်းက ကျော်ကျော့်ကို အရက်ဝယ်ခိုင်းတယ်။ နောက်ပြီး ကြာလို့ဆိုပြီး ဆူလိုက် ဆဲလိုက်တာ။ ကျွန်မကိုလည်း ဝက်အူချောင်းကြော်ခိုင်းတယ်။ မီးသွေးမီးဖို ပြန်မွှေးနေရတာ မဂျပန်မရဲ့။ ဘယ်မှာချက်ချင်းရပ့ါမလဲ။ အဲဒါ ကြာရကောင်းလားဆိုပြီး ဆဲပြန်ရော “အစိမ်းယူခဲ့ ဒီအတိုင်းစားမယ်၊ ဝက်အူချောင်းလည်း စားမယ်၊ လူသားလည်း စားမယ်” တဲ့…။ အိပ်ယာထဲက အဒေါ်က သူ့နားကို ဖင်ဒရွတ်ဆွဲသွားပြီး အမဲခြောက်ကလေး သွားပေးတော့လည်း တွန်းပစ်လိုက်တာ အဒေါ်ကို ပက်လက်လန်လဲရော…”

“အဲတော့…နင်တို့ ဝိုင်းမချကြဘူးလား”

ဂျပန်မက မြှောက်ပေးသည်။

“ချ ချင်တာပေါ့တော်”

အေးမွန်က နှုတ်ခမ်းကိုက်ထားသည်။ သူ့ကိုလည်း အရက်ခိုးဝေသော မျက်လုံးကြီးများနှင့် သိမ်းကြုံးကြည့်နေတတ်သည်မှာ ကြာပြီ။ အဝင်အထွက် တည့်တည့်တိုးလျှင်လည်း ရှောင်၍ လွတ်ပါလျက်နှင့် မရှောင်ဘဲ အသားချင်း ပွတ်တိုက်လိုက် လက်မောင်းလှမ်းကိုင်လိုက်နှင့် မထိတထိလည်း လုပ်တတ်သေးသည်။ ဒါတွေကို သူ ဘယ်သူ့အား ပြောပြရမည်

နည်း။

ဂျပန်မက ငါးဖယ်ကောင်ဖြူဖြူကို အကောင်လိုက်ရေဆေးပြီး စဉ်းတီတုံးပေါ် တင်လိုက်သည်။ ငါးကို ဘယ်လက်နှင့်ဖိကာ ညာဖက်လက်နှင့် ကိုင်ထားသော ဓားဦးချွန်ပါးပါးလေးကို ဗိုက်သားထဲသို့ ရုပ်ကနဲ ထိုးသွင်းကာ ဘေးတိုက်ခွဲချလိုက်သည်။ တစ်နေ့တုန်းက သူ့ပါးကို မထိတထိ လှမ်းပုတ်ကာ "ကောင်မလေး၊ ငါက နင့်အသားစားချင်လို့ ဟိုမျောက်အိုမကြီးကို ယူထားတာနော်" ဟု ပြောလိုက်သည်ကို ပြန်တွေးမိတော့ အေးမွန်၏ ခေါင်းထဲတွင် ဆူဝေလာသည်။ ထိုဓားဦးချွန်ပြားပြားလေးနှင့် ဟိုလူကြီး၏ ဗိုက်ကို ဘေးတိုက်ရုပ်ထိုးပြီး ငါးဖယ်ခွဲသလိုခွဲချလိုက်ရလျှင်... တွေးကြည့်ရုံနှင့်ပင် အရသာရှိလှသည်။

"သူ့အမေ လဲသွားတော့ အကြီးကောင်ကျော်ကျော်က မခံနိုင်ဘူး။ ခင်ဗျားကြီး ကျွန်တော့်အမေကို မထိနဲ့ ဝင်အော်တယ်။ ဒီတော့ မင်းအမေကိုလည်း ထိမယ်၊ မင်းကိုလည်း ရိုက်မယ်ဆိုပြီး နားရင်းအုပ်ထည့်လိုက်တာ ခွေကနဲပါပဲ မဂျပန်မရယ်"

"သြော်...ဒါကြောင့်...ဒီလောက်ဆူညံနေတာကိုး"

ဂျပန်မက ပြောစရာသတင်းအချက်အလက်များကို အပြည့်အစုံ မှတ်သားနေသည်။ သို့သော် မပြည့်စုံနိုင်ကြောင်း အေးမွန်သိသည်။ အဒေါ်၏ ယောက်ျားကြီးက "မင်းအစ်မကိုလည်း ယူမယ်" ဟုဆက်၍ ပြောသေးသည်ကို ချန်ထားသောကြောင့်ဖြစ်သည်၊ ထိုမျှအထိ ပြောပြရမည်ကိုတော့ သူရှက်သည်။

"တင့်တောင့်တင့်တယ် ရည်းစားလေးတစ်ယောက်လောက်ရှိရင်လည်း ယူလိုက်ရရင် ကောင်းပါရဲ့"

အေးမွန်က တောင့်တောင့်တတတွေးမိသည်။ သူနှင့်နီးစပ်သည်



များက ဈေးထဲတွင် ထမ်းပိုးနေကြသော ဈေးကူလီကလေးများသာ ဖြစ်သည်။ သူတို့ကို သွားယူလို့ကတော့ ဆင်းရဲတွင်းထဲမှ တိုးမထွက်နိုင်ဘဲ နစ်သည်ထက်သာ နစ်သွားမည်ကို အေးမွန် သိသည်။

"အေးမွန်"

အဒေါ်ဝတုတ်က ချိန်ခွင်ထဲမှ ငါးများကို ပလပ်စတစ်ဆန်ခါထဲ သွန်ထည့်လိုက်သည်။ သေသည့် ငါးက သေ၊ တွန့်သည့် ငါးက တွန့်၊ ခုန်သည့် ငါးက ခုန်နှင့် တလှုပ်လှုပ်ဖြစ်နေကြသည်။

"ခေါင်းခွဲခွာပြီး ဗိုက်ဖောက်ပေးပါတဲ့"

"ဟုတ်"

အေးမွန်က စဉ်းတီတုံးနှင့် ဓားကို လှမ်းဆွဲသည်။ ခုန်နေသည့် အကောင်ကို ဦးစွာကောက်ယူပြီး ဓားနောင့်နှင့်ထုလိုက်သည်။

အခုတော့ သူ့ခမျာ ဈေးကျွန်ဖြစ်နေရပြီဖြစ်သည်။ ဟိုဆိုင်က အကူ လိုလျှင် လှမ်းခေါ်လိုက်၊ ဒီဆိုင်က အကူလိုလျှင်လည်း လှမ်းခေါ်လိုက်၊ နှစ်ရာမျိုး သုံးရာမျိုးပေးလိုက်ကြနှင့်ဆိုတော့ တစ်နေ့တစ်နေ့ ခြောက်ရာ ခုနစ်ရာလောက်တော့ ရတတ်သည်။ ဈေးကွဲခါနီးလျှင်တော့ ရတတ်သမျှလေးတွေ ဝယ်၍ တက်သုတ်ရိုက်ပြန်ကာ အိမ်ကျမှ ချက်ရသည်။ သူတို့က ဖြစ်သလို ခြစ်ချက် စားလျှင် ရသော်လည်း အဒေါ့်ယောက်ျားကြောင့် ခက်လှသည်။ သူက ဟင်းကောင်းမှ စားချင်သူ ဖြစ်သည်။ ပိုက်ဆံပေးသည်ဟု ဆိုသော်လည်း တကယ့် တကယ် သူပေးသောငွေသည် ဟင်းဖိုးပင် မလောက်ချင်။

"ဟဲ့...နင့်အဒေါ်ရော နေကောင်းရဲ့လား"

ဈေးဝယ်သူ အတန်ငယ်ပါးသွားတော့ အဒေါ်ဝတုတ်က အမှတ်တရ မေးသည်။ အဒေါ်နှင့် ဒေါ်ဝတုတ်က တည့်ကြသည် မဟုတ်။ အဒေါ်

ဈေးထွက်တုန်းက သူတို့နှစ်ဦးခဏခဏ ရန်ဖြစ်ကြသည်။ စောင်းကြ ချိတ်ကြ၊ ဆဲကြ၊ ဆိုကြသည်။ အခုတော့ အေးမွန်ကို ပင်တိုင်သုံးပြီး ငွေအများဆုံး ပေးနေသူမှာ ဒေါ်ဝတုတ်ဖြစ်နေသည်။

“ခြေတစ်ဖက် လက်တစ်ဖက်မှ မလှုပ်နိုင်တာ။ ဘယ်ကောင်းနိုင်ပါ့မလဲ အဒေါ်ရယ်”

“အဲဒီက ကျန်တဲ့ငါးခူနှစ်ကောင်ယူသွားလေ…နင့်အဒေါ်ကို ကြော်ပေးလိုက်…”

“အဒေါ်က စားမှာ မဟုတ်ဘူး။ သူ့ယောက်ျားကြီး မျိုဖို့ ဆို့ဖို့ ချန်ထားမှာ”

အေးမွန်က ခပ်ဆောင့်ဆောင့် ပြောသည်။ အဒေါ်သာ ထိုယောက်ျားကြီးကို မယူခဲ့လျှင်၊ ယူခဲ့မိလျှင်လည်း ယခုကွာပစ်လိုက်လျှင် မည်မျှကောင်းလေမည်နည်း။

“အဒေါ်…ငါးခူမရှိတော့ဘူးလား”

“အဲဒီ နှစ်ကောင်ပဲ ဒါတောင် ရောင်းပြီးသား နင်က ဘယ်လောက်များများလိုချင်လို့လဲ”

“တော်ပါပြီ၊ ငါးခူမရှိရင်လည်း ငါးကြင်းဝယ်ခဲ့တဲ့။ မရှိတော့ဘူးလို့ပဲ ပြောလိုက်မယ်၊ ဟိုဘက်ဆိုင်မှာ ငါးကြင်းရှိတယ်”

သင်္ကြန်ဆောင်းဘီကားကားနှင့်ကောင်မလေးက တစ်ဖက်ဆိုင်သို့ ကူးသွားပြီး ငါးကြင်းဝယ်နေသည်။

“ဝယ်သူလည်း ပါးနေပါပြီ။ နင်စောစောပြန်ချင်ရင်ပြန်လိုက်လေ…နင်…ဈေးပြန်မှချက်ရမှာမဟုတ်လား”

စိတ်လိုလက်ရနှင့် သဘောကောင်းနေသော ဒေါ်ဝတုတ်က ငါးခူနှစ်ကောင်အပြင် ငါးရာတန်တစ်ရွက်ပါ ထပ်ပေးသည့်အတွက် အေးမွန်



ပျော်သွားသည်။ ။ ဂျပန်မလည်း ငါးဖယ်ရိုးတွေ ပေးလိုက်သည်။ ငါးဖယ်ရိုးနှင့် ငါးခူခေါင်းကို အချိုရည်ထွက်အောင်ပြုတ်ပြီး မုန့်ဟင်းခါးဟင်းရည်လေး ချက်ပေးလျှင် ကျော်ကျော်တို့ညီအစ်ကိုသာမက အဒေါ်လည်း ကြိုက်သည်မို့ အေးမွန်က အိမ်ကို ခပ်သုတ်သုတ်ပြန်လာခဲ့သည်။

“ဘာ ဝယ်လာလဲ”

သင်္ကြန်ဘောင်းဘီနှင့်ကောင်မလေးက သူ့ကိုလှမ်းမေးသည်။ ဘယ်အိမ်မှာ နေမှန်းမသိသော်လည်း ဈေးထဲမှာ ခဏခဏတွေ့နေကျမို့ မျက်မှန်း တန်းမိပြီးဖြစ်လေသည်။

“မဝယ်ရပါဘူး၊ ဒီလိုပဲဝိုင်းပေးလိုက်ကြတာ၊ အဒေါ်အရင်က ဒီဈေးထဲမှာ အရင်ကတည်းက ငါးရောင်းတာလေ။ အခုမှနေမကောင်းလို့ မရောင်းနိုင်တော့တာ”

အေးမွန်က ရှည်ရှည်ဝေးဝေး ရှင်းပြလိုက်သည်။

“ငါ့အမေလည်း ဒီလိုပဲ၊ အသားတွေဝါပြီး ခဏခဏဖျားတယ်။ အဖေကတော့ တောင်ပေါ်မှာ ဝါးခုတ်တယ်”

“နင့်မှာ အဖေရောအမေရောရှိတယ်ပေါ့”

“အင်း…”

“ဟီ ကောင်းတာပေါ့ဟာ”

“ဒါပေမယ့် အတူမှ မနေရတာပဲ၊ ငါက ငယ်ငယ်ကတည်းက သူများ အိမ်တွေမှာ အလုပ်လုပ်ရတာ။ အခုလည်း အဝေးကြီးမှာ သွားပြီး အလုပ်လုပ်မလို့”

“ဘာ အလုပ်လဲ”

“ဈေးတော့ရောင်းရမှာပဲ အထည်လား ထမင်းလားတော့ မသိဘူး”

ဈေးထိပ်ရောက်တော့ အေးမွန်နှင့်ကောင်မလေး လမ်းခွဲလိုက်ကြ

သည်။ အေးမွန်အိမ်ပြန်ရောက်တော့ အဒေါ်ကထမင်းကြမ်းခဲကို ငါးပိရည် ဆမ်းပြီး စားနှင့်နေပြီ ဖြစ်သည်။ အေးမွန်က ငါးခူလေးကို ကမန်းကတန်း ကြော်ပေးမည်လုပ်တော့ ထင်ထားသည့်အတိုင်း "ထားလိုက်ပါတော့ဟယ် ... ညနေကျမှ သူ့ကိုကျွေးလိုက်"ဟုပြောလေသည်။

"အဒေါ်ကသာ စေတနာပိုနေ၊ အဲဒီလူကြီးက ကောင်းတာ မဟုတ်ဘူး နော်၊ ကျွန်မကိုလည်း ထိကပါးရိကပါးနဲ့"

အေးမွန်က သွေးတိုးစမ်းကာပြောကြည့်တော့ အဒေါ့်မျက်နှာထား က တည်ပြီး တင်းသွားသည်။ အေးမွန်ကို ခပ်စိမ်းစိမ်းကြည့်ကာ "ညီးက လည်း အိန္ဒြေရရနေမှပေါ့အေ့" ဟုပြောလေသည်။ အေးမွန် ဘာကိုမျှ ဆက် မပြောချင် တော့။

အဒေါ်၏ယောက်ျားကြီးကလည်း မနေ့တုန်းက ဆဲလားဆိုလား၊ တွန်းလားထိုးလား လုပ်ထားမိသောကြောင့်လားတော့ မသိ။ လေးငါးရက် လောက် အိမ်ပြန်မလာပေ။ သူအိမ်ပြန်မလာသည်ကို အေးမွန်တို့မောင်နှစ်မ သုံးယောက်က ကျိတ်ပြီး ဝမ်းသာနေကြသော်လည်း အဒေါ့်ခမျာမှာတော့ မျက်နှာ မကောင်းရှာ။ သူ့ယောက်ျား အမူးသမား၊ အဖိုးမတန် အမျိုးမမှန်ကြီး ကို တမျှော်တည်း မျှော်နေလိုက်သည်မှာ လည်ပင်းပင် အတန်ငယ် ရှည် ထွက်လာသည်ဟု ထင်မိသည်။ ခေါင်းရင်းအိမ်မှ ဘကြီးထွန်းဖံကတော့ အခြေအနေမှန်ကို နားလည်သည်။ "ဒီအကောင် ဘာကြံနေလဲမှ မသိတာ။ တစ်ခုခုတော့ကြံနေမှာပဲ၊ လာတော့လာဦးမှာ၊ နင်တို့မောင်နှစ်မတွေလည်း သတိမလွတ်စေနဲ့" ဟုပြောသည်။

ဘကြီးထွန်းဖံပြောသည်မှာ မှန်လှကြောင်း တစ်ပတ်လောက်နေ တော့ လက်တွေ့သိရသည်။ ကျော်ကျော်တို့ညီအစ်ကိုလည်း ကျောင်းသွား တုန်း အဒေါ်ကလည်း နေ့လည်ထမင်းစားပြီး တရေးတမော ပြန်လည်



အိပ်ပျော်သွားတုန်း အဒေါ့်ယောက်ျားရောက်လာသည်။ အေးမွန်က အိမ် နောက်ဖေးတွင် ပန်းကန် ဆေးနေစဉ် ချွတ်နင်းပြီးဝင်ရောက်လာခြင်း ဖြစ် သည်။ ထိုနောက် အေးမွန်ကို နောက်ဖက်မှ နေပြီး သိမ်း၍ဖက်သည်။

"ဟောဒီမှာ အဒေါ်ရေ...ဘကြီးထွန်းဖံရေ...ကြီးဒေါ်သန်းရေ လုပ် ကြပါဦး"

အေးမွန်က အလန့်တကြား အော်သည်။ သူက အေးမွန်၏ပါးစပ် ကို အတင်းပိတ်သည်။ အေးမွန်က ရုန်းရင်းကန်ရင်း ယက်ကန်ယက်ကန်နှင့် လက်တစ်ဖက်က မီးဖိုဘေးမှ ငံပြာရည်ပုလင်းကို လှမ်းပြီး စမ်းလိုက်မိသည်။ ဒီတော့လည်း ငံပြာရည်ပုလင်းကို တင်းတင်းဆုပ်ကိုင်ပြီး လက်ပြန် ရိုက်ချ လိုက်သည်။ သူက လက်နှင့်ဆီးခံလိုက်၍ ခေါင်းကိုမထိသော်လည်း ပုလင်း ကွဲကာ သူ့လက်တွင် ရှသွားသည်။ ငံပြာရည်တွေလည်း ဖိတ်စဉ်ကာ ရွဲစို သွားသည်။

အေးမွန်က ပုလင်းဖင်ပြတ်ကိုကိုင်ကာ သူ့ကို ချက်ချင်းလှည့်ပြီး ရင်ဆိုင်လိုက်သည်။ သူ့မျက်နှာတည့်တည့်ကို ပုလင်းပြတ်နှင့် ဆောင့်ထိုးရန် ကြိုးစားရင်း ဖြတ်ကနဲတွေ့လိုက်သော ငရုတ်ကျည်ပွေ့ကိုပါ ဘယ်ဘက် လက်က လှမ်းပြီးဆွဲယူလိုက်သည်။ ကျားမလေးလို မာန်ဖီပြီး အတင်း ရှေ့တိုးလာသောအေးမွန်ကို သူက ကြောက်လန့်တကြားကြည့်ရင်း အမူးပြေ သွားပုံရသည်။ နောက်ဆုတ် နောက်ဆုတ်နှင့်နောက်ပြန်ဆုတ်ရင်း "မအေး မြင့်ရေ...နင့်တူမ ငါ့ကိုသတ်နေပြီ" ဟု အော်သည်။

သူတို့အိမ်ကလည်း မီးဖိုပြီးလျှင် အိမ်ရှေ့ခန်းမို့ နောက်ဆုတ်စရာ နေရာက ဘာမျှမရှိ။ အိမ်ရှေ့ခန်းကျဉ်းကျဉ်းလေးပြီးလျှင် လှေကားထစ်သာ ရှိတော့သည်မို့ အေးမွန်ကို ကျောမခိုင်းရဲသော အဒေါ့်ယောက်ျားက လှေကား မှ နောက်ပြန်ကျသွားသည်။ ဒေါသစိတ်တွေ မွှန်ထူနေသော အေးမွန်ကပါ

သူ့နောက် ထပ်ချပ်လိုက်ပြီး အိမ်ပေါ်မှ ဝုန်းကနဲ ခုန်ချသည်။

“အမယ်လေး လာကြပါဦး ကယ်ကြပါဦး အရပ်ကတို့ရေ… ကယ်ကြပါဦး၊ ကျွန်မယောက်ျားကို အေးမွန်သတ်နေပါပြီ”

ငယ်သံပါအောင် အော်လိုက်သောအဒေါ်၏ အသံကို ကြားရသည်။ အဒေါ် အော်လိုက်သည်မှာ သူ့ယောက်ျားကြီးအတွက်သာမက အေးမွန်ပါ ကံကောင်းဖို့ ဖြစ်သွားလေသည်။ အဒေါ်၏အသံကို မကြားမိလို့ကတော့ ထိုလူကြီး၏ခေါင်းကို ငရုတ်ကျည်ပွေ့နှင့်ပယ်ပယ်နယ်နယ် ထုထောင်းထုပြီး လူသတ်မှု ကျူးလွန်မိတော့မည်ဖြစ်သည်။

အေးမွန်လှည့်ကြည့်လိုက်တော့ အိပ်ယာထဲမှ ဒရွတ်ဆွဲပြီး ထလာသော အဒေါ်က အိမ်ဝရောက်နေပြီဖြစ်သည်။ အေးမွန်ကို လက်ညှိုး ငေါက်ငေါက်ထိုးကာ ဒေါသတကြီးနှင့်အော်ဟစ်နေသည်။

“ဟဲ့…ကောင်မ ထွက်သွား။ ငါ့အိမ်ပေါ်က အခုဆင်းသွား”

အေးမွန်သည် သူ့ကိုနှင်ချနေသောအဒေါ်အား တွေတွေဝေဝေ ကြည့်ရင်း ရင်ထဲတွင် ခါးခါးသီးသီး နာကျင်လာသည်။ အေးမွန်ခေတ္တမျှ ငိုင်သွားစဉ် အဒေါ့်ယောက်ျားကြီးက မြေပေါ်မှ လူးလဲထကာ နောက်ဆုတ်နောက်ဆုတ်နှင့် ဆုတ်သွားပြီး လွတ်လောက်သောနေရာရောက်တော့ တချိုးတည်း လှည့်ပြေးသွားသည်။

“ကိုမင်းနိုင်…အို…ကိုမင်းနိုင် ဘယ်သွားမလို့လဲ”

အဒေါ်က သူ့ယောက်ျားကို တကျော်ကျော်အော်ခေါ်သည်။ ဟိုက လှည့်မကြည့်တော့ အေးမွန်ဘက်လှည့်ကာ “နင်ဘယ်လိုလုပ်လိုက်တာလဲ မအေးအေးမွန်ရဲ့၊ ကျေးဇူးရှင်မရဲ့” ဟုအော်သည်။

“တောက်…”

အေးမွန်က သူ့လက်ထဲမှ ပုလင်းပြတ်နှင့်ငရုတ်ကျည်ပွေ့ကို မြေ



ကြီးပေါ်သို့ တအားလွှဲပေါက်လိုက်သည်။ ထိုနောက် ချာကနဲ လှည့်ကာ ထွက်လာခဲ့သည်။ ခါးသည်းနာကျင်ကြေကွဲမှုက သူ၏သံယောဇဉ်ကြီးကို တောက်ကနဲနေအောင် ဖြတ်ချလိုက်သည်။ ကျော်ကျော်နှင့်ဇော်ဇော်ကို မြင်ယောင်မိတော့ ရင်ထဲမှာ မချို၊ ကျောင်းပြန်လာလျှင် “အစ်မရော”ဟု ရှာကြတော့မည်။ သို့သော် ဘာတတ်နိုင်မည်နည်း။ သူတို့သည် အမေအရင်းနှင့် သားအရင်းများ ဖြစ်ကြသည်။

“နေရစ်ခဲ့ကြတော့ မောင်လေးတို့ရေ” အေးမွန်စိတ်ထဲမှပြောရင်း ဝေကျလာသောမျက်ရည်များကို လက်နှစ်ဖက်နှင့်ပွတ်သုတ်လိုက်သည်။

နေပူကျဲကျဲတွင် ခြေဦးတည့်ရာလျှောက်သွားနေရင်း အေးမွန်သည် “ငါ ဘာလုပ်ရမလဲ” ဟု သူ့ကိုယ်သူ အထပ်ထပ်ပြန်မေးနေမိသည်။ သို့သော်လည်း အဖြေမရှိချေ။ နောက်တော့ မန္တလေးမှ အဒေါ်ဝမ်းကွဲကို သတိရသည်။ ကောက်ရိုးမျှင်ကလေးပင် ဖြစ်စေတော့၊ ထိုကောက်ရိုးမျှင်ကလေးကိုပင် ဆွဲရတော့မည်။ အဒေါ့်ဆီသို့ သွားချင်သည်။ သို့သော် ဘယ်လို သွားရမည်နည်း။

သူ့တစ်ကိုယ်လုံးလည်း စုတ်ပြတ်ညစ်ပတ်နေသည်။ ဆံပင်တွေဖွာရရာ ကျဲကာ ငံပြာရည်စော်လည်း နံစော်နေသည်။ နောက်ဆုံးတော့ အဒေါ်ဝတုတ်ကို သတိရသည်။

“နင်…ဘာလုပ်မလဲ”

အဒေါ်ဝတုတ်က မေးသည်။

“မန္တလေးမှာ ဦးလေးရဲ့အစ်မဝမ်းကွဲတစ်ယောက်ရှိတယ်။ ကျွန်မနဲ့ဆို ကြီးဒေါ်တစ်ဝမ်းကွဲတော်တာပေါ့။ အပျိုကြီးပဲ…ကျွန်မငယ်ငယ်တုန်းက ရန်ကုန် လာဖူးတယ်။ သူနဲ့လာနေဖို့လည်း ခေါ်ဖူးတယ်။ သူ့ဆီ လိုက်သွားမယ်”

"မန္တလေးမြို့က အကျယ်ကြီး ဟဲ့...နင်က သူ့ကိုဘယ်လိုလုပ်ပြီး ရှာမှာလဲ"

"သူက ဆေးရုံကြီးမှာ လူနာစောင့်လုပ်တာလေ။ ဒေါ်မြလို့ မေးလိုက်ရင် လူတိုင်းသိတယ်တဲ့"

"ကဲ...အဲဒီရောက်တော့ နင်ဘာလုပ်မလဲ"

အဒေါ်ဝတုတ်က စိုးရိမ်နေရှာသည်။ အေးမွန်ကိုယ်တိုင်လည်း ပြောမယ့်သာပြောနေရသော်လည်း မန္တလေးရောက်ပြီးမှ ဒေါ်မြကို ရှာမတွေ့လျှင် ဘာဆက်လုပ်ရမည်နည်း။ စဉ်းပင် မစဉ်းစားရဲ။ အဒေါ်ဝတုတ်ကများ "ငါနဲ့ လာနေလှည့်လေ"ဟု ပြောမလားဟု မျှော်လင့်နေမိသော်လည်း သူ့အိမ်ကျဉ်းကျဉ်းမှာ သူ့မိသားစုအပြည့်မို့ ပြောချင်လျှင်တောင် ပြောနိုင်အားမရှိသည်ကိုတော့ သိပြီးသားပင်။

"အဲဒီရောက်တော့လည်း သူ့လိုပဲ လူနာစောင့်ရင်စောင့် မစောင့်ရရင်လည်း တံမျက်စည်းလှည်း အမှိုက်သိမ်း၊ တစ်ခုခုတော့ လုပ်ရမှာပေါ့ အဒေါ် ဝတုတ်ရယ်၊ ကျွန်မရဲ့တဝမ်းတခါးတော့ ကျွန်မရှာစားလို့ရမှာပါ"

အေးမွန်က အားတင်းပြီး ပြောသည်။

"နင့်အဒေါ်ကိုရှာမတွေ့ရင် ဘယ်လိုလုပ်မလဲ"

"အို...ဆေးရုံကြီးရောက်ရင် လူတိုင်းသိပါတယ်ဆိုမှ တွေ့မှာပါ။ မဂျပန်မ ကလဲ"

သို့နှင့်ပင် အေးမွန်သည် ရန်ကုန်ဘူတာကြီးသို့ရောက်ခဲ့ရသည်။ ဒေါ်ဝတုတ်နှင့်တကွ ငါးသည်များက သူ့အတွက်လမ်းစရိတ်ကို စုပြီးပေးလိုက်ကြသည်။

အနီရောင်ရထားကြီး တွဲထိုးလာတော့ ရထားပေါ်ကို ကြောက်ကြောက်နှင့်တက်ခဲ့ရသည်။ သူ့နေရာတွင်သူ ကုတ်ချိချိလေး ထိုင်ရင်း အေးမွန်သည် မျက်စိသူငယ်ဖြစ်နေသည်။ ထိုနောက်တော့ စိတ်ထဲတွင် တတ်သမျှ ဘုရားစာတွေ ရွတ်ရင်း မျက်စိကိုမှိတ်ထားလိုက်သည်။



"ဟယ်...နင်ဘယ်သွားမလို့လဲ"

သူ့ပုခုံးကို တစ်စုံတစ်ဦးကပုတ်၍နှုတ်ဆက်သည်။ မျက်စိကို ဖွင့်ကြည့်လိုက်တော့ ကောင်မလေးတစ်ယောက်က သူ့ကိုရယ်ပြနေသည်ကို တွေ့ရသည်။ ခေတ္တစဉ်းစားပြီးမှ ဈေးထဲသို့လာတိုင်း သကြားနံ့ဘောင်းဘီကားကားကြီး ဝတ်လာတတ်သော စုတ်တုတ်ပြတ်တတ် ကောင်မလေးဖြစ်သည်ကို မှတ်မိလိုက် သည်။ အခုတော့ အင်္ကျီပန်းရောင်၊ ထဘီပန်းရောင် အပွင့်စိတ်စိတ်လေးနှင့် ခေါင်းတွင်လည်း ပန်းရောင်ကလစ်လေး ညှပ်ကာ လှတပတလေး ဖြစ်နေသည်။

"ငါ မန္တလေးသွားမလို့"

"ဟင်...တစ်ယောက်ထဲလား"

"အေး...တစ်ယောက်ထဲပဲ...နင်ရော ဘယ်လဲ"

အေးမွန်က ဆွေမျိုးအရင်းအချာတွေ့ရသလို ဝမ်းသာအားရ ဖြစ်သွားသည်။ အားတွေတက်သွားသည်။

"တစ်ယောက်တည်း ဘာသွားလုပ်မလို့လဲဟင်၊ ဒီမှာကြည့် ဒီအစ်မကိုရော နင်သိတယ်မဟုတ်လား၊ မိတ္တူကူးဆိုင်ကလေ၊ သူက ငါနဲ့ အတူ လိုက်လာတာ၊ ဟိုမှာ အလုပ်လုပ်ကြမလို့လေ။ ဒါက ငါ့ရဲ့အစ်မဝမ်းကွဲ၊ အစ်မက ငါတို့ကို လာခေါ်တာ။ ဟိုကျတော့ အထည်ရောင်းတဲ့သူက ရောင်း၊ ထမင်းရောင်းတဲ့သူက ရောင်း၊ လုပ်ကြရမှာတဲ့။ နင်ရော...မန္တလေးမှာ ဘာလုပ်မလို့လဲ၊ ငါတို့နဲ့ အတူလိုက်ခဲ့မလားဟင်။ နယ်စပ်မှာ ဈေးရောင်းကြရအောင်လေ။ အခုတော့ သူများဆီမှာ လုပ်၊ အရင်းအနှီးလေး ရတာတော့လည်း ဟီး..ဟီး ကိုယ်ပိုင်အလုပ်လုပ်ရမှာပေါ့၊ နင်ရော ဟိုမှာ

"ဘာလုပ်မှာလဲ… ငါတို့နဲ့ အတူလိုက်ခဲ့မလား…ဟင်"

ကောင်မလေးက သူ၏ထုံးစံအတိုင်း စကားကို ရေပက်မဝင်အောင် ပြောနေသည်။ မိတ္တူကူးဆိုင်မှအစ်မလေးကိုလည်း အေးမွန်မြင်ဖူးနေသားပင်။ ကောင်မလေး၏ အစ်မဝမ်းကွဲကတော့ ချမ်းသာပုံရသည်။ ခေတ်လည်း ဆန်သည်။ ရယ်ဒီမိတ်အင်္ကျီ ပွပွအိအိပျော့ပျော့လေးကို ဝတ်ထားရာ ကြည့်၍ ကောင်းလှသည်။ ဆံပင်ကို အညိုရောင်ဆိုးပြီး ကောက်ထားသော်လည်း ဖြန့်မချဘဲ နောက်ဖက်တွင် ခပ်ရွရွလေးစုကာ စည်းထားသည်။ အစစ်လား အတုလားတော့ အေးမွန်မသိ၊ သူ့နားတွင်ပန်ထားသော ကျောက်စိမ်းနားကပ်နှင့် လောကက်သီး၊ လက်စွပ်တို့မှာ ဆင်တူဖြစ်လေသည်။ နောက်ပြီး ရွှေလက်ကောက်တွေ ဆင့်ဝတ်ထားရာ သူ့လက် လှုပ်လိုက်တိုင်း ရွှေနှင့်ရွှေချင်း ထိခတ်သံက ချွင်ကနဲချွင်ကနဲမြည်သွားသည်။ အေးမွန်၏နားထဲတွင်တော့ ထိုချွင်ချွင်သံလေးက သာယာလှသည်။ သူက အေးမွန်ကို အကဲခတ်သလို လှမ်းကြည့်ကာ ဖော်ရွေစွာ ပြုံးပြသည်။ သူ့လက်ထဲတွင် ကိုင်ထားသော အာလူးကြော်ထုပ်ကို "ရော့…ညီမလေး စားဦး"ဟု ဆိုကာ လှမ်းပေးသည်။

ရထားကြီးက ငြိမ့်ကနဲ ယိမ်းကာ စတင်ပြီး ထွက်ခွာလာသည်။ ဂိုန်းဂိုန်း ဂျုတ်ဂျုတ်မြည်သံနှင့်အတူ အေးမွန်၏ရင်ခုန်သံသည်လည်း စည်းချက် ကျကျနှင့် တဖြည်းဖြည်းမြန်လာသည်။

ဘဝစာမျက်နှာအသစ်သည် သူ့ကိုစောင့်၍ကြိုနေပြီ…။

*

တောင်တွေ ချောက်တွေကိုလည်း ကျော်ခဲ့ပြီ၊ မြစ်တွေချောင်းတွေကိုလည်း ဖြတ်ခဲ့ပြီ။ ကားကလေးကတော့ တရိပ်ရိပ်ပြေးနေဆဲပင်ဖြစ်သည်။



အေးမွန်နှင့်နှင်းဆီမွှေးက တစ်ယောက်ကိုတစ်ယောက်မှီကာ အိပ်ပျော် နေကြသည်။ စုစုနွယ်ကတော့ ရိပ်ကနဲရိပ်ကနဲကျန်ခဲ့သော ထင်းရှူးပင်များကို ငေးမောကြည့်ရင်း အမေ့ကို သတိရနေသည်။ အမေက သူထွက်လာသည်ကို လုံးဝသဘောမတူပေ။ "ငွေဘယ်လောက်ရတယ်ပြောပြော၊ အမေ့ရဲ့ မျက်စိကွယ်ရာ၊ နားကွယ်ရာကို ရောက်သွားမှာ အမေသဘောမတူဘူး သမီး" ဟူသော စကားကို အတွင်ပြောခဲ့သည်။ သမီး ဒီတစ်ခေါက်တော့ လိုက်သွားကြည့်မယ် အမေရယ်၊ သုံးလေးလနေလို့မှ အဆင်မပြေရင် ပြန်လာမှာပေါ့၊ သမီး ကိုယ့်ကိုယ်ကို စောင့်ရှောက်နိုင်ပါတယ်။ အမေစိတ်ချပါ" ဟု ရေးခဲ့သော သူ့စာကလေးကိုတော့ ညနေစောင်းပြီး သူပြန်မလာသော အခါမှ အမေဖတ်မိမည်ဖြစ်သည်။ "သမီးကို ခွင့်လွှတ်ပါအမေရယ်…ဒီလိုမှ ထွင်းဖောက်ပြီးမထွက်ရင် မကြိုးစားရင် ဒုံရင်းဘဝကနေ တက်နိုင်မှာ မဟုတ်လို့ စွန့်စားရတာပါ…" စုနွယ်စိတ်ထဲမှ ပြောနေမိသည်။

"ညီမလေးက အိမ်လွမ်းနေပြီလား"

အစ်မကြီးက ကားရှေ့ခန်းမှ ငဲ့ကြည့်ပြီး မေးသည်။

"လွမ်းတာပေါ့ အစ်မကြီးရယ်…ကျွန်မက အိမ်နဲ့တစ်ခါမှ ခွဲဖူးတာ မဟုတ်ဘူး…"

"ဘဝဆိုတာ ဒီလိုပဲပေါ့ ဟယ်"

အစ်မကြီးက ပင်စိမ်းသီးတစ်ထုပ်လှမ်းပေးသည်။ ပါးပါးလှီးပြီး ဆေးသကြား၊ ငရုတ်သီးမှုန့်များနှင့်နယ်ထားသော ပင်စိမ်းသီးထုတ်များကို စုနွယ် ကြိုက်သည်။ ချိုချို ချဉ်ချဉ် ဖန်ဖန် စပ်စပ်အရသာသည် အိပ်ငိုက်ပြေပြီး မျက်လုံး ကျယ်သွားစေတတ်သည်။

"မိုးချုပ်ခါနီးမှ ရောက်မှာပဲ"

"ဝေးတယ်နော်"

ရာသီဥတုက မြေပြန့်တုန်းကနှင့် မတူတော့ဘဲ စိမ့်ပြီးအေးလာသည်။ စုစုနွယ်က အနွေးအင်္ကျီလေးတစ်ထည်ပါသော်လည်း နှင်းဆီမွှေးနှင့် အေးမွန်က ပါမလာကြ။

“အရင်တုန်းက ဒီလမ်းတွေမှာ အခုလို အေးအေးချမ်းချမ်း လွတ်လွတ် လပ်လပ်သွားလို့ရတာမဟုတ်ဘူး။ နယ်မြေကလည်း ကြမ်း၊ လမ်းတွေကလည်း ကြမ်းတယ်လေ၊ အခုတော့ နယ်မြေက အေးချမ်းလာပြီး လမ်းတွေကလည်း ဖြောင့်နေ ဖြူးနေပြီဆိုတော့ သွားရလာရ၊ ရောင်းရဝယ်ရတာ သိပ်ကောင်းလာတယ်”

အစ်မကြီးက ရှင်းပြသည်။

“ညီမလေးတို့လို အလုပ်လာလုပ်တဲ့သူတွေ ကုန်ရောင်းကုန်ဝယ်လုပ်တဲ့သူတွေလည်း အများကြီးပဲ”

“ကျွန်မတို့ ထမင်းရောင်းရမှာလား အစ်မကြီး”

စုနွယ်က မေးတော့ အစ်မကြီးက ခေတ္တငြိမ်သွားလေသည်။ အခုနိုးလာသော နှင်းဆီမွှေးက “ကျွန်မ အကုန်ချက်တတ်တယ်၊ မြန်မာထမင်းဟင်းတွေပေါ့၊ ယိုးဒယားစာတွေ တရုတ်စာတွေကိုတော့ အစ်မကြီး သင်ပေးနော်” ဟု ဝင်ပြောသည်။

“အဲဒါကို ပြောမလို့ပေါ့”

အစ်မကြီးက ခပ်တိုးတိုး ပြောသည်။

“အစ်မလည်း ထမင်းရောင်းတာ အပြိုင်အဆိုင်တွေ အရမ်းများလာတော့ အရင်တုန်းကလောက် ရောင်းလို့မကောင်းတော့ဘူး။ နှင်းဆီလေးက စိတ်အားထက်သန်နေလွန်းလို့သာ ခေါ်လာရတာ”

“ဟင်...အစ်မပြောတော့ အရမ်းရောင်းကောင်းတယ်ဆို”

“ဟုတ်တယ်၊ ရောင်းကောင်းတာတော့ ကောင်းပါတယ်၊ ဒါပေမယ့် တစ်နေ့တုန်းက မီးလောင်တာ ဆိုင်တစ်ခြမ်းပါသွားလို့တဲ့”



“ဟော...တော်”

အစ်မကြီး၏မျက်နှာက ခပ်ညှိုးညှိုးဖြစ်သွားသည်။

“လမ်းမှာ နားပြီး ညီမလေးတို့ ထမင်းစားနေတုန်းက အစ်မကြီး ယောကျ်ားဆီကို တယ်လီဖုန်းဆက်တယ်လေ အဲဒီတုန်းကမှ သိရတာ”

ဟုတ်သည်၊ အရသာအပြောင်းအလဲလေးမို့ သူတို့တစ်တွေ ခေါင်း မဖော်နိုင်အောင် စားကောင်းနေခိုက် အစ်မကြီး တယ်လီဖုန်း ဆက်သည်။ သူတို့ ထမင်းစားနေသောနေရာနှင့် အစ်မကြီး တယ်လီဖုန်း ဆက်နေသော နေရာ မဝေးလှသဖြင့် စကားပြောသံကို အကုန်လုံးကြားရသည်။ သို့သော် တစ်လုံးမျှ နားမလည်။ အစ်မကြီးပြောနေသည်မှာ မြန်မာစကားမဟုတ်သောကြောင့် ဖြစ်သည်။ နှင်းဆီမွှေးကတော့ “အစ်မကြီးက ဒီဘက်ရောက်နေတာ ဆယ်နှစ်ကျော်နေပြီဆိုတော့ ဒီဘက်က စကားတွေ အကုန်တတ်တယ်ဟ” ဟုပြောသည်။

“ညီမလေးတို့သိရင် အလကားနေရင်း စိတ်မကောင်းဖြစ်နေကြမှာ စိုးလို့မပြောတာ။ အစ်မကြီးဆိုင်က ချက်ချင်းပြန်ဖွင့်နိုင်ဦးမှာ မဟုတ်ဘူး”

“ဟင်...ဒါဆို...ကျွန်မတို့”

သူတို့သုံးဦးလုံး စိတ်တွေပူသွားကြသည်။

အစ်မကြီးက ဆိုင်မဖွင့်နိုင်တော့ဘူးဆိုတော့ သူတို့တွေ ဘာလုပ်ကြရမည်နည်း။ နောက်ပြီး စုနွယ်၏စိတ်ထဲတွင် တစ်ချက် ထင့်ကနဲ ဖြစ်သွားသည်။ အစ်မကြီးက သူ့ယောကျ်ားနှင့်စကားပြောတာ မြန်မာလို မပြောဘူးလား၊ သူ့ ယောကျ်ားသည် မြန်မာလို မတတ်သည့်သူလား၊ ဆိုင်ကြီး တစ်ခြမ်းလုံး မီးလောင်သွားတာကို အစ်မကြီးက အိမြေ့မပျက်နေနိုင်သလား။

“ပစ္စည်းသခေါ်ရ လူသခေါ်ရပဲလေ၊ အစ်မ ဒီရောက်တုန်းက လက်

ချည်းပဲ ရောက်လာတာ။ ပစ္စည်းဆိုတာ ဆုံးရှုံးတတ်တာပဲဟာ။ ကြိုးစားပြီး ရှာရင်လည်း ကိုယ့်ဆီပြန်ရောက်လာတာပဲ၊ အစ်မကတော့ သိပ်ပြီး တွယ်တာ စုံမက် မနေပါဘူး”

သူ့ကိုလှမ်းကြည့်နေသော စုန္ဒယ်ကို အစ်မကြီးက ခပ်အေးအေး လှမ်းပြောသည်။ စုန္ဒယ်၏သံသယသည်လည်း အတန်ငယ်ပြေပျောက်သွားသည်။

“ဒီမှာ အလုပ်တွေက ပေါပါတယ် ညီမလေးတို့ ဟိုဘက်ကမ်းကူးပြီး အလုပ်လုပ်ရင်လည်း ရတာပဲ။ အဲဒီမှာက ပိုပြီးတော့တောင် ရသေးတယ်။ အစ်မကြီး ဆက်သွယ်ပေးမှာပါ…ဘာမှစိတ်မပူပါနဲ့”

“ဟိုဘက်ကမ်းဆိုတာ ဘာလဲဟင် အစ်မကြီး”

အေးမွန်က မေးသည်။ သူက ရန်ကုန်၏ဟိုဘက်ဆိုလျှင် မော်ဘီ၊ တိုက်ကြီးလောက်ကိုပင် ရောက်ဖူးသူမဟုတ်။ မန္တလေးကို ကြားဖူးသော်လည်း လားရှိုး၊ မူဆယ်၊ နမ်းခမ်း၊ ကျိုင်းတုံ၊ တာချီလိတ်၊ မဲဆောက်ဆိုတာတွေကို အခုမှကြားဖူးခြင်းဖြစ်သည်။

“ဟိုဘက်နိုင်ငံလေ…”

“သြော်…”

ခေါင်းလေးတငြိမ့်ငြိမ့်နှင့် “သြော်” ဟုသာ ပြောလိုက်ကြသော်လည်း ဟိုဘက်နိုင်ငံ၊ ဒီဘက်နိုင်ငံဟူသောအတွေးတွေ သူတို့၏ ခေါင်းထဲတွင် မရှိပေ။ အလုပ်လုပ်တာပဲဟာ ဘယ်မှာလုပ်လုပ် အတူတူပေါ့ဟူသော အတွေးကိုသာ သူတို့တွေးတတ်ကြသည်။ အကယ်၍ တစ်ဖက်နိုင်ငံ၏ ပိုင်နက်ထဲသို့ ရောက်သွားလျှင် အမိနိုင်ငံ၏အရိပ်အာဝါသအောက်မှ ကင်းလွတ်သွားပြီဆိုသည်ကိုလည်း သူတို့မစဉ်းစားတတ်။ မစိုးရိမ်တတ်ကြပေ။

အစ်မကြီးပြောသည့်အတိုင်းပင်ဖြစ်သည်။ မောင်ရှိပြူးမှပင် ရောက်



ကြတော့သည်။ သူတို့တွေလည်း ခရီးပန်းကာ နုံးနေပြီဖြစ်သည်။ အစ်မကြီးက သူတို့ကို ရေဆိပ်ကိုတန်းခေါ်လာပြီး စက်လှေစီးကာ မြစ်ကူးကြရပြန်သည်။

“ဒီချောင်းကလေးက ကူးလိုက်ရင် ဟိုဘက်နိုင်ငံ ရောက်သွားတာပဲ။ ဟိုဘက်က လူတွေလည်း ဒီဘက်မှာ အများကြီး၊ ဒီဘက်က လူတွေလည်း ဟိုဘက်မှာ အများကြီး၊ ဒီလိုပဲ ကူးလူးလုပ်ကိုင်နေကြရတာ။ အစ်မကြီးလည်း ဒီကိုရောက်စတုန်းက ဟိုဘက်နဲ့ဒီဘက်ကူးနေရတာပဲ။ လုပ်ရင်းကိုင်ရင်း ကြိုးစားရင်းနဲ့ အဆင်ပြေလာရတာ”

အစ်မကြီးက အပြောကောင်းသည်။

“ညီမလေးတို့တွေ့တဲ့အတိုင်း ဒီဘက်မှာက စတိုးဆိုင်တွေ စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေ အများကြီးရယ်။ အလုပ်အကိုင်တွေလည်း ပေါတယ်။ ညီမလေးတို့ကို နက်ဖြန်ကျရင် အလုပ်ရှင်တွေဆီမှာ အပ်ပေးလိမ့်မယ်”

“ဘာ အလုပ်ရှင်တွေလဲ…ဟင်”

“အများအားဖြင့်တော့ အစားအသောက်ဆိုင်တွေ၊ အလှကုန်ဆိုင်တွေ၊ အင်္ကျီဆိုင်တွေ အထည်ဆိုင်တွေပေါ့”

“ဒီလိုဆို ကျွန်မတို့ အတူတူမလုပ်ရဘူးလား ဟင်”

အေးမွန်က စိုးရိမ်တကြီးမေးသည်။ သူက ငါးတွေကိုသာ သတ်ရဲဖြတ်ရဲခြင်းဖြစ်သည်။ သူ့ကိုယ်သူ စာမတတ်ဘူးဟူသော အင်္ဂစိတ်က ရှိနေတော့ လူတောကိုတော့ ရဲရဲမတိုးရဲ၊ လူတွေကို သူကြောက်သည်။

“ဒါကတော့ အလုပ်ရှင်က သုံးယောက်ရင်လည်း သုံးယောက် ခေါ်ရင် ခေါ်မှာပါ။ သူတို့လာရင် လှလှပပ၊ ပြုံးပြုံးချိုချိုလေးနေ၊ မျက်နှာလေးတွေကို ရွှင်ရွှင်ချိုချိုထား ဟုတ်လား”

အစ်မကြီးက သင်သည်။ စုနွယ် ခေါင်းငြိမ့်သည်။ မည်သည့် အလုပ်ရှင်သည် မရွှင်မပြ ညှိုးလျှနေသောအလုပ်သမားကို လိုချင်ပါမည်နည်း။ ဒါကိုတော့ သူတို့နားလည်ပါသည်။

“အစ်မကြီးရဲ့အသိအိမ်က ကျဉ်းတယ်။ လွတ်လွတ်လပ်လပ် မရှိဘူး။ ညီမလေးတို့ ကောင်းကောင်းအိပ်ရအောင် တည်းခိုခန်းမှာ နေခဲ့ကြ။ အစ်မကြီး မနက်ကျတော့ စောစောလာခဲ့မယ်”

အစ်မကြီးက သူတို့သုံးယောက်ကို တည်းခိုခန်းတစ်ခုသို့ လိုက်ပို့သည်။ ခေါက်ဆွဲကြော်သုံးထုပ်လည်း ဝယ်ပေးခဲ့သည်။

သူတို့အိပ်ခန်းထဲရောက်တော့ ဆယ်နာရီကျော်နေပေပြီ။ နှစ်ယောက်အိပ် ခုတင်တစ်လုံးတည်းသာရှိသော်လည်း သူတို့သုံးယောက် အတူအိပ်လို့ရသည်။ ခုတင်ဘေးတွင် မှန်တင်ခုံရှိသည်။

“မှန်ကြီးက အကြီးကြီးပဲတော့”

အေးမွန်က ကိုယ်လုံးပေါ်မှန်ရှေ့တွင် သူ့ကိုယ်သူ ရှေ့ကြည့်လိုက် နောက်ကြည့်လိုက်၊ ဘယ်လှည့်ကြည့်လိုက် ညာလှည့်ကြည့်လိုက်နှင့် အူမြူးနေသည်။

နှင်းဆီမွှေးကတော့ မွေ့ရာအထူကြီးပေါ်တွင် လူးလှိမ့်ရင်း “ပါရာရာ ...ရား ရာဘုံ၊ ပါရာရာရား ရာဘုံ” ဟုအော်နေသည်။ မွေ့ယာကြော်ငြာထဲမှ အိန္ဒိယကျော်ဇင်အမူအယာမျိုး လုပ်နေခြင်းဖြစ်လေသည်။ မျက်နှာလုံးလုံး နှုတ်ခမ်းပြည့်ပြည့်၊ မျက်လုံးဝိုင်းဝိုင်းလေးနှင့်ပြောင်စပ်စပ်လုပ်ပြနေသော နှင်းဆီမွှေးသည် ကလေးလေးတစ်ယောက်လို ချစ်စရာကောင်းနေသည်။

“နှင်းဆီမွှေးရယ်...နင်ကတော့ ပျော်နေတာပဲ”

စုစုနွယ်က ပြောသည်။

“ဟင်...အစ်မရော မပျော်ဘူးလား။ အခု ကျွန်မတို့ နိုင်ငံခြား



ရောက်နေကြတာလေ”

သူပြောသည့် နိုင်ငံခြားကို တရားဝင်ရောက်ရှိနေခြင်းမဟုတ်ဘဲ စက်လှေနှင့် ခိုးဝင်ခဲ့ရခြင်းဖြစ်သည်ကို နှင်းဆီမွှေး နားမလည်ပေ။ သူများတိုင်းပြည် သူများနိုင်ငံ၊ သူများ၏ဥပဒေအောက်သို့ တရားမဝင်ခိုးဝှက်ပြီး ရောက်ရှိနေရခြင်းသည် မည်မျှမျက်နှာငယ်ပြီး မည်မျှအန္တရာယ်ကြီးကြောင်းကိုလည်း သူမသိပေ။ နက်ဖြန်မနက်ကျလျှင် အစ်မကြီး ရောက်လာမည်။ ကုန်တိုက်ကြီးတွေ ပန်းခြံကြီးတွေဆီသို့ လှလှပပ ကျော့ကျော့မော့မော့လေး လျှောက်ပြီး လည်ရ ပတ်ရဦးမည်ဟုလည်း မျှော်လင့်နေသည်။

“ငါကတော့ နည်းနည်းကြောက်နေတယ်”

“ဘာကိုလဲ”

“မြန်မာစကားပြောတဲ့လူလည်း တစ်ယောက်မှမတွေ့ဘူး”

“ရှိမှာပါ မကြုံသေးလို့ဖြစ်မှာပေါ့”

အေးမွန်နှင့် နှင်းဆီမွှေးက ခပ်ပေါ့ပေါ့ဝင်ဖြေသည်။ “ကျွန်မတို့ သုံးယောက်ထဲမှာ အစ်မက အသက်အကြီးဆုံး၊ နောက်ပြီးတော့လည်း အကြောက်တတ်ဆုံးဟု ပြောကာ တသောသောရယ်နေကြသည်။

“လူဆိုတာ အသက်ကြီးလာလေ ကြောက်တတ်လေပဲဆိုတာ နင်တို့ မကြားဖူးဘူးလား”

ခရီးဝေးကြီးကို တပင်တပန်းလာခဲ့ရသဖြင့် တုန်းကနဲ အိပ်ပျော်သွားမည်ထင်သော်လည်း စုစုနွယ် အိပ်မပျော်ချေ။ သူတို့သုံးယောက်ထဲမှာ သူက အသက်အကြီးဆုံးမို့ တကယ်ပင် အကြောက်တတ်ဆုံးဖြစ်ပြီး တောင်တွေး မြောက်တွေး တွေးနေမိလေသလား။

ရာသီဥတုအေးသဖြင့် ဂွမ်းစောင်ထူကြီးကို အတူဖြန့်ခြုံကာ ပူးပူးကပ်ကပ် အိပ်နေရသည်မှာ နွေးလှသည်။ သို့သော် အလည်တွင်အိပ်သော

နှင်းဆီမွှေးက အသက်ရှူသံပြင်းလှသည်။ ဟိုတစ်ဖက်မှ အေးမွန်ကလည်း မငြိမ်လှ၊ အံသွားကိုလည်း တကျိကျိ ကျိတ်နေသေးသည်။

“အစ်မကြီး နာမည်က ဘယ်သူပါလိမ့်”

အိပ်ပျော်လုဆဲဆဲတွင် စုစုနွယ်က ဖြတ်ကနဲတွေးလိုက်မိသည်။ နှင်းဆီမွှေး၏ အစ်မမို့ နှင်းဆီမွှေးခေါ်သလို အစ်မကြီးဟူ၍သာ လိုက်ပြီး ခေါ်ခဲ့ကြခြင်း ဖြစ်သည်။ သူ့အမည်က ဘယ်လိုခေါ်သနည်း။ သူနေတာက ဘယ်နေရာမှာနည်း။

“နှင်း ဆီ မွှေး”

စုနွယ်က တိုးတိုးခေါ်သည်။ နှင်းဆီမွှေးက တုတ်တုတ်ပင် မလှုပ်။

“ဟဲ့...နှင်း ဆီ မွှေး...နှင်း ဆီ မွှေး လို့ဆို”

“အင်...”

“ဟဲ့...နင်နိုးပြီလား”

“ဘာလဲ...မိုးလင်းပြီလား”

“နင့်...အစ်မကြီးနာမည်က ဘယ်လိုခေါ်လဲ”

“နာမည်လား...”

နှင်းဆီမွှေးက ဝါးကနဲ သန်းကာ အိပ်ချင်မူးတူးနှင့်ငေးနေသည်။

“အင်း...သူ့နာမည်က ဘယ်လိုခေါ်လဲလို့ဆို”

“အရင်တုန်းကတော့ မလှကျင်ပဲ”

“အခုရော...”

“အခုတော့ နာမည်ပြောင်းထားတယ် လှလှပပ ခေတ်ဆန်ဆန် ဖြစ်မှာပေါ့”

“ဘာတဲ့လဲ...”

“တစ်ခါပြောတာသိလိုက်တာပဲ...ဒါပေမယ့် မှတ်မထားမိပါဘူး”



“နေတော့ရော၊ နင် သူ့လိပ်စာ သိလား”

“ဟာ ဘယ်သိမှာလဲ”

နှင်းဆီမွှေးက ဝုန်းကနဲ ပြန်ပစ်လှဲလိုက်သည်။

“နင့်နဲ့အစ်မအရင်းလား....”

“ဘယ်...ဟုတ်ရမှာလဲ”

“ဘယ်နှစ်ဝမ်းကွဲသလဲ ဟင်”

“ဆယ်ဝမ်းလောက်ကွဲမှာပေါ့...တစ်ရွာထဲနေဖူးလို့ ဝမ်းကွဲအစ်မ လို့ ပြောတာ”

နှင်းဆီမွှေး ပြန်အိပ်ပျော်သွားသည်။

စုစုနွယ်ကတော့ တော်တော်နှင့် အိပ်မပျော်တော့ချေ။ နောက် တစ်နေ့ အစ်မကြီး ရောက်မလာလျှင် သူတို့ဘာလုပ်ရမည်နည်း။ အစ်မကြီး ကိုယ်စား ရုပ်ရှင်ထဲကလို လူကြီးတွေရောက်လာပြီး...ဘုရား...ဘုရား ။

*

နောက်တစ်နေ့မနက်စောစော အစ်မကြီးရောက်လာတော့ သူတို့ နိုးပင် မနိုးသေးချေ။ တံခါးခေါက်တော့မှ နိုးလာပြီး လူးလဲထကြရသည်။ နှင်းဆီ မွှေးနှင့် အေးမွန်က အိပ်ရေးဝကာ လန်းဆန်းတက်ကြွနေသော်လည်း စုစု နွယ် ကတော့ နုံးနေသည်။ မနေ့ညက အစိုးရိမ်တွေပိုကာ အိပ်၍ မပျော်နိုင် အောင် ဖြစ်နေသည်ကိုလည်း အစ်မကြီးပြန်သိသွားမှာ အားနာနေသည်။

“ဟယ်...အိပ်လိုက်ကြတာ မနည်းကို နှိုးယူရတယ်”

အစ်မကြီးက ရယ်ရယ်မောမောပြောသည်။ မနေ့တုန်းကလို ထဘီနှင့် မဟုတ်တော့ဘဲ စကပ်နောက်ကွဲဝတ်ထားသည်။ ညိုပြေပြေ

ဆံပင်ကောက်ကောက်များသည် သူ့ပခုံးပေါ်တွင် ဝဲနေသည်။

"အစ်မယောကျ်ားပါလာတယ်။ အင်္ကျီလဲပြီး ဆင်းခဲ့ကြပေါ့။ အစ်မကတော့ အောက်က ဧည့်ခန်းကပဲ စောင့်နေတော့မယ်"

အစ်မကြီးက သူတို့အတွက် အင်္ကျီနှစ်စုံစီပေးသည်။ "သူတို့ဆီရောက်တော့လည်း သူတို့လိုဝတ်မှ အဆင်ပြေမှာပေါ့ဟယ်"ဟု ပြောသွားသည်။ စကပ် ဘောင်းကွဲတစ်ထည်စီနှင့်ဂါဝန်တစ်ထည်စီဖြစ်သည်။ ဂါဝန်များမှာ လေဘေားထည်များနှင့် တူသော်လည်း အဆင်အသွေးလေးများ လှသည်။ ခါးနေရာတွင် ခါးစည်းကြိုးလေးများပါသဖြင့် အကျဉ်းအကျယ်ကို စိတ်တိုင်းကျ ချိန်၍ရသည်။

သကြၤန်ဘောင်းဘီပွပွကြီးနှင့်သာမြင်တွေ့ရလေ့ရှိသော နှင်းဆီမွှေးသည် အပြာရောင်အစက်အပြောက်လေးများ ပါသော ဂါဝန်ကားကားလေးနှင့် တသွေးတမွေး ဖြစ်နေသည်။ အေးမွန်က အညိုရောင်စကပ်ဘောင်းကွဲဝတ်ကာ စုစုနွယ်ကတော့ အနက်ရောင်ဘောင်းဘီကြပ်တစ်ထည်ကို ကောက်ဝတ်လိုက်သည်။ ဘောင်းဘီသားက ဆွဲသားဖြစ်၍ ကိုယ်လုံးအလှ ပေါ်လွင်လွန်းနေသဖြင့် အပေါ်ဖက်မှ တင်ပါးဖုံးသောအင်္ကျီကို ဝတ်လိုက်သောအခါမှ စိတ်လုံသွားသည်။

"ငါတို့အားလုံး လှတယ်တော့"

နှင်းဆီမွှေးက ဝမ်းသာအားရရေရွတ်နေသည်။ ခါးသေးပြီး ရင်ချီသော အပျိုစင်အလှက သိသိပေါ်လွင်နေသည်။ စုနွယ်တွင် ပါလာသော တောင်ကြီးမောက်မယ်သနပ်ခါးနှင့် ကရင်ပတ်(ဖ)ဘူးကို အားလုံးအတူ လိမ်းကြသည်။ နှုတ်ခမ်းနီဆိုးကြသည်။

သူတို့အောက်ဆင်းလာတော့ အစ်မကြီးက လှမ်းကြည့်ရင်း ပြုံးကြည်သွားသည်။



"နင်တို့တွေ ဒီလောက်လှမှန်း အခုမှ ပိုသိလာတယ်"

"လှတယ်...လှတယ်"

အစ်မကြီး၏ယောကျ်ားကလည်း ခေါင်းတညိမ့်ညိမ့်နှင့် ပြုံးချိုနေသည်။

"အခု အစ်မကြီးရဲ့ အသိအိမ်ကိုသွားမယ်။ အဲဒီမှာ ညီမလေးတို့ရဲ့ အလုပ်အတွက်ကိုယ်စားလှယ်တွေကိုတွေ့ရမှာပေါ့..."

ကုန်တိုက်တွေ၊ ပန်းခြံတွေ၊ ကစားကွင်းတွေကို သွားများ သွားရလေမလားဟု မျှော်လင့်မိသော်လည်း ဘယ်ကုန်တိုက်ကိုမှ မရောက်ခဲ့ပေ။ တိုက်ခန်းကျဉ်းကျဉ်းတစ်ခုသို့သာ ရောက်လာပြီး အိမ်ရှင်လင်မယားနှင့် အစ်မကြီးတို့ လင်မယား စကားတွေ အပြန်အလှန်ရေပက်မဝင်အောင် ပြောလိုက်ကြ ရယ်လိုက်ကြနှင့် စုနွယ်တို့လည်း တစ်လုံးမျှ နားမလည်ချေ။ ထိုနောက် လူတစ်ယောက် ရောက်လာသည်။ လက်မောင်းနှစ်ဖက်လုံးတွင် တရုတ် နဂါးပုံ ဆေးမင်ကြောင် ထိုးထားပြီး နှုတ်ခမ်းမွှေးစစနှင့်ဖြစ်သည်။ ခပ်ကုတ်ကုတ်ထိုင်နေသော စုနွယ်တို့ကို လှည့်ကြည့်ပြီး နေကောင်းလား"ဟု အသံခပ်ဝဲဝဲနှင့်နှုတ်ဆက်သည်။

ခဏနေတော့ အစ်မကြီးက ပြောသည်။

"ဒီက သူဌေးအိမ်တွေက အိမ်ဖော်တွေတော့လိုချင်နေတယ်တဲ့..ဒါပေမယ့် ငါ့ညီမတွေက အိမ်ဖော်လုပ်မယ့်သူတွေမှမဟုတ်တာနော်"

အစ်မကြီးက ခေါင်းလေးခါကာ ပြောတော့ သူတို့တစ်ဦးနှင့် တစ်ဦး တိုင်ပင်သလို လှမ်းကြည့်မိကြသည်။ ထိုအလုပ်တော့ မလုပ်ချင်။

"နှင်းဆီလေးတောင်မှ ဒီထက်ကောင်းတာလုပ်ချင်လို့ စွန့်စွန့်စားစား လိုက်လာတာမဟုတ်လား အစ်မကြီးသိတာပေါ့ကွယ်"

အစ်မကြီးက ဆေးမင်ကြောင်နှင့် သူတို့နားမလည်သော စကား

တွေကို အပြန်အလှန်ပြောပြန်သည်။ အစ်မကြီးယောကျ်ားရော အိမ်ရှင်လင်မယားရော၊ တစ်ယောက်တစ်ပေါက်နှင့် ဝင်ပြီးပြောကြ၊ ငြင်းကြနှင့် ဆူညံနေသည်။ မျက်နှာငယ်လေးတွေနှင့် စိတ်ညစ်နေကြသော သူတို့ သုံးဦးကို အစ်မကြီးက "စိတ်မညစ်နဲ့၊ တစ်ခုမဟုတ်တစ်ခုတော့ အဆင်ပြေမှာပါ။ အစ်မကြီး လုပ်ပေးပါ့မယ်" ဟု မျက်နှာချိုချိုလေးနှင့် လှည့်၍၊ လှည့်၍ အားပေးတတ်သည်။ နာရီဝက်လောက်ကြာ ပြောဆိုပြီးတော့ –

"နည်းနည်းဝေးတဲ့ မြို့က အထည်ဆိုင်မှာ ရမယ်လို့တော့ ပြောတယ် ညီမလေးရေ" ဟု ပြောလေသည်။

"ဝေးတယ်၊ ဟုတ်လား"

"ဒီကနေကားစီးသွားရမယ်။ အဲဒီမှာတော့ တစ်နှစ်လောက် လုပ်ရင်ကို အသားတင်လေးငါးသိန်းလောက်စုမိတယ် ညီမလေးရဲ့၊ နည်းနည်းဝေးတဲ့ နေရာဆိုတော့ ပိုက်ဆံပိုရတာပေါ့။ သူတို့က မြန်မာအလုပ်သမားဆိုရင် သိပ် ကြိုက်တာတဲ့။ ပြောလို့ဆိုလို့လည်း နာခံတယ်။ လှလည်း လှတယ်မဟုတ်လား။ နောက်ပြီး အစ်မကြီးတို့မြန်မာတွေက အလုပ်ကြိုးစားတယ်လေ"

အစ်မကြီး၏မျက်နှာက ချိုနေသည်။ အိမ်ရှင်လင်မယားကလည်း ပြုံးနေသည်။

"ဒီလောက်အဝေးကြီးကိုတော့ ထပ်ပြီးမသွားချင်တော့ပါဘူး။ နောက်ပြီး သူများနိုင်ငံကြီးမှာ"

စုစုနွယ်က ခေါင်းယမ်းသည်။ အေးမွန်နှင့်နှင်းဆီမွှေးကတော့ မျက်နှာငယ်လေးတွေနှင့်ဖြစ်နေကြသည်။ သူတို့ကတော့ ဒီလောက်အဝေးကြီး လာခဲ့ပြီးမှ လှည့်မပြန်ချင်။

"အစ်မကြီးပြောတော့ ဒီဘက်မှာအလုပ်ပေါတယ်ဆို"



"ဝေးတော့ ဝေးတာပေါ့ ညီမရယ်၊ ဒါပေမယ့် တစ်နှစ်နေလို့ တစ်သိန်း နှစ်သိန်း စုမိမယ့်အစား လေးငါးခြောက်သိန်းစုမိတော့ ပိုမကောင်းဘူးလား၊ အစ်မကြီးက ကောင်းစေချင်လို့ပြောတာပါ။ ပိုက်ဆံလိုချင်လို့ လာလုပ်ကြတာပဲဟာ နည်းနည်းဝေးတာနဲ့ များများဝေးတာပဲ ကွာတာ။ ကိုယ့်အိမ်နဲ့ဝေးတာတော့ ဝေးနေပြီပဲ မဟုတ်လား။ ပိုက်ဆံပိုရတဲ့နေရာမှာ လုပ်တော့ ပိုရတာပေါ့။ ပိုပြီးတော့လည်း စုမိတာပေါ့..."

ပိုက်ဆံသံကြားတော့ စုနွယ်လည်းငိုင်သွားသည်။ အေးမွန်နှင့် နှင်းဆီမွှေးကလည်း အသာလက်ကုတ်နေကြသည်။

"တချို့တွေများ အဲဒီမှာ အိမ်ထောင်တွေဘာတွေကျပြီး ကလေးတွေ ဘာတွေရလို့ ကြီးပွားနေကြတာ။ မြန်မာပြည်တောင် မပြန်ချင်ကြတော့ဘူး"

အစ်မကြီး၏ ယောကျ်ားက တဟားဟား ရယ်ကာ "ဒီကယောကျ်ား ကောင်းတယ်နော်။ အားကြီးသစ္စာရှိတယ်"ဟု ဝင်ပြောသည်။ ဆေးမင်ကြောင်နှင့် လူကလည်း ရယ်နေသည်။

"အစ်မရယ် ကျွန်မတို့ အဝေးကြီးလာခဲ့ကြပြီပဲဟာ နောက်ထပ်နည်းနည်း ထပ်ဝေးတော့ရော ဘာဖြစ်သေးလဲ၊ ကျွန်မကတော့ နှစ်နှစ်၊ သုံးနှစ်လောက် ကျိတ်မှိတ်လုပ်ပြီး အရင်းအနှီးရမှပြန်မယ်"

နှင်းဆီမွှေးက တီးတိုးပြောနေသည်။ အေးမွန်ကတော့ "ကျွန်မတို့ အတူတူသွားရမှာ မဟုတ်လားဟင်" ဟူ၍သာ စိုးရိမ်တကြီးနှင့် ထပ်ခါထပ်ခါ မေးနေလေသည်။

"နင်တို့ကိုအတူတူခေါ်သွားမှာပါ"

ဆေးမင်ကြောင်က ပြောသည်။

"ဟိုကျတော့ရော အတူတူနေရမှာလား...ဟင်"

သူတို့က စိုးရိမ်တကြီးဖြစ်နေကြလေသည်။ ဒီသုံးယောက် မကွဲချင်၊ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်အားကိုးနေကြသည်။

"အလုပ်လုပ်တော့ရော အတူတူလုပ်ရမှာလား"

"ဒါကတော့ ညီမလေးရယ် ကိုယ်က ဘယ်သူဌေးနဲ့အဆင်ပြေပြီး ဘာအလုပ်လုပ်ဖြစ်မယ်ဆိုတာ ဟိုကျမှသိရမှာမဟုတ်လား အတူတူနေရရင်လည်း နေရမယ်၊ တခြားစီနေရရင်လည်း နေရမယ်။ ကံသေကံမတော့ ပြောလို့ မရဘူးပေါ့။ ဒါပေမယ့် ဘာပဲပြောပြော အဲဒီမှာ မြန်မာ မိန်းကလေးတွေ အများကြီးရှိပါတယ်။ ညီမလေးတို့ထက် အရင်ရောက်နေတဲ့သူတွေ အိမ်ထောင်တွေ အတည်တကျနဲ့ သားသမီးတွေ ဘာတွေရနေတဲ့သူတွေတောင် ရှိနေကြတာပဲ"

အစ်မကြီးက ရှင်းပြသည်။ သူတို့က အိမ်ကို စာရေးချင်သည်ဟု ဆိုတော့ အစ်မကြီးက အကြောင်းစုံကို အေးအေးဆေးဆေး ရေးကြ၊ သူကိုယ်တိုင် စာတိုက်သွား၍ မှတ်ပုံတင်ပြီး ထည့်ပေးလိုက်မည်ဟု ပြောသည်။ စုနွယ်က အမေနှင့်မောင်လေးဆီ၊ နှင်းဆီမွှေးက ရွာက မိသားစုဆီ၊ အေးမွန်ကလည်း အဒေါ်ဝတုတ်နှင့် ဂျပန်မဆီ(စုနွယ်ကတော့ အေးမွန် ပြောသည်ကို လိုက်ရေးပေးသည်)သို့ အသီးသီးရေးကြပြီး စာအိတ်တွင် လိပ်စာအသေအချာ ရေးကာ အစ်မကြီးလက်ထဲ အပ်လိုက်ကြသည်။

"ကဲ...သူက မြန်မာစကား တော်တော်လေးပြောနိုင်ပါတယ်။ ညီမလေးတို့ကို အသေအချာ လိုက်ပို့ပြီး အလုပ်ရတဲ့အထိကူညီလိမ့်မယ်။ စိတ်ချလက်ချလိုက်သွား"

အစ်မကြီးက သူတို့ကို ပန်းသီးငါးလုံးစီဝယ်ပေးလိုက်သည်။ တရုတ်ပဲမုန့်တစ်ထုပ်စီလည်း ပေးလိုက်သည်။ ဂွမ်းကပ်အင်္ကျီနှင့် ဘောင်းဘီ တစ်စုံစီလည်း ဝယ်ပေးလိုက်သည်။



"ဒါကြီးတွေဝတ်ရအောင် မြောက်ဝင်ရိုးစွန်းကို သွားရမှာမို့လား မသိဘူး" ဟု စုနွယ်က တွေးရင်းပြုံးလိုက်မိသေးသည်။ သူတို့ကို "လိမ်လိမ်မာမာ နေကြနော်" ဟု ပြောပြီး ကားကြီးဆီသို့လိုက်ပို့ကာ လက်ပြ၍ကျန်ခဲ့သည်။

"နိုင်ငံခြားဆိုတာ ဒီလိုအစ်မရ"

နှစ်ထပ်ဘတ်(စ်)ကားကြီးက အိပ်စင်နှင့်ဆိုတော့ သက်သောင့်သက်သာ ရှိလှသည်။ နှင်းဆီမွှေးက အိပ်စင်ပေါ်မှာအိပ်ရင်း ပန်းသီးကိုက်ခါ ကျေနပ် နေသည်။

အေးမွန်ကတော့ ပန်းသီးမွှေးမွှေးကို အသာရှိုက်နမ်းရင်း ကျော်ကျော်နှင့်ဖော်ဖော်ကို သတိရသည်။ မောင်လေးတွေက ပန်းသီး စားဖူးချင်လိုက်တာ အစ်မရာ" ဟုပြောဖူးသည်။ သူအိမ်ပြန်လျှင် ပန်းသီးတွေဝယ်သွားဦးမည်။ မောင်လေး နှစ်ယောက်ကို အဝကျွေးမည်။ အဒေါ်ဝတုတ်တို့ ဂျပန်မတို့ကိုလည်း ကျွေးမည်။ အဖေ့ကိုရော...အင်း...အဖေ့ကိုလည်း ကျွေးပါ မည်လေ။

စုနွယ်ကတော့ မြန်မာပြည်ဘက်ကိုရည်မှန်းကာ လက်အုပ်ချီ ကန်တော့သည်။ အစစအရာရာအဆင်ပြေနိုင်ပါစေဟု ဆုတောင်းသည်။

သို့သော် သူတို့မသိတာတွေ အများကြီးရှိနေသည်ကို သူတို့မသိကြပေ။

ဆေးမင်ကြောင်က အစ်မကြီးတို့လင်မယားကို ငွေတွေ အများကြီး ပေးလိုက်သည်ကို သူတို့မသိ။

အစ်မကြီးတို့လင်မယားက သူတို့အား အချိုသတ်အယုံသွင်းကာ ရောင်းစားလိုက်ပြီဟုဆိုသည်ကိုလည်း သူတို့မသိ။

ရုပ်ရည်ချောမောသော အပျိုစင်လေးများဖြစ်၍ ဈေးကောင်း

ကောင်း ရလိုက်သည်ကိုလည်း သူတို့မသိ။

အစ်မကြီး၏လက်ထဲသို့ပေးခဲ့သောစာများ အမှိုက်ပုံးထဲ ရောက်သွားပြီဆိုသည်ကိုလည်း သူတို့မသိကြပေ။

*

နှင်းမှုံတွေ တဖွားဖွားကျပြီး အုံ့ဆိုင်း ညှို့မှိုင်းနေသော နေ့တစ်နေ့တွင် သူတို့ကို သယ်ဆောင်လာသော နောက်ပွင့်ကားကြီးသည် သူတို့အလုပ်လုပ်ရမည့် ရွာထဲသို့ တအိအိဝင်ရောက်လာသည်။ ရိုးတံကျဲကျဲရှည်ရှည်ကိုင်းကိုင်း အပင်ကြီးများပေါ်တွင် နှင်းများခဲပြီး ဖွေးဖွေးလှုပ်နေသည်။ အချို့ အကိုင်းများပေါ်တွင် နှင်းဖတ် နှင်းခဲများ တွဲရရွဲကျနေရာ ဝါဂွမ်းတွေ ကပ်ထားတာနှင့် တူနေသည်။

အစ်မကြီးက သိပ်မဝေးပါဘူးဟု ပြောလိုက်သော်လည်း သူတို့ လာခဲ့ရသည်မှာ လေးညနှင့်သုံးရက်ရှိပြီဖြစ်သည်။ ကားစီးလိုက်၊ ရထားစီးလိုက်နှင့် အဆင့်ဆင့်ပြောင်းကာစီးခဲ့ရပြီး ရာသီဥတုကလည်း တဖြည်းဖြည်း အေးသည်ထက် အေးလာသည်။ အစ်မကြီးပေးလိုက်သော ဂွမ်းကပ်အင်္ကျီကြီးတွေ ဝတ်ထားပါလျက်နှင့် ချမ်းပြီးတုန်နေသည်။ ရောက်နိုးရောက်နိုးနှင့် ဘယ်ကိုသွား၍ ဘယ်တော့ရောက်မည်ကို မသိရသော ခရီးရှည်ကြီးကို သွားနေရ၍ လူရော စိတ်ပါ ပင်ပန်းပြီး နွမ်းနယ်နေကြသည်။

ဆေးမင်ကြောင်ကလည်း မေးသမျှ ဖြေသည် မဟုတ်ချေ။ ဖြေချင်သောအခါမှ ဖြေပြီး သူမဖြေချင်လျှင် မကြားသလို လုပ်နေတတ်လေသည်။ လူမျိုး မတူ ဘာသာစကားခြားနားသောလူများကြားထဲတွင် ပိုက်ဆံလည်း တစ်ပြား တစ်ချပ်မှ မရှိသောသူတို့သည် ဆေးမင်ကြောင် ဦးဆောင်



ခေါ်ရာ နောက်သို့ တကောက်ကောက်လိုက်ခဲ့ကြရသည်မှအပ ဘာမှမလုပ်တတ်။

“အစ်မကြီးပြောသလို ပိုပြီးဝေးတော့ ပိုပြီး ပိုက်ဆံရမယ် ထင်ပါရဲ့ဟာ”

သူတို့တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် အားပေးနေရသော်လည်း စိတ်ဓာတ်ကတော့ တဖြည်းဖြည်း ကျလာသည်။ အေးမွန်ကတော့ အစ်မကြီးကိုရည်မှန်းကာ “ဗိုင်းတာမကြီး” ဟု ရေရွတ်ကာ မကြာခဏ မေတ္တာပို့နေတတ်လေသည်။ “ဒီလောက်တောင်ဝေးတာ ဒီလောက်တောင် အေးတာကို သိရက်သားနဲ့ ငါတို့ကို ဘာလို့ညာလွှတ်တာလဲ” ဟု မကြေမနပ်ပြောနေသည်။ စုစုနွယ်ကတော့ “ဝေးလွန်းလို့ အလုပ်သမားရှားပါးတဲ့နေရာဖြစ်မှာပါ” ဟု အားတင်းထားသည်။ အစ်မကြီးပြောသလို မြန်မာအလုပ်သမားများသည် ကြိုးစားသည် နာခံလွယ်သည် မဟုတ်ပါလား။

“ရောက်တော့မယ်”

ဆေးမင်ကြောင်က ပြောတော့ သူတို့ ခေါင်းထောင်ကြည့်ကြသည်။ အုတ်နီခဲနှင့်ဆောက်ထားသော်လည်း သက်ကယ်လိုလို မြက်ပင်ရှည်များ မိုးထားသော မြေစိုက်အိမ်ပုပုလေးများသည် တဖွားဖွား ကျနေသော နှင်းမှုန်များအောက်တွင် ငြိမ်သက်စွာ ဝပ်စင်းနေကြသည်။ အချို့ အိမ်နံရံများသည် ဘိလပ်မြေ ကိုင်ထားသော်လည်း အချို့အိမ်နံရံများကို ကား ရွှံ့နှင့်မံထားသည်။

“ဘုရားရေ…ကျွန်မတို့အလုပ်လုပ်ရမယ့် နိုင်ငံခြားဆိုတာ ဒါပဲလား ဟင်…”

နှင်းဆီမွှေးက တအံ့တသြ ရေရွတ်သည်။ သူ၏အိမ်မက်ကမ္ဘာ

ထဲမှ နိုင်ငံခြားဟူသည်မှာ အဆောက်အအုံအမြင့်ကြီးများ ဖြစ်သည်။ လှပ မွေးပျံ့ပြီး ခေတ်မီဆန်းသစ်သည်။ ဓာတ်လှေကားတွေ ဆင်းလိုက် တက်လိုက် စက်လှေကားတွေ မြင့်လိုက်နိမ့်လိုက်နှင့်၊ သန့်ပြန့်မွှေးကြိုင်နေသော လူများသည်လည်း ပျားပန်းခတ်လှုပ်ရှားနေသည်။ အခုတော့....။

နံရံကို ရွှံ့နှင့်သရိုးကိုင်ထားသော အိမ်တစ်အိမ်ရှေ့တွင် ကားကို ထိုး၍ ရပ်လိုက်ပြီး ဆေးမင်ကြောင်က ဆင်းသွားသည်။ အိမ်ထဲမှ ထွက်လာသူ အဘိုးကြီးတစ်ယောက်နှင့် ဖက်လှဲတကင်း နှုတ်ဆက်ကာ ကျယ်ကျယ်လောင်လောင် စကားပြောနေသည်။ အဘိုးကြီးက ကားနားရောက်လာပြီး သူတို့ကို ကုန်း၍ ကြည့်သည်။ ဆေးမင်ကြောင်က တဟားဟားရယ်ရင်း "ဟဲ့..ဆင်းကြလေ" ဟု ခပ်ငေါက်ငေါက်ပြောလေသည်။ ဟိုအိမ်က ဒီအိမ်က နည်းနည်းချင်း ထွက်လာသော လူများသည် ကားနားသို့ ဝိုင်းအုံလာသည်။ မျက်စိ မျက်နှာပျက်နေသော စုန္ဒယ်တို့သုံးဦးကို အထက်ဆန်အောက်ပြန် အသေအချာကြည့်ရင်း စကားတွေ ကျွတ်ကျွတ်ညံအောင် ပြောနေကြသည်။

"ကျွန်မတို့က ဒီမှာ ဘာအလုပ်လုပ်ရမှာလဲ"

စုန္ဒယ်က ဆေးမင်ကြောင်ကိုကြည့်ကာ ခပ်မာမာမေးလိုက်သည်။ သို့သော် သူ့အသံက တုန်ယင်ချောက်ကပ်နေကြောင်း သူသိသည်။

"တောင်ယာ"

"ဟင်"

"သူတို့တွေက နင်တို့ရဲ့အလုပ်ရှင်တွေပဲ"

မျက်ပေါက်ကျဉ်းကျဉ်းနှင့် ယောကျ်ားသုံးဦးကို ညွှန်ပြသည်။ ဂွမ်းကပ်အင်္ကျီ ခပ်နွမ်းနွမ်းတွေ ဝတ်ထားသောသူတို့ကို ကြည့်ရသည်မှာ အလုပ်ရှင်သူဌေးနှင့်လုံးဝမတူ အလုပ်ကြမ်းသမားများနှင့်သာ တူသည်။

"နင်တို့ သူတို့အိမ်မှာနေရမယ် တောင်ယာကူလုပ်ရမယ်"



"ကျွန်မတို့က ဈေးရောင်းပေးဖို့လာတာလေ။ ဈေးရောင်းရမယ် ဆို..."

"ဒီမှာ ဈေးဆိုင်မရှိဘူး"

ဆေးမင်ကြောင်က ခပ်ပြတ်ပြတ် ပြောသည်။ ခဏနေတော့ ကားပေါ်တက်ကာ ပြန်ထွက်သွားလေသည်။

"တောင်ယာ တောင်ယာ ဆိုတာ ဘာလုပ်ရမှာလဲ"

စုန္ဒယ်က အပြေးအလွှား စဉ်းစားသည်။ တောင်ယာဆိုတော့ ဂျုံတွေ ပြောင်းတွေ မြေပဲတွေစိုက်ရမှာလား။ ကောက်စိုက်ရမှာလား၊ စပါး နှုတ်ရမှာလား၊ မြက်ပင်တွေ ရှင်းရမှာလား၊ အသီးအနှံတွေခူးရမှာလား။

"အစ်မ..."

နှင်းဆီမွှေး၏အသံက ငိုသံပါနေသည်။

"ကျွန်မတို့ ဘာလုပ်ကြမလဲ ထွက်ပြေးကြမလား"

စုန္ဒယ်မဖြေတတ်။ အေးမွန်ကိုလှမ်းကြည့်လိုက်တော့ မျက်ရည် သုတ် နေသည်ကိုတွေ့ရသည်။

"ဒီအချိန်ကျမှတော့ နင်တို့ဘာမှလုပ်လို့မရတော့ဘူး"

မြန်မာစကား ပီပီသသကြားလိုက်ရ၍ သူတို့ခေါင်းတွေ ချာကနဲ လည်သွားသည်။ စုန္ဒယ်ထက် အနည်းငယ်ကြီးဟန်ရှိသော မိန်းကလေး တစ်ယောက်ကို တွေ့ရသည်။ ဝတ်စားထားပုံအရ ဟိုဖက်နိုင်ငံက ဟိုဖက် လူမျိုးဟုပင် ထင်ရသည်။ သို့သော် အသေအချာကြည့်တော့ အသား အနည်းငယ် ညိုနေသည်။

"ငါ့နာမည်က လင်းလင်း...မြောက်ဥက္ကလာမှာ နေတာ။ နင်တို့ လိုပဲ ရောက်လာတာ သုံးနှစ်ရှိနေပြီ၊ အခုတော့ သူတို့စကားလည်း ပြော တတ်နေပြီ"

လင်းလင်းက သူတို့ကို အားပေးသလို ပြုံးရယ်ပြသည်။

"ဒီအထိရောက်လာပြီးမှ နင်တို့ထွက်ပြေးလို့လည်း မလွယ်ဘူး။ မြန်မာပြည်နဲ့လည်း ဝေးလှပြီ။ ငါလည်း ထွက်ပြေးမလို့ စဉ်းစားတာပဲ။ ဒါပေမယ့် ခုထိ မပြေးနိုင်သေးဘူး"

လင်းလင်းကို သူတို့၏အလုပ်ရှင်ဆိုသောသူများက တစ်စုံတစ်ခု လှမ်းပြောကြသည်။ လင်းလင်းက သက်ပြင်းချသည်။

"သူတို့ကပြောနေတယ်။ နင်တို့ကို သူတို့ဝယ်ထားလိုက်ပြီဆိုတာ နင်တို့သိရဲ့လား...တဲ့"

"ဘာပြောတယ်၊ ငါတို့ကို ဘယ်သူက ရောင်းလို့ သူတို့က ဝယ်ရတာလဲ"

"နင်တို့မိဘတွေကိုပေးဖို့ ပိုက်ဆံတွေ သူတို့ပေးလိုက်ပြီးသားတဲ့။ ဒီမှာ ငါပြောမယ်၊ နင်တို့ကို နယ်စပ်အထိဘယ်သူခေါ်လာလဲ။ အဲဒီ ခေါ်လာတဲ့သူက အဲဒီပိုက်ဆံကိုယူသွားမှာပဲ။ အဲဒီသူက နင်တို့ကို ရောင်းလိုက်တာပဲ"

"ပြိတ္တာမကြီး...သရဲမကြီး...ဖိုင်းတာမကြီး"

အေးမွန်က ပြစ်ပြစ်နှစ်နှစ်ဆဲသည်။ ထို့နောက် ဟီးချ၍ ငိုသည်။ စုနွယ်ကတော့ ခေါင်းထဲတွင် ချာချာလည်သွားသည်။ ဘုရား...ဘုရား သူတို့ကို ရောင်းစားလိုက်သည်တဲ့။ ကြက်တွေ၊ ငှက်တွေ၊ ဝက်တွေ တိရစ္ဆာန်တွေကို ရောင်းသလို လူတွေကို လူစင်စစ်တွေကို ရောင်းစားလိုက်တဲ့၊ ကိုယ့်မြန်မာ အမျိုးသားချင်း လုပ်လည်း လုပ်ရက်လွန်းသည်၊ လိမ်လည်း လိမ်ရက်လွန်းသည်။

"ငါ...ငါ...တို့...ဘာလုပ်ရမလဲ"

လင်းလင်းက ပြောရမှာ အားနာနေဟန်နှင့် သူတို့ကို ငေးကြည့်နေ



သည်။

"သူတို့...အဲ...သူတို့တွေက နင်တို့ကို သူတို့ရဲ့မိန်းမလုပ်ဖို့ ဝယ်လိုက်တာလေ၊ ငါပြောတာ...အဲ...ငါပြောတာနားလည်တယ်မဟုတ်လား။ နင်တို့... အဲ...နင်တို့တွေက သူတို့ရဲ့မိန်းမတွေဖြစ်..."

"ဘာ..."

နှင်းဆီမွှေးက တအားအော်သည်။ သူ့လက်ထဲတွင် ဆွဲထားသော မြွေရေခွံအိတ်ကလေးကိုလွှတ်ချလိုက်ပြီး တရှိန်ထိုးထွက်ပြေးသည်။

"သူ...အဲဒီလိုလုပ်ရင် အရိုက်ခံရလိမ့်မယ်"

လင်းလင်းက စုနွယ်ကို လှမ်းပြောသည်။

"ငါလည်း သူတို့ထဲက တစ်ယောက်ယောက်ကိုယူရတယ်၊ သူတို့က ကလေး လိုချင်တယ်။ ကလေးမွေးပေးပြီးရင် ပြန်ပို့ပေးမယ်လို့တော့ ပြောတာပဲ။ ငါက ခုထိကလေးမရလို့၊ ငါ့ယောက္ခမကြီးလည်း စိတ်ဆိုးနေပြီ။ ငါလည်း အခွင့်သာရင် ကိုယ့်တိုင်းပြည်ကို ကိုယ်ပြန်ချင်တာပဲ...ဒါပဲ ငါနဲ့ နင်နဲ့ စကား ကြာကြာ ပြောနေရင် သူတို့ကြိုက်မှာမဟုတ်ဘူး"

လင်းလင်းက ရှောင်ထွက်သွားသည်။

စုနွယ်၏ခေါင်းထဲမှာ ချာချာလည်နေသလို မျက်လုံးတွေလည်း ပြာဝေနေသည်။ အမေကပြောခဲ့သည်၊ "အမေ့ မျက်စိကွယ်ရာ နားကွယ်ရာမှာ အမေ စိတ်မချပါဘူး သမီးရယ်"တဲ့။ သူက "သမီးကိုယ်သမီး စောင့်ရှောက်နိုင်ပါတယ် အမေရဲ့"ဟု အထင်ကြီးတစ်ခွဲသားနှင့်ပြန်ပြောခဲ့သည်။ အခု ဒုက္ခရောက်တော့ မည်။ သူ့ကိုယ်သူ ဘယ်လိုစောင့်ရှောက်ရမည်နည်း။ အမေ...အမေသမီးကို မကယ်နိုင်ဘူးလား။

သူ့ပခုံးကို တဖြတ်ဖြတ်ပုတ်လိုက်တော့ စုနွယ်တုန်သွားသည်။ မျက်နှာ ဝိုင်းဝိုင်းနှင့်လူကြီးက သူ့ကို ခပ်ပြုံးပြုံးကြည့်နေသည်။ "သွားကြစို့"

ဟူသော သဘောနှင့် လက်ပြသည်။

အမေရယ်…သမီးကို မကယ်နိုင်တော့ဘူးလား……။

*

သူ့ကိုယ်သူ သတိမေ့သွားတာလား။ အိပ်ပျော်သွားတာလားကိုပင် အသေအချာ မသိ။ ခိုက်ခိုက်တုန်အောင်ချမ်းအေးနေသောအသိနှင့်အတူ အေးမွန် လန့်နိုးလာသည်။ သူ့တစ်ကိုယ်လုံးလည်း နာကျင်ကိုက်ခဲကာ မူးဝေနေသည်။ ဘာကိုမှလည်း မမြင်ရ၊ သူ၏အသိဉာဏ်တွေ ထုံထိုင်းကာ သိစိတ်တွေ ပျောက်နေသလို ဖြစ်နေသည်။ သူ့ကိုယ်သူ ဘယ်နေရာရောက်ပြီး ဘာဖြစ်နေသနည်း အသေအချာ စဉ်းစား၍မရပေ။

အမှောင်ထုကို အသိမဲ့စွာ စူးစိုက်ကြည့်နေရင်း သူ့အနားတွင် ကပ်လျက် ကြားနေရသော အသက်ရှူသံပြင်းပြင်းကြီးတစ်ခုကို သတိထားမိသည်။ ထိုနောက် သူ၏ရင်ပတ်ပေါ်တွင် ကန့်လန့်ဖြတ်လျက် တင်ထားသော လက်ကြီးတစ်ဖက်ကို စမ်းမိသည်။ အေးမွန်က ထိုလက်ကြီးကို ကြောက်လန့်တကြားနှင့် တွန်းချလိုက်ပြီး တစ်ဖက်ကို လှိမ့်ထွက်လိုက်သည်။

“ဘုရား…ဘုရား…ငါ…ငါ”

အေးမွန်က နံရံထောင့်တွင် ကပ်ရင်း အလုံးစုံကို ချက်ချင်းသတိရသွားသည်။ မျက်လုံးအိမ်တွင် မျက်ရည်တွေ ချက်ချင်းပြည့်ကာ ဖြိုင်ဖြိုင်စီးကျလာသည်။ အဒေါ်ယောကျ်ားကြီးကို ပုလင်းဖင်ပြတ်နှင့် ရေတက်ကျည်ပွေ့ကိုင်ကာ ခုခံနိုင်ခဲ့သောသူသည် အခုတော့ လူမျိုးခြားကို အရှုံးပေးခဲ့ရပြီဖြစ်သည်။

“အစ်မစုန္ဒယ်နဲ့နှင်းဆီမွှေးရော ဘယ်လိုဖြစ်ကုန်ကြမလဲမသိဘူး။



ငါ့လိုပဲ နေမှာပဲ”

သူတို့ ဒီကိုရောက်လာသည်မှာ တစ်ရက်တည်းသာ ရှိသေးကြောင်း တွေးရင်း အေးမွန်သည် တိတ်တိတ်ကလေးကျိတ်ပြီး ရှိုက်နေသည်။ မနက်တုန်းက ရောက်ရောက်ချင်း သွေးရူးသွေးတန်းနှင့် ထွက်ပြေးသော နှင်းဆီမွှေးကို သတိရသည်။ တုတ်တုတ်ခိုင်ခိုင်လူကြီးနှစ်ဦးက အတင်းပြန်ပြီး ဆွဲခေါ်လာသည်။ နှင်းဆီမွှေးက သူတို့လက်ကိုကုန်းကိုက်တော့ ဘယ်ပြန်ညာပြန် ပါးချခံရပြီး ခွေကနဲ လဲသွားသည်။ ထိုနောက် ကြမ်းတမ်းစွာ ဆွဲခေါ်သွားသည်။

နှင်းဆီမွှေး၏အဖြစ်ကို မြင်လိုက်ရတော့ အစ်မစုန္ဒယ်ရော၊ အေးမွန်ပါ ထွက်ပြေး၍ လွတ်နိုင်ချေ မရှိသည်ကို ချက်ချင်း သဘောပေါက်သွားသည်။ ကလန် ကဆန်လုပ်လျှင်လည်း တစ်ယောက်နှင့်အများမို့ အသားနာ ရုံသာရှိမည်ဟု ဆိုသည်ကို နားလည်သွားပြီး ဦးခေါင်းငိုက်စိုက်ကျသွားကြသည်။

အေးမွန် လိုက်လာရသော အိမ်တွင် အဘိုးကြီး အဘွားကြီး နှစ်ယောက်ကို ဦးစွာတွေ့ရသည်။ မျက်နှာထားဆိုးသော်လည်း ရိုက်မောင်းပုတ်မောင်း လုပ်မည့် ဟန်တော့မရှိ။ သူတို့၏သားက အသက်သုံးဆယ်ကျော်ခန့်ရှိပြီး အနည်းငယ် သွားခေါလေသည်။ အေးမွန်သည် ငြိမ်ငြိမ်ကုတ်ကုတ်လေး ထိုင်ရင်း ငါ့ကို ဘယ်သူက ယူမှာလဲ။ အဘိုးကြီးလား၊ သူ့သားလား ဟု ကြောက်ကြောက် လန့်လန့်နှင့် စဉ်းစားကာ မျက်ရည်ကျနေသည်။ အဘွားကြီးက အေးမွန်၏ရှေ့တွင် လာထိုင်ကာ စကားတွေပြောသည်။ အဘိုးကြီးကိုလည်း ပြသည်။ သူ့သားကိုလည်း ပြသည်။ အေးမွန်ကို လက်ညှိုးထိုးကာ ပိုက်ဆံတစ်ရွက် ထုတ်ပြီး ပုတ်ပြသည်။ အေးမွန် တစ်လုံးမျှ နားမလည်ချေ။ နောက်ဆုံးတော့ အဘွားကြီးက အေးမွန်ကို စကား

ပြောရန် မကြိုးစားတော့ဘဲ အဝတ်တစ်ထုပ် ချပေးကာ လျှော်ခိုင်းသည်။

စည်ပိုင်းပြတ်ထဲက ရေများသည် မခဲသေးသော်လည်း အပေါ်ယံအလွှာ တင်းကာ စိမ့်စိမ့်အေးနေသည်။ အေးမွန်သည် ထုံကျင်အေးစက်နေသော လက်ချောင်းများနှင့် အဝတ်ထုပ်ကို ဖြည်သည်။ ယောကျ်ားအင်္ကျီများနှင့် မိန်းမ ဘောင်းဘီပွပွကြီးများပါ ရောထည့်ထားသည်ကို တွေ့ရသည်။ ကိုယ့်ပြည် ကိုယ့်ရွာမှာကား ယောကျ်ားအင်္ကျီသတ်သတ်၊ မိန်းမထဘီ သတ်သတ် လျှော်နေကျမို့ အေးမွန်က မိန်းမဘောင်းဘီကြီးနှစ်ထည်ကို ခွဲယူပြီး ဘေးတွင် ပုံလိုက်သည်။ အဘွားကြီးက ကွိကွိကွကွနှင့် အော်ဟစ်ရင်း သူပေးထားသော ဇလုံထဲတွင် အကုန် ပေါင်းထည့်ရန် လက်ဟန်ခြေဟန်နှင့် ပြသည်။ သူပြောသည့်အတိုင်း အကုန် ရောထည့်လိုက်တော့မှ အပေါ်ဘက်မှ ဆပ်ပြာမှုန့် ဖြူးပေးသည်။ ထိုနောက် လက်အားကိုသုံးပြီး နာနာပွတ်လျှော်ရန် အမူအယာနှင့်ပြသည်။

အေးမွန်၏တစ်သက်နှင့်တစ်ကိုယ် ဒီလောက်တစ်ခါမျှ မချမ်းဖူးသဖြင့် ရေကိုင်ပြီး အဝတ်လျှော်နေရတော့ လက်တွေ ကျဉ်ကာ တုံလာသည်။ သို့သော် တစ်နေ့လုံး တစ်ညလုံး မနေမနား အဝတ်တွေချည်းပဲ လျှော်နေရလျှင် ကောင်းမည်ဟု ပြင်းထန်စွာတောင့်တနေမိသည်။ အေးမွန် ကြောက်နေသည်။ ညရောက်လာမည်ကို ကြောက်နေသည်။

"တချို့တွေများ အဲဒီမှာအိမ်ထောင်ကျပြီး ကလေးတွေ ဘာတွေရလို့ ကြီးပွားနေကြတာ မြန်မာပြည်တောင် မပြန်ချင်ကြတော့ဘူး"ဟု ပြုံးပြုံးလေး ပြောလိုက်သော အစ်မကြီး၏အသံချိုချိုကို သတိရသည်။ ထိုစဉ်က အစ်မကြီးတို့လင်မယားရော အိမ်ရှင်လင်မယားရော ဆေးမင်ကြောင်ရော၊ တဝါးဝါး ရယ်နေကြသည်။

"သူတို့တွေပေါင်းပြီး လိမ်ကြတာ စားကြတာနေမှာပဲ။ နေနှင့်ဦး..



နေနှင့်ဦးပေါ့။ နင်တို့တွေ ထမင်းဝဝစားထားဟဲ့..."

အေးမွန်က စိတ်ထဲမှကြိမ်းရင်း မောင်းရင်း အဝတ်တွေကို နာနာပွတ်သည်။ သူလျှော်ဖွတ်နေသည်ကို စောင့်ကြည့်အကဲခတ်နေသော အဘွားကြီးက ဘေးဘက်ကနေပြီး အမျိုးမျိုးပြောနေသည်။ "ရေထည့်လိုက်ဦး" "နာနာ ပွတ်လျှော်" "ဆပ်ပြာစင်အောင် နှစ်" "ရေတွေလည်း သိပ်မသုံးနဲ့ဦး" "ဒီရေကုန်ရင် နင်ပဲ ခတ်ရမှာ" စသည် စသည်များ ဖြစ်လိမ့်မည်ကိုတော့ တွေးကြည့်၍ရသည်။ အေးမွန်ကလည်း စိတ်ထဲမှနေပြီး "ဟဲ့...ဟာမကြီး၊ သိပ်ဆဲမနေနဲ့၊ ငါ့အမြဲ ဒီလို ခံနေမယ်မထင်နဲ့ တစ်နေ့နေ့ကျရင် နင့်ကို ငါးခူ ငါးရံ့တွေထုသလို ပြန်ထုပစ်လိုက်မှာသိလား" ဟုပြန်ပြောနေသည်။

အဝတ်လျှော်ပြီးတော့ ထင်သည့်အတိုင်း ရေခတ်ရသည်။ အိမ်ရှင်သားအဖနှစ်ယောက်ကတော့ ဝင်လိုက်ထွက်လိုက်နှင့် ကျယ်လောင်စွာ စကားပြောနေသည်။ မျက်လွှာချထားသော်လည်း မျက်နှာထားတင်းနေသော အေးမွန်ကို အကဲခတ်နေသည်။ မည်မျှပင် ဟန်ဆောင်ကာ တင်းမာထားသည် ဖြစ်စေ အေးမွန်သည် အချိန်ကို ဆွဲမထားနိုင်ခဲ့ပေ။ တရွေ့ရွေ့ ကုန်လွန်သွားနေသောအချိန်သည် နေ့အချိန်ကို တဖြည်းဖြည်းကျော်ဖြတ်ပြီး အေးမွန် ကြောက်နေသော ညအချိန်ကို ရောက်လာလေတော့သည်။

"ကြည့်ပါဦး အဒေါ်ဝတုတ်ရယ်...မဂျပန်မရယ် ကျွန်မတို့လေ.. ဟိုး ...အဝေးကြီးကနေ တပင်တပန်းနဲ့ ခက်ခက်ခဲခဲလာခဲ့ရတာလေ။ ရောက်လည်း ရောက်ရော သူတို့မယားတွေဖြစ်ရော"

အေးမွန်သည် စိတ်လွတ်လပ်လွတ်နှင့် တအိအိရှိုက်ငိုလိုက်သည်။ အခုတော့ သူသည် "ကိုသခေါ"၏မယား ဖြစ်သွားချေပြီ။ "အမေရယ်၊ ကျွန်မ အဖြစ်ကို မကယ်တော့ဘူးလား"ဟု တစ်သက်လုံး တစ်ခါမျှ မတဖူးသော တမလွန်မှ အမေကို တရင်း အသံထွက်အောင် ငိုချလိုက်သည်။

သူ၏ငိုသံကြောင့် နိုးသွားဟန်ရှိသော သူ၏ အသစ်စက်စက် ယောက်ျားကြီးက မွေ့ယာကို ဖြန်းကနဲ ရိုက်ကာ ဒေါသတကြီး ငေါက်ငန်းနေသည်။ သူ့စကားကို အေးမွန် တစ်လုံးမျှ နားမလည်သော်လည်း "အလကား ငိုမနေနဲ့၊ နားညည်းတယ်"ဟု ပြောနေကြောင်းကိုကား သဘောပေါက်သည်။ ထို့ကြောင့် နံရံဘက်သို့ ပို၍ တိုးကပ်ပြီး အသံမထွက်စေရန် ပါးစပ်ကို လက်ဝါးနှင့်အုပ်ထားသည်။ သူ့အနားသို့ တိုးကပ်လာလေဦးမလားဟု စိုးကြောက်စိတ်နှင့် ရင်တွေ တဆတ်ဆတ်ခုန်နေသော်လည်း အစာဝကာ အိပ်ချင်စိတ်ကဲနေသော သူကောင်းသားကြီးက တခူးခူးဟောက်ကာ ပြန် လည် အိပ်ပျော်သွားသည်။

"ဒီလိုနဲ့ပဲ ငါ့ဘဝဆုံးရတော့မှာလား"

အေးမွန်က နှုတ်ခမ်းကိုပေါက်လုမတတ်ကိုက်ကာ အမှောင်ထုကို စိုက်ကြည့်နေသည်။

"ဒီလိုနဲ့တော့ အဆုံးမခံနိုင်ဘူး"

သူ့ကိုယ်သူ တိုးတိုးလေးပြန်ပြောရင်း အားတင်းလိုက်သည်။ အမှောင်မိုက်ဆုံးအချိန်တို့သည် အလွန်ကြာတတ်ပါသည်။ သို့သော် အလွန်ကြာသော အချိန်များသည်လည်း ကုန်ဆုံးရမည်ပင်ဖြစ်သည်။ ထိုအချိန်ကို သူစောင့်ရမည်။

*

နှင်းခဲတွေကို ရှင်းထားသဖြင့် တစ်ခင်းလုံး စိမ်းနေသည်။ စပလင်လည်း မဟုတ်။ ကြက်သွန်မိတ်လည်းမဟုတ်။ သို့သော်လည်း ထိုအမိတ်များနှင့် ဆင်ဆင်တူသည့် အမိတ်များက တစ်တောင်လောက်ရှည်လေမလားမသိ။



နှင်းဆီမွှေးက အခင်းထဲတွင် ငုတ်တုတ်ထိုင်ရင်း ထိုအမိတ်များကို အရင်းနားမှကပ်ခါ လှီးဖြတ်ရသည်။ ထိုအမိတ်များမှထွက်သောအနံ့က ကြက်သွန်နံ့နှင့် ဆင်ကာ အနံ့ပြင်းသည်။ တချိန်လုံး ကပ်ပြီးရှူနေရတော့ ခေါင်းထဲတွင် မူးလာသည်။

"နှင် ပိုက်ဆံတွေ လိုချင်လိုက်တာလေ...ထမင်းဆိုင်လေး ဖွင့်ချင်လိုက်တာလေ... အရင်းအနှီးလေး လိုချင်လိုက်တာလေ...သူများနိုင်ငံကို အထင်ကြီး လိုက်တာလေ...စွန့်စွန့်စားစားသွားပြီး အလုပ်လုပ်ရင် သိပ်ပြီး ပင်ပင်ပန်းပန်း မလုပ်ရဘဲနဲ့ စုမိဆောင်းမိဖြစ်မှာလို့ ထင်လိုက်ရတာလေ... ဟင်...နှင်းဆီမွှေး အခုတော့ နင်တွေ့ပြီမဟုတ်လား။ မိုးလင်းကနေမိုးချုပ်၊ အသက်မထွက်ရုံ တမယ် လုပ်နေရတာလေ...ဟတ်...ဟတ်...ဟား...နင့်မှာ ရလိုက်တဲ့ပိုက်ဆံ... ရလိုက်တဲ့ အရင်းအနှီး....ထွီ..."

တခြားလူများနှင့်စကားမပြောရတော့ နှင်းဆီမွှေးသည် ယာခင်းထဲတွင် ထိုင်ကာ သူ့ကိုယ်သူပြန်ပြီး တတွတ်တွတ်နှင့်ပြောနေသည်။ တစ်ခါတရံလည်း ကိုယ့်ဟာကိုယ်ပြန်ဖြေလိုက်နှင့်ထင်တိုင်းကျဲနေတတ်သည်။ ဘာပဲပြောပြော ကိုယ့်အသံကိုယ်ပြန်ကြားနေရလျှင် အတန်ငယ်အားရှိသည်။ အနည်းငယ်တော့ စိတ်သက်သာသည်။

"အခုတော့...နင်...တိုင်းတပါးသား၊ ထော့ကျိုးမယားဖြစ်ပြီ"

သူ၏ယောက်ျားက အသက်လေးဆယ်ခန့်ရှိပြီး ခြေထောက်တစ်ဖက် အနည်းငယ် သိမ်နေသည်။ လမ်းလျှောက်လျှင် အတန်ငယ် ထော့နင်း ဖြစ်ချင်သည်။ ခြေမသန်၍လားတော့ မသိ။ လက်ကတော့ အင်မတန် မြန်သည်။ ထစ်ကနဲဆိုလျှင် လက်က ပါပြီးသားမို့ နှင်းဆီမွှေးခမျာလည်း အတော်ကို နာပြီးပြီ ဖြစ်သည်။ သူကလည်း သူပင်ဖြစ်သည်။ လူမှန်းသိ ကတည်းက သူများအိမ်တွင် နေခဲ့ရသော်လည်း အလိုက် ကန်းဆိုး

က သိပ်သိသည် မဟုတ်။ အခုတော့ ရင်ထဲ အသည်းထဲက နာကျည်းခံပြင်းလွန်းတော့ ပိုပြီးပေကပ်ကပ်၊ ခံတန်တန်ဖြစ်နေသည်။ အင်အားချင်းများ တူလျှင် သူသေ ကိုယ်သေ ဖက်ပြီး သတ်ပစ်ချင်စိတ်ပင် ပေါက်နေသူ ဖြစ်သည်။

သူ့ယောက်ျားဖြစ်လာသူက ခြေထောက်သိပ်မသန်တော့ ယာခင်းထဲ မဆင်းပေ။ သူတို့အိမ်ရှေ့တွင် ဆံပင်ညှပ်သော ကုလားထိုင်တစ်လုံး ရှိသည်။ ဆုံလည်က လှည့်လိုက်လျှင် တကျွီကျွီမြည်နေသဖြင့် ဆံပင်ညှပ်သူ ရောက်နေလား၊ ရောက်မနေဘူးလားဆိုတာကို အိမ်ရှေ့ခန်းကိုပင် ထွက်ကြည့်ရန် မလိုချေ။ တစ်ရွာလုံး ရှိရှိသမျှ ကလေး လူကြီးမှန်သမျှ သူ့ဆီကိုသာ ရောက်လာတတ်၍ ဆုံလည်လှည့်သံ တကျွီကျွီနှင့် စက်ကပ်ကြေးသံ တချပ်ချပ်ကို တစ်ချိန်လုံး ကြားနေရတတ်သည်။ ထို့ကြောင့် သူ့ဝင်ငွေက နည်းမည်မဟုတ်ဟု ခန့်မှန်းနိုင်သည်။

"အင်းလေ...ဒါကြောင့်လည်း သူက ငါ့ကိုဝယ်နိုင်တာပေါ့။ ဒါပေမယ့် ငါ့တန်ဖိုးကလည်း တစ်ပဲခြောက်ပြားများ ဖြစ်နေသလား မသိ"

နှင်းဆီမွှေးက သက်ပြင်းချသည်။

"ငါ့ကို ရောင်းလို့ ရတဲ့ ပိုက်ဆံနဲ့ ဟိုဗိုင်းတာမကြီးက ရွှေလက်ကောက်တွေ ထပ်ဝယ်ဦးမှာပေါ့...ပြီတ္တာမကြီး သေချင်းဆိုးနဲ့သေပြီး ငရဲပြည်တန်း ရောက်မယ့် ကောင်မကြီး..."

နှင်းဆီမွှေးက စိတ်ရှိလက်ရှိ ဆဲရင်း အမိတ်တွေကို အရင်းမှကပ်မလှီးဖြစ်ဘဲ အပင်လိုက် ဆွဲ၍ဆွဲ၍ နှုတ်နေမိသည်။ လေး ငါး ခြောက်ပင် နုတ်ပြီးခါမှ သတိရကာ မြေကြီးထဲသို့ ကမန်းကတန်း ပြန်ထိုးထည့်ရသည်။

သူ့ယောက်ျားက သူကိုယ်တိုင် ယာထဲ မဆင်းသော်လည်း နှင်းဆီ



မွှေးကိုတော့ ယာထဲဆင်းခိုင်းသည်။ မနက်ငါးနာရီထိုးလျှင် ယာသမားတွေအားလုံး ယာခင်းထဲရောက်နေကြပြီဆိုတော့ လေးနာရီခွဲလောက် ထကာဆန်ပြုတ် တစ်ပန်းကန်သောက်ပြီး အပြေးအလွှားလာရသည်။ ဒီရောက်ပြီဆိုလျှင်တော့ နံနက်စာစားချိန်မရောက်မချင်း မနားမနေလုပ်ပေရှော့ပင်...။

"နှင်းဆီမွှေး"

"ဟယ်..."

နှင်းဆီမွှေးက ဝမ်းသာအားရလှည့်ကြည့်လိုက်တော့ အစ်မစုနွယ်ကို တွေ့ရသည်။ စုနွယ်က ဆယ်ရက်လောက်အတွင်းတွင်ပင် သိသိ သာသာ ပိန်ကျ သွားသည်။ အအေးဒဏ်ကိုလည်း နှင်းဆီမွှေးတို့လောက်ပင် ခံနိုင်ဟန် မရှိ။ ပါးပြင် နှစ်ဖက်လုံး အသားတွေပတ်ကာ နီရဲကြမ်းရှနေသည်။ နှုတ်ခမ်းနှစ်လွှာလည်း ခြောက်သွေ့ပြီး အက်ကွဲကာ အနာတွေ ဖြစ်နေလေသည်။

"နင်အဆင်ပြေရဲ့လား"

"ဘယ်လိုပြောလိုက်တာလဲ အစ်မရယ်၊ ဘယ်လိုလုပ်ပြီး အဆင်ပြေမှာလဲ"

"အလိုက်သင့်ပဲ နေလိုက်ပါတော့ဟယ်...တော်ကြာနေ အရမ်းအရိုက်ခံ နေရမှာစိုးလို့ပါ။ အခုချက်ချင်းလည်း လွတ်လမ်းမှမရှိတာ..."

"အခုချက်ချင်း မရှိရင်...နောက်တော့ရော"

နှင်းဆီမွှေးက စုနွယ်ကို အားကိုးတကြီးကြည့်နေသည်။ စုနွယ်က "ငါတို့တွေ ဘယ်လိုလုပ်ရင် ဘယ်လိုလွတ်သွားမှာပေါ့" ဟု ပြောလိမ့်မည်ဟုလည်း မျှော်လင့်နေသည်။ သို့သော် လွတ်လမ်းကို မျှော်မှန်း၍ မမြင်သေးသော စုနွယ်က သက်ပြင်းကို မသိမသာချရင်း "နင် သိပ်ပင်ပန်းလား" ဟု မဆီမဆိုင် မေးသည်။

"ပင်ပန်းတာကတော့ ထားလိုက်ပါတော့အစ်မရယ်၊ ဒါပေမယ့် ကျွန်မ ...ကျွန်မ...အဲဒီလူကြီးကို မယူချင်ဘူး"

နှင်းဆီမွှေးက ချက်ချင်းငိုချလိုက်သည်။ ဗွီဒီယိုအငှားဆိုင်က အောင်သန်းဝင်းက သူ နယ်စပ်မှာ အလုပ်သွားလုပ်မည်ဆိုတော့ "ဘာလို့ သွား မှာလဲဟာ၊ ဒီမှာပဲနေပါလား၊ ငါလုပ်ကျွေးမှာပေါ့" ဟု စသလို နောက်သလို ပြောသည်။ သို့သော်လည်း အတည်ပြောနေကြောင်း သူ့မျက်လုံးများကို ကြည့်လျှင်သိသည်။ နှင်းဆီမွှေးက မျက်စောင်းခဲပြီး "ဆန်ပြုတ်ပဲ သောက်နေရမှာဆိုရင်တော့ မသောက်နိုင်ဘူးဟေ့" ဟု ပြောခဲ့သေးသည်။ အောင်သန်းဝင်းကိုယူမိလျှင် ဆန်ပြုတ်သောက်ရသည် ဆိုစေဦး၊ ဆား ကလေး ပျားကလေးနှင့် လေးလေး ပင်ပင်တော့ ရှိမည် ထင်သည်။ အခု နှင်းဆီမွှေး နေ့စဉ်သောက်နေရသော ဆန်ပြုတ်နှင့် အသားမပါသော ပေါက်စီ သေးသေးလေးများက ပေါ့ရွှတ်ရွှတ်နှင့်မို့ သူ့ပါးစပ်ထဲတွင် ဘာအရသာမှ မရှိ။

"ငါတို့ ကျွန်မယားတွေ ဖြစ်နေပြီလေ"

"ကျွန် မယား"

"ဟုတ်တယ်...နေ့ခင်းကျတော့ ကျွန်တစ်ယောက်လို အလုပ်တွေ မနားမနေလုပ်၊ ညကျတော့ သူတို့နဲ့အတူအိပ်...ကဲ...ဒါပဲဟာ ငါသွားမယ်"

စုန္ဒယ်က ငိုမျက်နှာလေးနှင့် ရယ်ပြကာ လှည့်ထွက်သွားသည်။ သူ၏ ကျောပေါ်တွင် အိတ်ကြီးတစ်အိတ်ကို လွယ်ထားသည်။ မြေဩဇာ အိတ်ကြီး ဖြစ်လိမ့်မည်ထင်သည်။ တကယ့်တကယ်က ယုံလွယ်ခဲ့ကြသော သူတို့၏ အမှားသာ ဖြစ်သည်။ ငွေနံ့ပေး၍ ငွေနှင့် မျှားခေါ်တော့ သူတို့ သည် အစာနောက်ကို တကောက်ကောက်လိုက်ရင်း ထောင်ချောက်ထဲပိတ်မိ သော ကြွက်ကလေးများနှင့် တူနေသည်။ ဒါပေမယ့် တစ်ဖက်မှ စဉ်းစား



ကြည့်ပြန်တော့ တော်သေးသည်ဟု ဆိုရမည်။ ကျွန်မယား ပြောပြော ဘာ ပြောပြော တစ်ဦးတစ်ယောက်တည်းကို သတ်သတ်မှတ်မှတ် ပေါင်းသင်းရ ခြင်းသည် သူတို့သည် ခန္ဓာကိုယ်ကို ရင်းနှီးစားရသောဘဝသို့ ရောက်သွား သည်ထက် အများကြီး ကံကောင်းသေးသည်။ ထိုကဲ့သို့ လုပ်စားခိုင်းမည့်သူ လက်ထဲ ရောက်မသွားခြင်းက တော်ပေသေးသည်။

"အစ်မ..."

နှင်းဆီမွှေးက နောက်ဖက်မှ ခပ်တိုးတိုးလှမ်းခေါ်သည်။

"အစ်မ...သူတို့က ဘာဖြစ်လို့ ကျွန်မတို့ကို အဝေးကြီးကနေ လှမ်းခေါ်ပြီး မယားလုပ်တာလဲ။ သူတို့နဲ့ အမျိုးတူ မိန်းမတွေ မရှိလို့လား"

ထိုအတွေးကို စုန္ဒယ်လည်း တွေးခဲ့ဖူးသည်။ လင်းလင်းနှင့်သူက အိမ်ချင်းနီးသည်။ ထို့ကြောင့် သွားရင်းလာရင်း လုပ်ရင်းကိုင်ရင်း မကြာခဏ တွေ့ သည်။

"လင်းလင်းက ပြောတယ်။ သူတို့တွေက သားယောက်ျားလေးကို ပိုပြီး တန်ဖိုးထားတယ်တဲ့၊ ဒီတော့လည်း အိမ်ထောင်တိုင်းက ယောက်ျား လေးကိုပဲ ဦးစားပေးပြီး မွေးကြတော့ မိန်းမက နည်းနေတယ်တဲ့။ အမျိုးတူ မိန်းမက ရှားတော့ ယူမယ် ဆိုရင် ပိုက်ဆံအများကြီးကုန်မှာတဲ့။ ငါတို့က တော့ ဈေးမကြီးဘူးလေ။ ပေါပေါလောလောနဲ့ ဝယ်လို့ရတယ်... နောက်ပြီး ... ခိုင်းချင်တိုင်းလည်း ခိုင်းလို့ ရတယ် မဟုတ်လား"

"ဩော်...အဲဒီလိုတဲ့လား"

"အေး...အဲဒီလိုပဲ"

စုန္ဒယ်က နောက်ကိုလှည့်မကြည့်တော့ဘဲ တစိုက်စိုက်နှင့်ထွက် သွားသည်။ နှင်းဆီမွှေးကတော့ တစ်ယောက်ထဲ မကြေမနပ်နှင့် ဆဲရင်း ဆိုရင်း အပင်တွေကို ဆွဲနုတ်မိပြန်သည်။ ထိုနောက် ထိုအပင်များကို လက်ထဲ

တွင် စုကိုင်ကာ အစ်မကြီးတို့လင်မယားဟု သဘောထားရင်း မြေကြီးပေါ်သို့ လှွဲကာလှွဲကာနှင့် တအားရိုက်ပစ်လိုက်သည်။

*

မြေပေါ်တွင်တင်နေသော နှင်းခဲများက ဆပ်ပြာမြှုပ်ဖွေးဖွေးတွေကို သွန်ချထားသည်နှင့်တူသည်။ အချို့နှင်းခဲများက အရည်နည်းနည်းပျော်လာတော့ အောက်ခံ မြေကြီးနှင့် ရောကာ ရွှံ့ဖြစ်လာသည်။

သစ်ကိုင်းခြောက်တွေကို စုပြီးစည်းထားသောတံမျက်စည်းကြီးက အုန်းတံမျက်စည်းလို ညီညီညာညာလှလှပပ မရှိချေ။ မြန်မာပြည်တွင် ပေါချင်တိုင်းပေါသော အုန်းတံမျက်စည်းများသည် မည်မျှလှပ်ကျင်း၍ ကောင်းသည်ကို အခုမှတွေးပြီး လွမ်းမိသည်။

“အုန်းသီးဆန်လေးနဲ့ထန်းလျက်လေးနဲ့ စားချင်လိုက်တာဟယ်”

စုနွယ်က ပျော်ကာစ နှင်းခဲများကို သစ်ကိုင်းခြောက် တံမျက်စည်းနှင့် တရွဲရွဲလှဲသည်။ အုန်းတံမျက်စည်းနှင့်ဆက်နွယ်ပြီး အုန်းသီးကို သတိရသွားသဖြင့် အုန်းသီးဆန်လေးများကို စားချင်စိတ်ပေါ်လာသည်။ ယခင်က တန်ဖိုးထားရကောင်းမှန်းမသိဘဲ ခပ်ပေ့ပေ့စားခဲ့လေသမျှ ပြန်သတိရပြီး တောင့်တောင့်တတစားချင်နေမိသည်ကား အချိန်ပြည့်ပင် ဖြစ်သည်။ အမေ ချက်တတ်သော ခရမ်းချဉ်သီးငါးပိချက်နှင့် မုံလာချဉ်ဖတ်၊ တည်သင်းသီး ဆားစိမ်တို့ကိုလည်းကောင်း၊ လက်သုတ်စုံချဉ်ချဉ်စပ်စပ်နှင့် ဘူးသီးဟင်းခါး ချိုချိုလေးကိုလည်းကောင်း၊ စပလင်လေးထုထည့်ပြီး ဆီကျန် ရေကျန်ချက် တတ်သော ငါးရံ့ဟင်းကိုလည်းကောင်း၊ ကြက်သွန်နီဥတွေ၊ ငှက်ပျောအူ တွေ ပေါလောမျောနေသော မုန့်ဟင်းခါးကိုလည်းကောင်း၊ သီးစုံ ချဉ်ရည်





ကိုလည်းကောင်း၊ ချဉ်ပေါင်ကြော်ကိုလည်းကောင်း၊ ယုတ်စွအဆုံး အကျိုး အကြေစပါးလုံးတွေများသော ဆန်ကြမ်းထမင်းမာမာကို လည်းကောင်း သူ အကုန်လွမ်းသည်။

“သူတို့ရုပ်ရှင်တွေထဲမှာ ကြည့်ဖူးတာကတော့ ဟင်းခွက်တွေမှ စုံလို့၊ စားချင်စရာတွေချည်းပဲ။ အခုဒီရွာကလူတွေကတော့ ဂျုံဆန်ပြုတ်နဲ့ ရိုးရိုးဆန်ပြုတ်၊ အသားမပါတဲ့ပေါက်စီ၊ ဒါကလွဲလို့ ဒီ့ပြင်ဟာကို မစားတတ် ကြဘူးလား။ ဒီလို ဆားမပါ ပျားမပါ ပေ့ပေ့ရွှတ်ရွှတ်ကြီးတွေကိုပဲ ကြိုက် နေကြတာပဲလား။ ငါတို့ရဲ့လျှာကတော့ မွေးကတည်းက ငံပြာရည်တို့ ငါးပိ တို့ကို စွဲနေတာ”

စုနွယ်တို့ကိုသာခိုင်းပြီး သူတို့က မလုပ်ဘဲ နေခြင်းတော့ မဟုတ်။ သူတို့ကိုယ်တိုင်လည်း အလုပ်နှင့် လက်နှင့် မပြတ်ကြပေ။ အစား အသောက် တွင်လည်း စုနွယ်တို့ကိုသာ ဆန်ပြုတ်ကျွေးပြီး သူတို့က ဒီထက် ကောင်းတာ စားနေတာလည်း မဟုတ်ချေ။ သူတို့ကိုယ်တိုင် ထိုဆန်ပြုတ်နှင့် ထိုပေါက်စီ ကို မရိုးတမ်းစားနေတော့ စုနွယ်လည်း ဘာမှ မတတ်နိုင်။ သို့သော် ကိုယ့် ပါးစပ်ထဲမှာလည်း အရသာမရှိလွန်းတော့ ငိုချင်လာသည်။ ခုနေချိန်ခါမှာ ဆန်ကြမ်းထမင်းကို ငရုတ်သီးမှုန့်ဖြူးပြီး ငါးပိရည်ဆမ်းကာစားရလျှင်ပင် သုံးပန်းကန်လောက်တော့ အသာကလေးကုန်အောင် စားနိုင်လိမ့်မည်လား မသိ။

“ငါတို့တွေ အရင်ဘဝတုန်းက ဘယ်လိုမကောင်းမှုတွေကိုများ လုပ်ခဲ့မိသလဲမသိဘူး။ ကျွန်ဖြစ်တာတောင် အနေအစား၊ ဘာသာစကား မတူတဲ့ဆီမှာလာပြီး ကျွန်ဖြစ်ရတယ်။ တစ်သက်လုံးစားလာတဲ့ထမင်းကို တောင် မမြင်ရတော့ဘူး”

ရင်ထဲတွင်ဟာကာ ဆာလောင်နေသော်လည်း အသီးအရွက်တွေ

ကြုံလျှင်ကြုံသလို လှီးထည့်ထားတတ်သော ဆန်ပြုတ်ပြစ်ပြစ်ကြီးကို လှည့်၍ပင် မကြည့်ချင်။

မပျော့တပျော့နှင်းခဲတွေကို မြောင်းထဲသို့လှဲချလိုက်ပြီးသောအခါ မြေပြင်ပေါ်တွင် ရွှံ့တွေ တင်ကျန်ရစ်သည်။ စုန္ဒယ်သည် အတန်ငယ် မောဟိုက်လာသဖြင့် ဝင်းထရံကိုမှီကာ ခဏနားနေသည်။ အိတ်ထဲတွင် ဝှက်ပြီးထည့်ထားသော ဂျင်းစိမ်းတစ်တက်ကို လက်နှင့်စမ်းမိတော့ အသာထုတ်ယူကာ ကိုက်ဖဲ့ပြီး ဝါးစားလိုက်သည်။ စပ်ရှားရှားနှင့် အရသာဆိုးလှသော်လည်း မျက်စိကို စုံမှိတ်ကာ အတင်းဖြစ်ညှစ်ဝါးပြီး ဖွတ်မှိတ်၍မျိုချလိုက်သည်။ စပ်လွန်းသဖြင့် မျက်ရည်များပင် ထွက်လာသည်။

"စုန္ဒယ်...နင်ဘာတွေစားနေတာလဲ"

လင်းလင်းက သူ့ဘေးရောက်လာသည်။ ကျစ်ဆံမြီးနှစ်ဖက်ကို ကျစ်ကာ ဖဲကြိုးနီနှင့်စည်းထားပြီး အတန်ငယ်သစ်သောအဝတ်အစားများကို ဝတ်ထားသည်။ သူ့လက်ထဲတွင် သီတံနှင့်သီထားသောမက်မန်းသီးဆားစိမ်များကိုတွေ့ရသည်။ တခါတရံ ထိုဇီးသီး၊ မက်မန်းသီးစသည်များကို သီတံနှင့်ထိုးပြီးရောင်းသောသူ တစ်ဦးစ နှစ်ဦးစ အိမ်ရှေ့မှ ဖြတ်သွားတတ်သည်။ စုန္ဒယ်လည်း စားချင်စိတ်ဖြစ်မိသည်။ သို့သော် လက်ထဲတွင် ပိုက်ဆံ တစ်ပြားမှမရှိ၍ ငေးရုံသာငေးနေခဲ့ရသည်။

"ရော့...နင့်ဖို့"

လင်းလင်းက သီတံတစ်ချောင်း လှမ်းပေးသည်။ စုန္ဒယ်က ကျေးဇူးတင်စွာလှမ်းယူသည်။ သူ့လက်ထဲမှဂျင်းတက်ကို အင်္ကျီအိတ်ထဲသို့ တရိုတသေ ဂရုတစိုက်ပြန်ထည့်သည်။

"နင်...ဂျင်းစိမ်းတွေ စားနေတာလား..."

"အင်း..."



"နင့်ယောက်ျားသိရင် ရိုက်လိမ့်မယ်"

"သူမသိပါဘူး"

ဂျင်းစိမ်းသည် ပူလွန်း စပ်လွန်းသဖြင့် ကိုယ်ဝန်မတည်စေနိုင်ဟူသော ရေးစကားကိုကြားဖူး၍ စုန္ဒယ်က ကြိုးစားပြီး ကျိတ်ခါမှိတ်ခါမျိုချနေခြင်းဖြစ်သည်။ စုန္ဒယ်တို့ငယ်ငယ်တုန်းက လစဉ်ဓမ္မတာသွေးထိန်နေလျှင် အမေက ဂျင်းနှင့်ထန်းလျက်ကို ကြိုပြီးတိုက်လေ့ရှိသည်။ အခုတော့ ထန်းလျက်လည်း မရှိ၊ ကြိုလည်းမကြိုနိုင်။ ဒီတော့လည်း ရှိစုမဲ့စုဂျင်းကိုပင် အစိမ်းလိုက် ကိုက်ဖဲ့ပြီး စားနေရခြင်းဖြစ်သည်။ သူ့ကို သားဖောက်သောစက်လို သဘောထားသည်ကိုတော့ နည်းနည်းမှ သည်းမခံနိုင်။

"နင်...ကလေးမလိုချင်ဘူးလား"

"လုံး ဝ မလိုချင်ဘူး"

စုန္ဒယ်က ခါးသီးစွာပြောသည်။ မက်မန်းသီးတစ်လုံးကို တစ်ဝက်လောက်ပါအောင်ကိုက်ပြီး ခပ်မြန်မြန်ဝါးလိုက်သည်။ အနည်းငယ်ဖန်သော်လည်း ပါးစပ်ထဲတွင် ပူလောင်စပ်ခါးနေခြင်းက အတန်ငယ်သက်သာသွားသည်။

"ငါ အခုဟိုဘက်ရွာကပြန်လာတာ မင်္ဂလာဆောင်ရှိလို့"

လင်းလင်းက ဂျင်းအကြောင်း ဆက်၍မပြောဘဲ စကားအသစ်စသည်။ သူက ဒီဘက်နိုင်ငံ၏စကားလည်းတတ်၊ အနေလည်း ကြာလာပြီဆိုတော့ သူ့အိမ်ကလည်း သိပ်ပြီး ချုပ်ချယ်တော့ဟန်မတူ။ ငွေစကြေးစလေးများလည်း ကိုင်ခွင့်ပေးပုံရသည်။ သွားကာ လာကာ သုံးကာ စွဲကာ ပြုလုပ်နိုင်သည်။

"သတို့သမီးက ငါတို့ဆီကပဲ၊ ရှမ်းမလေး လှလည်း လှတယ်၊ နာမည်က နန်းထွေးတဲ့"

"ငါတို့လို အလုပ်လာလုပ်တာလား"

"ငါတို့ထက် ဆိုးတယ်၊ သူ့အဒေါ်ဝမ်းကွဲက သူ့အမေနဲ့မတည့်ဘူးလေ။ စီးပွားပြိုင်ဖြစ်မှာပေါ့။ အဲဒါ မေ့ဆေးနဲ့အုပ်ဖမ်းပြီး ဒီဘက်ပို့ပြီး ရောင်းစားလိုက်တာ"

"ဟယ်...တကယ်လား ဟယ်၊ အဲဒီလိုတကယ်ပဲလုပ်ရက်သတဲ့လား"

စုန္ဒယ်က တအံ့တသြမေးသည်

"သူ သတိရလာတော့ ဒီဘက်ရောက်နေပြီတဲ့"

"သနားပါတယ်ဟယ် ငါတို့ကတော့ထားပါတော့။ ကိုယ့်ကြမ္မာကိုယ်ငင်ပြီးလာမိတာ။ အဲဒီကောင်မလေး ဘယ်သူ သူ့နာမည်က..."

"နန်းထွေးတဲ့ သူကမြန်မာစကားတောင် သိပ်မတတ်ဘူး၊ ရှမ်းစကားပဲ တတ်တာ။ ဒီက စကားလည်း အတော်လေးပြောနိုင်တယ်။ သူ့အမေ စိတ်ပူနေမှာဆိုပြီး ငိုနေရှာတယ်"

မြန်မာပြည်ထဲမှာ အစ်မကြီးလို လူစားမျိုးတွေ အသားထဲက လောက်တွေ ဘယ်နှစ်ဦးများရှိနေမည်နည်းဟု စဉ်းစားမိတော့ လက်တုံ့ပြန်ချင်စိတ်နှင့် စုန္ဒယ်၏သွေးများ ဆူလာသည်။

"ဆူး နယ်..."

"ဟော..."

အိမ်ထဲမှခေါ်သံကြားရသည်။ စုန္ဒယ်ဟူသောအမည်သည် သူတို့ပါးစပ်ထဲရောက်တော့ ဆူးနယ်ဖြစ်သွားရသည်မှာ ကြာပေပြီ။

"နင့်ယောက္ခမကြီး ခေါ်နေပြီ ငါသွားတော့မယ်"

လင်းလင်းက ပြောပြောဆိုဆိုနှင့် ခပ်သွက်သွက်ထွက်သွားလေသည်။ စုန္ဒယ်က သစ်ကိုင်းခြောက်တံမျက်စည်းကိုလှမ်းဆွဲကာ ခြံထဲလှမ်း



ဝင်ခဲ့သည်။ သူက အနေအထိုင်လိမ္မာတော့ နှင်းဆီမွှေးလို အရိုက်မခံရသော်လည်း မျက်နှာသာတော့ ရသည် မဟုတ်။

"ဆူး နယ်..."

သူ့မှာ ယောက္ခမမိန်းမ မရှိတော့ ယောက္ခမယောကျ်ားကြီးသာရှိသည်။ သူက လင်းလင်းနှင့်စကားကြာကြာရပ်ပြောနေသည်ကို ကြိုက်ပုံမရ၊ တဖျစ်တောက်တောက်ပြောနေသည်။ အလုပ်ကို အလုပ်နှင့်တူအောင်လုပ် ရန်၊ အပိုစကားတွေမပြောရန် အချိန်ပိုဖြုန်းပြီး စပ်စပ်စုစု မလုပ်ရန်ပြောဆိုနေခြင်းများ ဖြစ်လိမ့်မည်ကို အတွင်းစိတ်က သိနေသော်လည်း စုန္ဒယ်က မသိသလို ဘာမှနားမလည်သလိုနေလိုက်သည်။

သစ်ကိုင်းခြောက်တံမျက်စည်းကို နောက်ဖေးနံရံတွင် မှီကာထောင်ထားလိုက်ပြီး အိမ်ဘေးသို့လှည့်၍ထွက်ခဲ့ကာ လှမ်းထားသောအဝတ်များကို ရုတ်သည်။ အဝတ်တွေကိုရုတ်ရင်း အမေ့ကို ပြင်းထန်စွာ သတိရတမ်းတနေမိသည်။ သူထည့်လိုက်သောစာကိုရလျှင် အမေစိတ်ဆိုးလိမ့်မည်ထင်သည်။ "သူများနိုင်ငံ သူများတိုင်းပြည်ထဲကို တရားဝင်မဟုတ်ဘဲ ခိုးဝင်ပြီး အလုပ်လုပ်ရလောက်အောင်တော့ အမေတို့မဆင်းရဲသေးပါဘူး သမီးရယ်..." ဟုပြောကာ ငိုလိမ့်မည်ထင်သည်။

"အမေရယ်...သမီးတို့က တိတ်တိတ်ခိုးဝင်လာပြီး ဒီမှာလာ ကျွန်ခံနေကြရတာလေ။ ကျွန်ဖြစ်တာတောင် မြို့ကြီးပြကြီး သူဌေးအိမ်မှာ မဟုတ်ပါဘူး၊ တောမြို့တောရွာက လယ်သမား၊ ယာသမားရဲ့ မြေစိုက်အိမ်ကလေးမှာ ဆင်းဆင်းရဲရဲနေပြီး ကျွန်မယားဖြစ်နေရတာလေ အမေရဲ့... နိုင်ငံခြားမှာဆိုရင် ပိုက်ဆံတွေအများကြီးရမှာလို့လောဘဇောတိုက်ခဲ့တာ... အခုတော့ အများကြီး ရဖို့ နေနေသာသာ တစ်ပြားတောင် မမြင်ရပါဘူး...အမေရယ်"

အဝတ်တွေကို ပွေ့ပိုက်ရင်း စုန္ဒယ်သည် အမေ့ကို ဖက်ထားရလေ

သလားဟု မျက်စိမှိတ်ပြီး စိတ်ကူးနေမိသည်။ အခါတိုင်း အမေ့ကိုဖက်ထားလျှင် တောင်တံကြီးသနပ်ခါးနံ့လေး မွှေးတတ်သည်။ ထိုအနံ့လေးကို စိတ်ကူးနှင့်ရှူရှိုက်ရင်း စုန္ဒယ်သည် ရင်ထဲမှာ ရှိုက်ငိုနေမိသည်။

"အမေ့စကားကို နားမထောင်ဘဲ ကြမ္မာငင်ပြီးလာခဲ့တဲ့ အမိုက်မ၊ ဒုက္ခလှလှကြီးရောက်နေပြီအမေ...အမေရော မောင်လေးရော စုန္ဒယ်ကို မကယ်နိုင်ကြတော့ဘူးလား..."

*

မိခင်တို့ နှလုံးသားသည် မမြင်ရသောကြိုးမြှင်လေးများနှင့် သားသမီးများဆီသို့ ဆက်နွယ်သွယ်တန်းထားသည်ကို ဒေါ်မေသက် ယုံကြည်သည်။ ယခုလည်း သူ၏နှလုံးသားတစ်နေရာမှာ အလိုလိုသိနေသည်။ သူ၏သမီးလေး စုန္ဒယ် ငိုနေသည်။

ဟုတ်သည်၊ သူ၏သမီးလေးစုန္ဒယ် စိတ်နှလုံးညှိုးချုံးနေသည်။ ဒါကို မိခင်တို့၏သိခြင်းဖြင့် သူ့အလိုလိုသိနေသည်။

"သမီး သမီးစုန္ဒယ်၊ သမီးဘယ်ရောက်နေသလဲ၊ ဘာဖြစ်နေသလဲ"

သမီးသည် စာလေးတစ်စောင်ကို ခေါင်းအုံးအောက်တွင် ထားခဲ့ကာ ထွက်သွားလိုက်သည်မှာ နှစ်လကျော်၍သုံးလထဲသို့ပင်ရောက်နေပြီဖြစ် သည်။ စာထဲတွင် "သမီး အလုပ်အကိုင် အဆင်ပြေတာနဲ့ ဆက်သွယ်ပါ့မယ် အမေ"ဟု ရေးသွားသော်လည်း ယခုအချိန်အထိတော့ စာလည်းမလာ၊ သတင်းလည်းမကြား၊ လူလည်းပြန်ရောက်မလာချေ။

"အစ်မကတော့ လွန်ပါတယ်အမေရာ၊ အကျိုးအကြောင်းအဆိုးအကောင်းတော့ စာလေးတစ်စောင်တစ်လေလောက်ရေးလိုက်ဖို့ကောင်းပါတယ်"



သားငယ် ဖြိုးဝေက တဖျစ်တောက်တောက်နှင့် အားမလိုအားမရ ပြောနေတတ်သည်။ ဒေါ်မေသက်ကတော့ သမီးကိုအပြစ်မတင်ရက်၊ သမီးသည် မိသားစုကို အင်မတန်တွယ်တာသောသက်ညှာသောသမီးဖြစ်သည်။ အသားလွတ်ကြီးတော့ အဆက်အသွယ်ဖြတ်ထားလိမ့်မည်မဟုတ်။ ဒါကို သူယုံကြည်သည်။ သမီးတွင် အဆင်မပြေသောအကြောင်း တစ်စုံတစ်ခု ရှိနေလိမ့်မည်မှာ သေချာသည်။

"ကျွန်တော်တို့တွေ မချမ်းသာပေမယ့် အရမ်းကြီးလည်း ဆင်းတောင့် ဆင်းရဲမဟုတ်ပါဘူး အမေရာ။ အစ်မက ဘာဖြစ်လို့များ ဒီလောက်ချမ်းသာချင်နေရတာလဲ"

"ဒီလိုလည်း မဟုတ်ပါဘူး သားရယ်။ သားရဲ့အစ်မက သူဝတ်ဖို့ သူစားဖို့ သူသုံးဖို့ သူဖြုန်းဖို့လိုချင်နေတာမှ မဟုတ်ဘဲ။ အမေနဲ့သားကို မတောင့်မတ မကြောင့်မကျ ထားချင်တာလေးတစ်ခုထဲပါ..."

အမေကတော့ စုန္ဒယ်ကို အမြဲနားလည်ခဲ့သည်။

အကယ်၍ သူ့သမီးလေးစုန္ဒယ်ကို လောဘကြီးသည်ဟု ပြောရလျှင် ထိုလောဘသည် လူ့လောကလူ့ရွာတွင် လူတန်းစေ့ရုံကလေးနေချင်သော လောဘသာလျှင် ဖြစ်ပါသည်။ ဘုရားစင်မှ ဇီဇဝါပန်းနံ့က သင်းပျံ့လာသည်။ သမီးစုန္ဒယ် စိုက်ထားသော ဇီဇဝါပင်မှပွင့်သောပန်းများ ဖြစ်သည်။ မနေ့တုန်းက ဖွေးဆွတ်နေသောပန်းလေးများသည် အခုတော့ အဝါရောင်သန်းကာ နွမ်းပျော့ပျော့ဖြစ်နေသည်။ နွမ်းရိပ်နွမ်းယောင်သန်းနေသော်လည်း သင်းပျံ့ပျံ့ရနံ့လေးကတော့ လေထဲတွင် ဝဲနေတုန်းဖြစ်လေသည်။

ဝါနွမ်းနွမ်း ပန်းပွင့်လေးထဲတွင် သမီးလေးစုန္ဒယ်၏ မျက်နှာကို မြင်ယောင်နေသည်။ "သမီးကိုယ်သမီး စောင့်ရှောက်နိုင်ပါတယ်"ဟု ရဲရဲဝံ့ဝံ့

ပြောသွားသောသမီး တကယ်စောင့်ရှောက်နိုင်ပါစေလို့ အမေဆုတောင်းနေတယ် သမီးရယ်" ဟု ရင်ထဲမှအခါခါပြောနေမိသည်။

"အမေတော့ စိတ်ပူတယ် သားရယ်"

ဖြိုးဝေက သူ့အမေကိုအတန်ကြာအောင်ငေးကြည့်နေရင်း မျက်ရည်တွေ ဝိုင်းလာသည်။

"ကျွန်တော်လည်း ပူတာပဲ အမေရ၊ အမေအရမ်းပူလာမှာစိုးလို့သာ ထုတ်မပြောတာ..."

ဖြိုးဝေ၏အသံက ငိုသံပါနေတော့ ဒေါ်မေသက် ရှိုက်ကြီးတငင ငိုမိလိုက်တော့သည်။ ဖြိုးဝေလည်း မျက်ရည်ကျသည်။ အစ်မဖြစ်သူကို စာ မရေးရကောင်းလား၊ မဆက်သွယ်ရကောင်းလားနှင့် မုန်းသန်းပြီး အပြစ်တင်နေမိသော်လည်း သူ၏အတွင်းစိတ်မှနေပြီး သိနေသည်။ အစ်မ အဆင်ပြေလို့ကတော့ မဆက်သွယ်ဘဲနေမည်မဟုတ်ဟုဆိုသည်ကို သိနေသည်။

ဒေါ်မေသက်က သူ၏နားမှ ပုလဲနားကပ်ကလေးကို လက်နှင့် အသာစမ်း၍ ချွတ်ယူလိုက်သည်။ ပါးနှင့်အသာကပ်ထားတော့ ပုလဲလုံးလေး၏ အေးမြသောအတွေ့က အရေပြားကိုဖောက်ပြီး ရင်ထဲအထိ ဝင်သွားသလို ခံစားရသည်။ "ခွင့်လွှတ်ပါတော့ အစ်ကို၊ ဒီနားကပ်လေးကို ကျွန်မရောင်းရတော့မယ်" ဟု စိတ်ထဲမှ တီးတိုးတောင်းပန်နေမိသည်။

"သား အမေနဲ့လိုက်မယ် မဟုတ်လား"

"ဘယ်ကိုလဲ"

"နယ်စပ်ကိုလေ"

"အစ်မကို သွားရှာမလို့လား"

ဒေါ်မေသက်က ခေါင်းညိမ့်ပြသည်။ သားက သူ့ကို အကဲခတ်သလို ကြည့်နေသည်။ တတ်နိုင်လျှင်တော့ အမေ့ကို အပင်ပန်းမခံစေချင်၊



"ကျွန်တော်တစ်ယောက်ထဲ သွားရင်ရော..."

ဒေါ်မေသက်က ခေါင်းခါသည်။

"သားရဲ့အစ်မ ပျောက်နေတယ်သား၊ အမေတို့မိသားစုနှစ်နေရာကွဲနေတယ်။ သားတစ်ယောက်ထဲ လိုက်သွားရင် သုံးနေရာကွဲသွားလိမ့်မယ်"

သားတစ်ယောက်ထဲ လိုက်သွားပြီး ပျောက်သွားပြန်လျှင် သူရူးရလိမ့်မည်၊ ဖြိုးဝေက သူ့မိခင်၏လက်ကိုတင်းတင်းဆုပ်လိုက်သည်။ ဟုတ်သည်၊ သူတို့နှစ်ယောက်လက်ချင်းမြဲမြဲတွဲပြီး လိုက်ကြရမည်။ မမြင်ရသောကြိုးမြှင်လေးများ၏ဆွဲခေါ်ရာသို့လိုက်ကြမည်။

"အမေတို့ သားအမိနှစ်ယောက်သွားကြမယ်၊ နောက်ပြီး သုံးယောက်အတူပြန်လာကြမယ်နော်...သား"

"ဟုတ်ကဲ့အမေ၊ ကျွန်တော်တို့သုံးယောက်အတူပြန်လာကြမယ်"

ဖြိုးဝေက သူ့ကိုယ်သူ ကတိပေးသလို ခပ်တိုးတိုးပြောလေသည်။

*

ဂျုံပင်အရိုးများကို မနိုင်မနင်းပိုက်ကာ ခေါက်တုံ့ခေါက်ပြန်သယ်နေရသဖြင့် နန်းထွေး မောဟိုက်လာသည်။ ပါးစပ်ကိုဟကာ၊ ဟကာနှင့်အသက်ကို မနည်းလုပြီးရှူနေရသည်မှာ ကုန်းပေါ်သို့ပစ်တင်လိုက်သောငါးနှင့်တူနေလိမ့်မည်ဟု သူ့ကိုယ်သူပြန်တွေးမိသည်။

နှင်းခဲတွေအရည်ပျော်နေပြီဖြစ်သော်လည်း ရာသီဥတုကတော့ အေးမြနေဆဲပင်။ သို့သော်လည်း နန်းထွေး၏နဖူးပြင်တွင် ချွေးများစို့နေသည်။ သေးနွဲ့သော ခန္ဓာကိုယ်လေးမှာလည်း ယိုင်နေသည်။ မည်မျှပင်

ယိုင်နေပါစေ ဒီဂျုံရိုးတွေကုန်မှပဲ နားတော့မယ်" ဟုစဉ်းစားပြီး ကျန်နေသမျှကို ဖွဲ့ခတ်ပြီး ရအောင် သယ်လိုက်သည်။ လှည်းပေါ်မှာကုန်သွားပြီဆိုတော့မှ လူက ပို၍ ပန်းဟိုက်ပြီး ပျော့ကျသွားသည်။

နန်းထွေးသည် ပိုးစာပင်ကြီးအောက်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း အသက်ကိုပြင်းပြင်းရှိုက်၍ရှူနေသည်။ အမောက တော်တော်နှင့်မပြေ။ မျက်စိကိုစုံမှိတ်ထားလိုက်တော့ အမေ့ကိုမြင်ယောင်လာသည်။

"နန်းထွီး"

အဖွားလုံ၏အသံဖြစ်သည်။

"နင်မောနေလား"

နန်းထွေးက ခေါင်းညိမ့်ပြသည်။

"နောက်ကျတော့လည်း အကျင့်ရသွားမှာပါ"

နန်းထွေးက ဘာမှပြန်မပြောဘဲ မျက်စိကို ပြန်မှိတ်ထားလိုက်သည်။ မျက်လုံးအိမ်မှ လျှံပြီး စီးကျသွားသောမျက်ရည်များကိုတော့ မတားနိုင်ခဲ့ပေ။

"အမေ"

နန်းထွေးရင်ထဲမှနေပြီး ကြေကွဲတမ်းတစွာခေါ်မိသည်။ လောကဓံတရား၏အလှည့်အပြောင်းအနိမ့်အမြင့်သည် သူ့အတွက် ကြီးမားလှချေသည်။

"အမေ ကျွန်မဘာဖြစ်နေလဲ အမေသိရဲ့လား။ တစ်ခါမှ မတွေ့ဖူးတဲ့ လူကြီးကို ယူရတယ်။ တစ်ခါမှမလုပ်ဖူးတဲ့အလုပ်တွေကို လုပ်ရတယ်။ နောက်ပြီး တစ်သက်လုံးတစ်ခါမှအရိုက်မခံရဖူးဘဲ အခုတော့ ခဏခဏအရိုက်ခံနေရတယ်အမေရယ်…"

သူက တစ်ဦးတည်းသောသမီးဖြစ်ပြီး အဖေနှင့်အမေက သူ့ကို



အသည်းပေါက်မတတ်ချစ်သည်။ အရမ်းလည်း အလိုလိုက်သည်။ အမေတို့ အဖေတို့ အလိုလိုက်လွန်း၍ သူက အတန်းစာကို ကောင်းကောင်းမတတ်ခဲ့ခြင်း ဖြစ်လေသည်။ နန်းထွေး ကျောင်းမတက်ဘဲ ဗွီဒီယိုခွေတွေ ထိုင်ကြည့်နေလျှင်လည်း ရယ်နေတတ်သည်။ စာမေးပွဲကျတော့လည်း တစ်ခွန်းမျှအပြစ် မတင်။ နောက်ဆုံး သူ့ဟာသူ ကျောင်းထွက်လာတော့လည်း ဘာမှမပြောချေ။ သမီးဖြစ်သူ၏မျက်နှာလေးကြည့်နေလျှင် ပြုံးနေပျော်နေလျှင် သူတို့ ကြေနပ်နေကြသည်သာဖြစ်သည်။

အဖေနှင့်အမေတွင် အမေက ပိုပြီးထက်မြက်ကာ လုပ်ရည်ကိုင်ရည် ရှိသည်။ အမေလုပ်သော ခေါ်ပုတ်၊ ပဲပုတ်ပြားများနှင့် မုန်ညင်းချဉ်သည် ပြည်မသို့ပင် ပို့ပြီးရောင်းရသည်။ နယ်စပ်လမ်းပွင့်လာတော့လည်း အထည်များကို ခေါက်ပြန်သယ်ကာ မြို့မှာပြန်ရောင်းသည်။ နန်းထွေးတို့၏ မြို့တွင် အမေ၏အထည်ဆိုင်သည် အကြီးဆုံးဖြစ်လေသည်။

နန်းထွေးဆယ့်ငါးနှစ်လောက်ရှိပြီး အရွယ်လေးရောက်လာတော့ အလှပန်း ပွင့်လာသည်။ အမေက အထည်ဆိုင်ဖွင့်ထား၍ အဆန်းပေါ်သမျှကို ဝတ်နိုင်စားနိုင်သည့်အပြင် နှုတ်ခမ်းနီနီ ပါးအို့နီနီနှင့် မျက်နှာချိုချို ပျော့ပျော့လေးကြောင့် လူချစ်လူခင်များလာသည်။ နန်းထွေး ခေါ်ပုတ်ဆိုင်ထိုင်လျှင် ခေါ်ပုတ်ဆိုင်တွင်လူများပြီး အထည်ဆိုင်ထိုင်လျှင် အထည်ဆိုင်တွင်လူများသည်။ အမေကတော့ နန်းထွေးကို အရိပ်တကြည့်ကြည့်နှင့် ကြည့်၍မဝ။ "ငါ့သမီး အလှမလေး" ဟူသောစကားကိုလည်း အတွင်ပြောတတ်သည်။

ပြဿနာက ထိုအလှမှပင်စခဲ့လေသလားတော့မသိရပေ။ အမေနှင့် ဆွေမျိုးရိပ်မကင်းသူ ဝမ်းကွဲညီမတစ်ယောက်က အမေ့လိုပင် အထည်ဆိုင်ကို စင်ပြိုင်လိုက်ဖွင့်သည်။ အမေက ဘာမှမပြော၊ "ဒီအလုပ်ကို ငါ

တစ်ယောက်ထဲ လုပ်မယ်လို့ ကန်ထရိုက်ဆွဲထားတာမှ မဟုတ်တာပဲ။ ဘယ်သူမဆို လုပ်လို့ရတယ်" ဟု ခပ်အေးအေးပင်ပြောသည်။ နန်းထွေးကတော့ လူငယ်စိတ်နှင့်မို့ မခံချင်။ ထို့ကြောင့်လည်း အဒေါ်သမီးတွေနှင့် စကားများရသည်။ စကားများတော့လည်း လူငယ်တို့ထုံးစံအတိုင်း အနိုင်လုကာ ကြက်ခေါင်းဆိတ်မခံပြောကြသည်။ တစ်မြို့လုံးမှာ ရှိရှိသမျှကာလသားတွေက နန်းထွေးဖို့ဆိုလျှင် စိတ်ဝင်တစားရှိကြသည်ကို နဂိုထဲက မကြည်မလင်ဖြစ်နေသော အစ်မဝမ်းကွဲများကို "နင်တို့တွေ အကုန်လုံးကို ငါ့အမေက ပေးလာတာ ကျွေးလာတာ" ဆိုတာမျိုး ပြောမိသည်။ ဟုတ်တာမှန်တာတွေပေမယ့်လည်း ပြောသင့်သောစကား မပြောသင့်သောစကားများ ရှိသည်ကို နန်းထွေးက မချင့်ချိန်နိုင်ခဲ့ပေ။ ထိုစကားများကြောင့်လည်း နဂိုထဲက မလိုရင်းစွဲ ရှိသော အစ်မများက အနာကြီး နာခဲ့ကြလေသည်ကို လည်းကောင်း စိတ်ထဲတွင် အတေးအမှတ် ကြီးစွာ ထားခဲ့ကြလေသည်ကို လည်းကောင်း နန်းထွေး မသိခဲ့ပေ။ ခဏတဖြုတ်သာ စိတ်ဆိုးခဲ့ကြပြီး နောက်ပိုင်း အခေါ်မပျက် အပြော မပျက် ဆိုတော့လည်း စိတ်ချလက်ချပင် နေခဲ့မိသည်။

တစ်နေ့တော့ ထိုအဒေါ်တို့ အိမ်ရှေ့မှ ဖြတ်အသွား ပြည်မက ဗွီဒီယိုခွေတွေ ပါလာသည်။ ကြည့်ချင်လျှင်လာယူဟု လှမ်းပြော၍ နန်းထွေးက မရည်ရွယ်ဘဲ ဝင်လာခဲ့သည်။ ခါတိုင်းလိုပင် အတွင်းခန်းအထိ ဝင်၍ ဗွီဒီယိုခွေများကိုရွေးနေစဉ် အနောက်ဘက်မှ မေ့ဆေးနှင့် အုပ်ချသည်ကို ခံခဲ့ရသည်။ သူ မည်မျှကြာအောင် သတိမေ့သွားလေသည်မသိ။ သတိရသောအချိန်တွင် တစ်ဖက်နိုင်ငံသို့ရောက်နေပြီးဖြစ်သည်။ သူ့ကို ဒီရွာအထိ ခေါ်ဆောင်လာသူမှာ လက်တွင် နဂါးပုံဆေးမင်ကြောင်ထိုးထားသောသူနှင့် သူ၏မိန်းမတို့ ဖြစ်သည်။ နန်းထွေးက သူတို့ဘာသာစကားကို ကောင်း



ကောင်း နားလည်ကာ ပြန်လည်ပြောတတ်တော့ ရွာရောက်လျှင် ယောက်ျားကောင်းကောင်း ပေးစားမည့်အကြောင်းကို တစ်လမ်းလုံး ချော့ချော့မော့မော့နှင့် နားသွင်း ဖြောင်းဖျလာကြသည်။ နောက်ပြီး အစာထဲတွင် ဘာဆေးတွေထည့်ကျွေးလည်းတော့ မသိ။ နန်းထွေးခမျာ တစ်လမ်းလုံး အိပ်ငိုက်နေကာ တစ်ခါတရံ ထိုင်လျှက်ပင် အိပ်ပျော်သွားတတ်သည်။

"နင့်ယောက်ျားက ကောင်းပါတယ်၊ သူကောင်းကောင်းပြောရင် နင်ကလည်း ကောင်းကောင်းပြန်ပြောပေါ့"

အဘွားလုက ချော့မော့သလို ပြောသည်။

"ဘာကောင်းတာလဲ ကျွန်မကို နေ့တိုင်းရိုက်နေတာလား"

"ငါတို့ဆီမှာ ချွေးမဆိုတာ အလုပ်အားလုံးကို လုပ်ရတယ်။ ယောက္ခမကိုပြုစုရတယ်။ ယောက်ျားကို ကောင်းကောင်းပြောရတယ်။ ကိုယ့်ယောက္ခမ ကိုယ့်ယောက်ျားကို ပြန်လှန်မပြောရဘူး။ သူတို့ပြောတဲ့စကားကို ကောင်းကောင်းနားထောင်ရတယ်၊ ရိုသေရတယ်"

အဘွားလုကတော့ နန်းထွေးကို လိမ္မာယဉ်ကျေးသောချွေးမလေးဖြစ်စေချင်ပုံရသည်။ နန်းထွေးက အမေ့ကိုသတိရသည်။ သူ၏အမေသာ ဆိုလျှင်တော့ "သမီး မပျော်ရင်ပြန်လာခဲ့၊ အမေကျွေးထားနိုင်တယ်" ဟူသော စကားကိုသာပြောမည် ထင်သည်။

နန်းထွေး၏ယောက္ခမကြီးက ခန္ဓာကိုယ်တစ်ခြမ်း လေဖြတ်ထား၍ အိပ်ယာထဲ လဲနေသူဖြစ်သည်။ နေမကောင်းသည့်သူဆိုတော့လည်း ထုံးစံ အတိုင်း စိတ်တိုသည်။ တဖျစ်တောက်တောက်ပြောကာ ဘာကိုမျှ စိတ်တိုင်းမကျ၊ နန်းထွေးက လယ်ထဲမဆင်းရသော်လည်း အိမ်မှုကိစ္စ လုပ်ကာ အဘွားကြီးကို ပြုစုရသည်။ အမြဲတမ်း ဆဲဆိုနေတတ်သော ထို ပိန်ချောက်ချောက် မိန်းမကြီးကို နန်းထွေး ကြည့်၍မရ၊ တစ်ခါတရံ သူ ဘာပြော

နေနေ မကြားချင်ဟန်ဆောင်နေသည်။

ဒါတင်မကသေးပါ။ နန်းထွေးမှာ အခြားအပြစ်များ ရှိပါသေးသည်။ သူတို့ခိုင်းသမျှမလုပ်ခြင်း၊ ကျွေးသမျှမစားခြင်း၊ ထို့ပြင် ယောကျ်ားဖြစ်သူနှင့် အတူအိပ်ရန် ငြင်းဆန်ခြင်း စသည်များ ဖြစ်သည်။ သူ၏ ယောကျ်ား ဖြစ်သူက စဦးပိုင်းတွင် အသံချိုချိုနှင့် ပြောသော်လည်း ခဏနေလျှင် ဒေါသတွေ ထောင်းထောင်းထကာ ရေငင်သောကားတာယာကြိုးကို လှမ်းဆွဲတတ်သည်။

သူ့ကိုယ်သူလည်း ထိုမျှခေါင်းမာသည်ကို နန်းထွေးက အရင်က မသိခဲ့ပေ။ သူက ထုလေမာလေတေလေမာလာလေ ငါးဖယ်လို လူစားမျိုးဖြစ်သည်ကို အခုမှ သူ့ကိုယ်သူသိရတော့သည်။ ကိုယ်ဟန်လေးနွဲ့နွဲ့၊ မျက်နှာလေး ချိုပျော့ပျော့နှင့် အပေါ်ယံက နူးညံ့ပျော့ပျောင်းဟန်ရှိသော်လည်း အတွင်းစိတ်က မပျော့ချေ။ အရိုက်ခံမည်မှန်းသိလျက်နှင့် ထော်လော်ကန့်လန့်တွေ ပြန်လုပ်နေမြဲဖြစ်သည်။ အားချင်းမမျှလွန်း၍သာ ဖွတ်မိုတ်လိုက်ရသော်လည်း ဆန့်ကျင်၍ရသမျှတော့ အမြဲဆန့်ကျင်နေမြဲဖြစ်သည်။

နန်းထွေးသည် သူတို့ လိုချင်သလို မျှော်လင့်သလို နာခံရိုကျိုးသော ချွေးမ မဟုတ်ဘဲ ပေကပ်ကပ် ဂျစ်ကန်ကန်ချွေးမ ဖြစ်နေဟန် ရှိလေသည်။ တော်ရုံ တန်ရုံ မိန်းမများလို ဦးကျိုးမသွားသည့်အတွက်လည်း ယောက္ခမရော ယောကျ်ားကပါ ဒေါသဖြစ်နေကြရလေသည်။

"သမီး ဒီရောက်ကတည်းက အဆိုမဆဲမခံရတဲ့နေ့ မရှိဘူး အမေ။ အရိုက်ခံရတာလည်း ခဏ၊ ခဏပဲ..."

နန်းထွေးက သူ၏လက်မောင်းမှအရိုးရာများကို အသာအယာ လက်နှင့်ပွတ်နေသည်။ ဖူးထနေသောအရိုးရာများသည် ချွေးနှင့်တွေ့တော့ စပ်ပူစပ်လောင်ဖြစ်လေသည်။



"ငါ့မှာ ဖယောင်းချက်ရှိတယ်။ ခဏနေရင်ယူပေးမယ်"

အဘွားလုက စိတ်မကောင်းသလို ပြောသည်။ အဘွားလုနှင့် အဒေါ်ရန်တို့သည် နန်းထွေး၏ အိမ်နီးနားချင်းများ ဖြစ်သည်။ အဘွားလု၏ သားက သေဆုံးသွားသည်မှာ ကြာပြီ ဖြစ်သည်။ ချွေးမဖြစ်သူ အဒေါ်ရန်နှင့် မြေးမကလေးပါ အဘွားလုနှင့်အတူ နေထိုင်ခဲ့ရာမှ မြေးမကလေးမှာ ဆယ့်ငါးနှစ် အရွယ်ကျမှ ဆုံးပါးသွားခဲ့ပြန်သည်။ အခုတော့ ယောက္ခမနှင့် ချွေးမတို့သည် တစ်ဦးကိုတစ်ဦး မှီခိုကာ အတူနေထိုင်လျက် ရှိကြသည်။ အဘွားလုက အိမ်မှူ ကိစ္စလုပ်ပြီး အဒေါ်ရန်က လယ်ထဲယာထဲ ဆင်းတတ်သည်။ ညကျလျှင်တော့ အဖြူအမည်းတီဗွီကလေး၏ရှေ့တွင် နှစ်ယောက်အတူထိုင်ကာ ရုပ်မြင် ဇာတ်လမ်းကြည့်ရင်း အပန်းဖြေတတ်ကြသည်။

"အဘွားလုရယ်...ကျွန်မပြန်ချင်တယ်"

နန်းထွေးက တိုးတိုးပြောသည်။

"ကျွန်မအမေတော့ စိတ်ပူလို့ သေမလား မသိဘူး။ စားနိုင်မှာလည်း မဟုတ်ဘူး။ အိပ်နိုင်မှာလည်း မဟုတ်ဘူး။ အမေက ကျွန်မကို သိပ်ချစ်တာ သိပ် အလိုလိုက်တာ အခုလို ရေပုံးကြီးကြီးနဲ့ ရိုက်ဖို့ နေနေ သာသာ တစ်သက်လုံး လက်ဖျားနဲ့တောင်ထိဖူးတာမဟုတ်ဘူး"

အဘွားလုက သူ့ကိုစိတ်မကောင်းသလိုကြည့်နေသည်။

"နင်ဘယ်လိုပြန်မှာလဲ၊ နင်တို့တိုင်းပြည်နဲ့ဝေးလှပြီ"

"လမ်းလျှောက်ပြန်မယ်"

နန်းထွေးက ခေါင်းမာစွာပြောတော့ အဘွားလုက သဘောကျသလို တိုးတိုးလေး ရယ်လေသည်။

"နင်က ငါ့မြေးမလေးလိုပဲ ခေါင်းသိပ်မာတယ်"

"အဘွားရဲ့မြေးက ကံကောင်းပါတယ်။ သေသွားပေမယ့် သေတဲ့

အချိန်အထိ အဘွားတို့နဲ့ အတူတူနေသွားရတာ”

နန်းထွေးက စကားနာထိုးရင်း နေရာမှထရပ်သည်။ ယောက္ခမကြီးနားသို့ သွားရဦးမည်။ သူခိုင်းတာတွေကို လုပ်ပေးရဦးမည်။ နောက်ဖေးချောင်တွင်လည်း ရှင်းလင်းသိမ်းဆည်းပြီး ဆေးရကြောရဦးမည်။

“ရောက်တဲ့အရပ်မှာ ပျော်အောင်နေတတ်ရတယ်။ ငါတို့မိန်းမဆိုတာ နေစရာနေရာကို ရွေးခွင့်မရှိဘူး။ ကိုယ့်ရဲ့ကံကြမ္မာက ချပေးတဲ့နေရာမှာ အဆင်ပြေအောင်နေရတယ်”

အဘွားလုက သူပြောနေကျဆုံးမစကားများကိုပင် ထပ်ခါထပ်ခါပြောတတ်လေသည်။

အဘွားလု၏ချွေးမ အဒေါ်ရန်ကတော့ စကားနည်းလှသည်။ ဘာစကားကိုမျှ ဝေဝေဆာဆာရယ်ရယ်မောမောပြောလေ့ရှိသူမဟုတ်ချေ။ လုပ်စရာအလုပ်များကို တိတ်တိတ်ဆိတ်ဆိတ်လုပ်ပြီး သူများပြောသမျှကိုသာ ငြိမ်ငြိမ်သက်သက်နားထောင်နေလေ့ရှိသူဖြစ်သည်။ “ဟာ…ဒါတော့ကောင်းတာပေါ့” “ဟင်– ဒီလိုဖြင့်မကောင်းပါဘူးကွယ်” ဟူသော ဝေဖန်ချက်များကိုလည်း တစ်ခါမျှ ပေးလေ့မရှိပေ။ တစ်ခါတစ်ရံ နန်းထွေးက အမေ့အကြောင်းတွေ ပြောကာ မျက်ရည်ကျလျှင်တော့ ပင့်သက်ကို မသိမသာ ရှိုက်တတ် သည်။ ထိုနောက် နန်းထွေးကို မကြည့်ဘဲ မျက်နှာလွှဲကာငေးနေတတ်လေသည်။

တစ်နေ့ညကတော့ ထုံးစံအတိုင်း နန်းထွေး အရိုက်ခံရသည်။ ဒီတော့လည်း နောက်တစ်နေ့ နေ့လည်ခင်း ခေတ္တအားသောအချိန်တွင် နန်းထွေးသည် အိမ်ဘေးပိုးစာပင်ကြီးအောက်သို့ ထုံးစံအတိုင်း ရောက်လာသည်။ ပိုးစာပင်ကြီး၏ပင်စည်ကို ကျောမှီ၍ ထိုင်ရင်း ကျယ်ပြန့်လှသောကောင်းကင်ပြာကြီးကို မော်ကြည့်သည်။ လိပ်ပြာကလေးလို၊ ငှက်ကလေးလို



အတောင်ပံလေး ပေါက်လာရင် ဘယ်လောက် ကောင်းလိုက်မလဲဟုပြင်းပြင်းထန်ထန် တောင့်တနေမိသည်။ ထိုနောက် အဖေနှင့်အမေကိုတမ်းတကာ ထုံးစံ အတိုင်း တရှိုက်ရှိုက်ငိုမိလေသည်။

ထိုအချိန်တွင် အဒေါ်ရန်က သူ့ဘေးသို့ တိတ်တိတ်ဆိတ်ဆိတ်ရောက်လာခဲ့လေသည်။

“နန်းထွီး”

အဒေါ်ရန်ကသူ့ဘေးတွင်ဝင်ထိုင်သည်။

“နန်းထွီး…နင်သိပ်စိတ်ညစ်နေလား”

နန်းထွေးက ခေါင်းညိမ့်သည်။

“နင်…သိပ်ပြန်ချင်နေလား”

နန်းထွေးက ထပ်ပြီး ခေါင်းညိမ့်သည်။ မျက်ရည်တွေ စွန်းထင်းနေသော နန်းထွေး၏မျက်နှာငယ်နုနုလေးကိုစိုက်ကြည့်ရင်း အဒေါ်ရန်၏မျက်နှာသည် အတန်ငယ်နူးညံ့လာသည်။ ကန်ရေပြင်လို အေးစက်ငြိမ်သက်နေတတ်သောမျက်လုံးများတွင် နွေးထွေးသောမေတ္တာ၏ အရိပ်အယောင်က ပျပျလေး လင်းလာသည်။

“နင့်ကိုတွေ့တိုင်း…သမီးကိုသတိရတယ်”

“ကျွန်မလည်း အဒေါ့်ကိုတွေ့တိုင်း အမေ့ကိုအရမ်းသတိရတယ်”

နန်းထွေးက ငိုသံလေးနှင့် ပြောသည်။ သူတို့နှစ်ဦးသည် တစ်ဦးကို တစ်ဦး ငြိမ်သက်စွာငေးကြည့်နေမိကြသည်။ ထိုနောက် အဒေါ်ရန်ကတစ်စုံ တစ်ခုကို ဆုံးဖြတ်လိုက်သလို ခေါင်းကို ဆတ်ကနဲမော့လိုက်သည်။

“ငါပြောတာကိုတော့ ဘယ်သူမှမသိစေနဲ့၊ အဘွားလုတောင်မသိစေနဲ့”

နန်းထွေးက သူ့ကိုမျှော်လင့်တကြီးကြည့်ရင်း ခေါင်းညိမ့်ပြသည်။

"နင်တို့ကို ဒီခေါ်လာတာဟာ မကောင်းတဲ့လူနည်းနည်းလေးက ခေါ်လာတာပါ...ငါတို့အားလုံးဟာ အဲဒီလိုမျိုးလူတွေချည်းပဲ မဟုတ်ဘူး"

အဒေါ်ရန်၏အသံမာနေသည်။

"ဒီမှာ နန်းထွီး...နင်...ငါတို့စကားကိုကောင်းကောင်းတတ်နေတာပဲ"

"ဟုတ်ကဲ့"

"ဒီတော့ နင်ရဲဌာနကိုသွား၊ နင်ဟာ မြန်မာလူမျိုးပါဆိုတာ၊ ရောင်းစားခံရပြီး ဒီအထိရောက်လာရတာပါဆိုတာ အသေအချာရှင်းပြပြီး အကူအညီ တောင်း၊ အဲဒါဟာ နင်လွတ်ဖို့လမ်းပဲ"

နန်းထွေး၏ခေါင်းထဲတွင် လင်းကနဲဖြစ်ပြီး ရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။ သူဒီလိုလုပ်ရကောင်းမှန်းမသိခဲ့၊ လုံးဝလည်း မစဉ်းစားမိခဲ့ပေ။

"ရဲဌာနက ဘယ်မှာလဲ"

"မြို့မှာ၊ နင်ရွာထိပ်ရောက်ရင် ကားစီးသွား၊ ခဏနေရင်ရောက်ရော..."

နန်းထွေးက နေရာမှ ဆတ်ကနဲ ထသည်။ သူ့တစ်ကိုယ်လုံး တုန်နေသည်။ ရဲများသည် သူ့စကားကို အရေးလုပ်ပါ့မလား၊ ယုံကောယုံပါ့မလား။

"ကျွန်မ ကြောက်တယ်"

"နင်ကြောက်မယ်ဆိုရင် မပြန်ချင်နဲ့တော့"

အဒေါ်ရန်က အရှင်းဆုံးစကားကိုပြောသည်။ ထို့နောက် အိတ်ထဲမှ ပိုက်ဆံလေးတစ်ရွက်ကိုဆွဲထုတ်သည်။ သူတို့နိုင်ငံသုံး ငွေတစ်ဆယ်တန်ဖြစ်သည်။



"ရော့...ကားခ ယူသွား"

နန်းထွေး တစ်ကိုယ်လုံးတုန်ကာ မျက်ရည်လည်လာသည်။ ပိုက်ဆံလေးကို လှမ်းယူရင်း အဒေါ်ရန်ကိုလက်အုပ်ချီလိုက်သည်။ "ကျေးဇူးမမေ့ပါဘူး အဒေါ်ရယ်" ဟု ရင်ထဲမှထပ်ခါထပ်ခါပြောမိသည်။

နန်းထွေးက အိမ်ဘက်ကိုအသာငဲ့ကြည့်သည်။ သူ့ယောက္ခမကြီး အိပ်ပျော်နေသည်။ သူ၏ယောကျ်ားက လယ်ထဲမှာဖြစ်လေသည်။

"ကျွန်မ သွားမယ်..."

"အေး...သွားတော့"

အဒေါ်ရန်၏မျက်နှာတွင် အပြုံးလေးတစ်ချက်လှစ်ကနဲပေါ်လာပြီး ပြန်လည်၍ အေးစက်မာခဲသွားသည်။ ထို့နောက် ချာကနဲလှည့်ကာ ပြန်ထွက်သွားသည်။ လှည့်၍ပင်မကြည့်ချေ။

"ကျေးဇူးတင်ပါတယ်...လူမျိုးခြား အမေရယ်"

နန်းထွေးက အိမ်ထဲသို့ပင် ပြန်မဝင်တော့၊ ငွေတစ်ဆယ်ကို တင်းတင်းလေးဆုပ်ကိုင်ကာ အိမ်ထဲမှသုတ်သုတ်ပါအောင် အပြေးတစ်ပိုင်းနှင့် ထွက်လာခဲ့သည်။

လွတ်မြောက်ရာ လမ်းဆီသို့...။

*

တိုက်ဆိုင်မှုများသည် ကံတရားကြောင့်ဟုပြောရလျှင် ဖြိုးဝေတို့မိသားစု၏ ကံဇာတာသည် ဟိုးအောက်ဆုံးမှပြန်တက်လာပြီဟု ပြောရလေမလားမသိပေ။

နယ်စပ်မြို့သို့အလာ အငှားစုပါရဖ်ကားလေးကို အတူတူ စီးမိ

သည့် ဇနီးမောင်နှံနှစ်ဦးနှင့် ဆုံတွေ့ရခြင်းသည် သူတို့ကံကောင်းဖို့ဖြစ်လာသည်။

လမ်းတွင် အမေနှင့် စကားစပ်၍ ပြောကြဆိုကြရင်း နယ်စပ်တွင် အလုပ်လုပ်ရန်ထွက်သွားသည့်သမီး၏ နောက်သို့လိုက်လာခြင်းဖြစ်သည်ဟု သိသွားသည်။

"သမီးဆီက ဘာသတင်းမှလည်း မရ၊ စာလည်း မလာဆိုတော့ ရင်ထဲမှာ မီးမြိုက်ထားသလို ပူတယ် ညီမရေ၊ ဒါကြောင့် ငါ့သမီးလေး တစ်ခုခုဖြစ်နေပြီလားဆိုပြီး ရှိသမျှလေးရောင်းချပြီးလိုက်လာခဲ့တာပါကွယ်"

"သူဒီကိုလာတော့ ဘယ်သူပါလာသေးလဲ"

"ဒို့ပြင်မိန်းကလေးတစ်ယောက်လည်း ပါတယ်လေ... နောက်ပြီး အဲဒီ မိန်းကလေးရဲ့အစ်မကတော့ ဒီဒေသခံပေါ့၊ ထမင်းဆိုင်ဖွင့်တယ် ပြောတာပဲ။ သူက ထမင်းဆိုင်မှာ၊ ဒါမှမဟုတ် အထည်ဆိုင်မှာ ကူရမှာပဲတဲ့။ နေတာ စားတာအလွတ် တစ်လနှစ်သောင်းရမယ်ပြောတယ်။ သွားလုပ်ချင်တယ် ပြောတော့ ကျွန်မလည်း တားပါတယ်။ မျက်စိကွယ်ရာ နားကွယ်ရာကို မသွားပါနဲ့လို့၊ ဒါပေမယ့် ဇွတ်ထွက်သွားတာလေ...ဟိုရောက်လို့ အဆင်ပြေရင် ဆက်သွယ်ပါ့မယ်တဲ့...အခုသုံးလရှိပြီ၊ ဘာသတင်းမှမရဘူး"

အမေက ဇတ်စုံခင်းကာ ရင်ဖွင့်သည်။ ရာသီဥတုက မြေပြန့်နှင့်မတူ၊ တဖြည်းဖြည်းအေးလာသော်လည်း အမေ့ရင်ထဲက အပူကမူ ပို၍ပို၍ ကြီးလာဟန်ရှိသည်။

"အဲဒီဒေသခံအမျိုးသမီးရဲ့နာမည်ကိုသိလား"

အမျိုးသားကြီးက မေးသည်။ ဖြိုးဝေသည် သူတို့၏နမော်နမဲ့နိုင်မှုအတွက် ရှက်များပင် ရှက်မိသည်။ သူ မပြောနှင့် သူ၏အစ်မစုစုနွယ်ပင်လျှင် ထိုအမျိုးသမီး၏အမည်ကိုသိရဲ့လားမသိ။ နှင်းဆီမွှေးရဲ့အစ်မကြီးဟူသော



နာမ်စားကိုသာသုံး၍ ပြောခဲ့သည်ကို သူသတိရသည်။

"နာမည်တော့မသိဘူး၊ ဒါပေမယ့် တစ်ခါတော့မြင်ဖူးတယ် ခင်ဗျ"

တစ်ခါက ကျောင်းက ဆရာ ကူးခိုင်းလိုက်သောမှတ်စုစာရွက်များကို မိတ္တူကူးရန်လမ်းကြုံသဖြင့် အစ်မစုနွယ်ဆီသို့ဝင်ခဲ့ဖူးသည်။ ညှော်သည်လာသဖြင့် လက်ဖက်ရည်ဆိုင် ခဏလိုက်သွားသည်ဟု အန်တီညိုက ဆီး၍ ပြောသည်။ "ဘယ်ကမိန်းမလဲ မသိဘူး၊ ရုပ်ကတော့ အတောင်ပံနဲ့"ဟု မသိမသာမဲ့ရင်း ဆက်ပြောသေးသည်။ "အတောင်ပံနဲ့"ဟူသောစကား၏ ဆိုလိုရင်းမှာ ပျံနေတာပဲ ဟူ၍ ဖြစ်ကြောင်း ဖြိုးဝေ နားလည်လိုက်သည်။ မသိမသာမဲ့လိုက်သည့်အတွက်လည်း ထိုအမျိုးသမီးကို အန်တီညို နှစ်လိုခြင်း မရှိဟု ဆိုသည်ကိုပါ ဆက်၍သဘောပေါက်လိုက်ရသည်။ လက်ဖက်ရည်ဆိုင်သို့ ဖြိုးဝေလိုက်သွားတော့ အစ်မနှင့်အတူထိုင်နေသော ထိုအမျိုးသမီးကို မြင်ခဲ့ဖူးသည်။ အစ်မစုနွယ်က "ဒါ နှင်းဆီမွှေးရဲ့ အစ်မလေ"ဟု ပြောခဲ့သည်။

"အသက်ကတော့ သုံးဆယ်နဲ့လေးဆယ်ကြားလောက် ရှိမယ်ထင်တာပဲ၊ ကျွန်တော် သိပ်မမှန်းတတ်ဘူး။ နည်းနည်းဝတယ်၊ ခေတ်ဆန်တယ်၊ ဖော်ရွေတယ်၊ ဆံပင်ကိုလည်း အညိုရောင် ဆိုးထားတယ်။ နောက်ပြီး ရွှေလက်ကောက်တွေ ဆင့်ပြီး ဝတ်ထားတယ်"

အမျိုးသမီးနှင့် အမျိုးသားတို့ တစ်ဦးကို တစ်ဦး ဆတ်ကနဲ လှမ်းကြည့်လိုက်ကြသည်ကို ဖြိုးဝေသတိထားလိုက်မိသည်။ ဘာဖြစ်လို့ပါလိမ့်။

"ရွှေလက်ကောက်တွေ တော်တော်များတယ်လေ"

"ဟုတ်တယ် သူလက်လှုပ်လိုက်ရင် ချွင်ကနဲ ချွင်ကနဲ မြည်နေတာ၊ နားထောင်လို့တော့ အကောင်းသား"

"သူ့ယောက်ျားရော ပါသေးလား"

"မတွေ့ဘူးခင်ဗျ၊ ကျွန်တော်တွေ့တုန်းကတော့ သူတစ်ယောက်တည်းပဲ။ သူနဲ့အတူ အစ်မပြောတဲ့နှင်းဆီမွှေးဆိုတဲ့ကောင်မလေးတော့ ပါတယ်"

အမျိုးသားကြီးက စိတ်ဝင်တစား မေးပြီး ခေါင်းတညိမ့်ညိမ့် လုပ်နေသည်။ အမျိုးသမီး၏မျက်လုံးတွင် စိုးရိမ်ရိပ်တွေ ပေါ်နေသော်လည်း ဘာမှတော့မပြောပေ။

"စိုးရိမ်စရာများရှိနေလို့လား ညီမရယ်"

အမေက မျက်စိပျက်ပျက် မျက်နှာပျက်ပျက် ဖြစ်လာသည်။ အဆုံးစွန်အထိ လျှောက်တွေးကာ ငိုချင်နေပြီဖြစ်သည်။

ကံကြမ္မာ၏တိုက်ဆိုင်မှုကို ဒုတိယအကြိမ်အံ့ဩရပြန်သည်က လမ်းတွင် ခေတ္တရပ်နားကြတုန်း ဖြစ်သည်။ လက်ဖက်ရည်ဆိုင်တွင် သူတို့တွေ လက်ဖက်ရည်ဆင်းသောက်တော့ ထိုရွှေလက်ကောက်တွေနှင့် အမျိုးသမီးကို တွေ့လိုက်ခြင်း ဖြစ်သည်။

စဦးစွာ တွေ့သူက ဖိုးဝေမဟုတ်။ အမျိုးသားကြီး ဖြစ်သည်။ သူက ဖိုးဝေ၏ပုခုံးကို မသိမသာလှမ်းပုတ်ကာ...

"ဒီမှာညီလေး ချက်ချင်း လှမ်းမကြည့်နဲ့နော်...ခဏနေမှ မသိမသာကြည့်၊ ဟိုဘက်ဝိုင်းက အမျိုးသမီးက ငါ့ညီပြောတဲ့ အမျိုးသမီးလား" ဟု ခပ်တိုးတိုးပြောသည်။ ဖိုးဝေက လှမ်းကြည့်ပြီး ခေါင်းညိတ်ပြတော့"သွားနှုတ်ဆက်ပါလားကွာ၊ သူဘာပြန်ပြောလဲ သိရအောင်"ဟု လေးနက်သော အသံနှင့် ပြောသည်။

ဖိုးဝေကလည်း အမူအယာ ကောင်းပါသည်။ အမှတ်တမဲ့ဟန်နှင့် သူတို့ဝိုင်းနားက ဖြတ်လျှောက်သည်။ အတန်ငယ် ကျော်သွားပြီးမှ ပြန်လှည့်ကြည့်ကာ "ဟာ...အစ်မကြီး" ဟု ဝမ်းသာအားရ နှုတ်ဆက်သည်။



"ဟာ...အစ်မကြီး၊ ကျွန်တော့်ကိုမမှတ်မိဘူးလား။ အစ်မနဲ့အတူ လိုက်သွားတဲ့ စုစုနွယ်ရဲ့မောင်လေး... ကျွန်တော်တို့ လပြည့်ဝန်း လက်ဖက်ရည်ဆိုင်မှာ ဆုံဖူးတယ်လေ ...ဟို...နှင်းဆီမွှေးဆိုတဲ့ ကောင်မလေးလည်း ပါတယ် ထင်တယ်..."

သူက အကဲခတ်နေသူဆိုတော့ အစ်မကြီး၏မျက်နှာ ကွက်ကနဲ ပျက်သွားသည်ကို ချက်ချင်းသိလိုက်သည်။

"အစ်မဆီက စာမလာ သတင်းမကြားလို့ စိတ်ပူပြီးလိုက်လာတာ အစ်မကြီးရဲ့ ပြောပါဦး၊ ကျွန်တော့အစ်မက အစ်မကြီးရဲ့ထမင်းဆိုင်မှာပဲ လုပ်နေတာမဟုတ်လား၊ သူ ဘာလို့စာမရေးတာလဲ"

အစ်မကြီးနှင့် တစ်ဝိုင်းတည်းထိုင်နေသော မိန်းကလေးနှစ်ယောက်က "အစ်မကြီးရဲ့ထမင်းဆိုင်မှာ ဘယ်နှစ်ယောက်တောင် ခေါ်ထားလဲ၊ ကျွန်မတို့အတွက်ရော နေရာကျန်သေးရဲ့လားဟင်"ဟု အရိုးခံနှင့် ရယ်ရယ်မောမော လှမ်းမေးကြသည်။ အစ်မကြီးကလည်း သရုပ်ဆောင် ကောင်းပါသည်။ ခေတ္တခဏပျက်သွားသောမျက်နှာကို ချက်ချင်းပင် ပြန်ပြီးဖုံးကွယ်လိုက်သည်။ ပြုံးချိုဖော်ရွေသောမျက်နှာဖုံးကို ချက်ချင်းစွပ်လိုက်နိုင်သည်။

"သြော်...မှတ်မိပြီ၊ မှတ်မိပြီ။ မထင်တဲ့နေရာမှာတွေ့လို့ ရုတ်တရက် မမှတ်မိတာ၊ စိတ်မဆိုးနဲ့နော် မောင်လေး၊ စုစုနွယ်က ထမင်းဆိုင်မှာ မလုပ်ချင်ဘူးတဲ့၊ သူရော နှင်းဆီမွှေးရော ဟိုဘက်ကမ်းကို ကူးပြီး အလုပ်ရှာကြတယ်လေ..."

အစ်မကြီး၏အသံက ချိုနွဲ့နေသည်။ သူကသာ စေတနာတွေထားနေရသော်လည်း စုစုနွယ်ကတော့ သူ၏စေတနာကို အသိအမှတ်မပြုပါဘူး ဆိုသောပုံစံနှင့် မျက်နှာကို အလှမပျက်ရုံလေး မသိမသာ မဲ့ထားသည်။

"ဒီကိုရောက်လာပြီးရင် ဒီလိုပဲ မောင်လေးရဲ့၊ ဟိုဘက်ကမ်းကိုပဲ သွားချင်ကြတော့တာက ထုံးစံလိုဖြစ်နေပြီ၊ ဟိုဘက်ကိုအထင်ကြီးကြတာလေ"

"ဒီလိုဆို ကျွန်တော့်အစ်မ"

ဒီတစ်ခါ မျက်နှာပျက်ရသူက ဖြိုးဝေ ဖြစ်သည်။

"ပြီးခဲ့တဲ့လကတောင် တွေ့မိသေးတယ်။ အဲဒီက အလှပြင်ဆိုင်မှာ ဝင်လုပ်နေတယ် ပြောတာပဲ။ လခလည်း ကောင်းတယ်တဲ့။ မောင်လေးတို့ ရောက်ရင် တွေ့ပါလိမ့်မယ်။ စုန္ဒယ်က ဆံပင်တွေဘာတွေကောက်ပြီး အရမ်းလှနေတာ"

"အစ်မလိပ်စာသိလား။ ကျွန်တော်ကိုလိုက်ပို့နိုင်မလား"

ဖြိုးဝေက အစ်မကြီး၏ မျက်နှာကို တည့်တည့်စိုက်ကြည့်ကာ မေးသည်။ မဟုတ်တာကတော့ မဟုတ်မှန်း သိသာနေပေပြီ။ သူ့အစ်မစုန္ဒယ်သည် ဘယ်တော့မှ ဆံပင်ကောက်မည် မဟုတ်။ "ငါက ဆံပင် ဆိုရင် ဖြောင့်ဖြောင့်စင်းစင်းလေးပဲ ကြိုက်တာ၊ ငါ့မှာသာ ပိုက်ဆံပေါရင် ရှိရင်းစွဲဆံပင်ကို ဖြောင့်သည်ထက်ပဲ ဖြောင့်အောင်လုပ်မယ်၊ ဘယ်တော့မှ မကောက်ဘူး"ဟု ခဏခဏပြောခဲ့သူဖြစ်လေသည်။

"အဲဒါတော့ အတိအကျဘယ်သိပ့်ါမလဲကွယ်။ ကိုယ့်ဆီမှာ မလုပ်ချင်လို့ ထွက်သွားတဲ့သူကို ခဏတဖြုတ်လေးတွေ့တုန်း အသေးစိတ်တွေတော့ ဘယ်မေးမိပ့်ါမလဲ။ တချို့ကျတော့လည်း အိမ်ကို ငွေတွေ ဘာတွေ လှမ်းမပို့ချင်လို့ ခြေရာဖျောက်ကြတာတွေလည်း ရှိတယ်လေ"

ဖြိုးဝေ၏မျက်နှာတွင် မသင်္ကာသောအရိပ်အယောင်တွေ ယှက်သန်းလာတော့ အစ်မကြီး၏ ဖော်ရွေချိုသာမှုတွေမှာ ချက်ချင်းလျော့ကျသွားသည်။



တစ်ဖက်ဝိုင်းမှ အမျိုးသားကြီးက ချောင်းဟန့်သည်၊ အစ်မကြီးက "ငါ့ကို ဘာမျှ လာမစွပ်စွဲနဲ့၊ နင့်မှာ ဘာသက်သေရှိလို့လဲ" ဟူသောမျက်နှာထားမျိုး ဖြစ်လာသည့်အတွက် စိတ်လိုက်မာန်ပါ မပြောဆိုရန် မသိမသာ မျက်ရိပ်ပြကာ တားဆီးသည်။

ဖြိုးဝေ၏နှလုံးသားကို ဒေါသနှင့်သောကတို့က တစ်လှည့်စီ ဖိညှစ်နေ၍ အသက်ရှူရပင် ကြပ်လာသည်။ သို့သော်လည်း အမျိုးသားကြီး၏အလိုကို သူလိုက်လျောခဲ့ပါသည်။ တဟင်းဟင်းရယ်နေသောရယ်သံကို ဥပေက္ခာပြုကာ လှည့်ထွက်နိုင်ခဲ့သည်။ စိတ်ထဲမှာတော့ သေချာနေသည်။ ဒီမိန်းမကြီးသည် အစ်မစုန္ဒယ်တို့အပေါ်ရော သူ့အပေါ်မှာရော ရိုးသားမှုမရှိခဲ့ဟု ဆိုသည်ကတော့ သေချာနေသည်။

"ကျွန်တော်ကတော့ ပြည်သူ့ရဲတပ်ဖွဲ့က ရဲအုပ်ကျော်ပိုင်ပါ။ ကျွန်တော့် ဇနီးကတော့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်ပါ"

ကားပေါ်ပြန်ရောက်သောအခါမှ အမျိုးသားကြီးက သူ့ကိုယ်သူ မိတ်ဆက်စကားပြောသည်။

"အဲဒီအမျိုးသမီးမှာ ဘာထမင်းဆိုင်မှမရှိပါဘူး၊ သူ့ယောက်ျားကတော့ ဒီနယ်သားပဲ။ သူတို့လင်မယားရဲ့အဓိက အလုပ်က လူမှောင်ခိုကုန်ကူးတာပဲဆိုတာ ကျွန်တော်တို့ သတင်းရထားပြီးပါပြီ..."

"အမလေး...အမေ့သမီး"

အမေက ဆို့တက်သွားသည်။ အမေသာမက နဂိုထဲက စိတ်ထဲတွင် ထင်ပြီးသားဖြစ်နေသော ဖြိုးဝေပင် အသေအချာသိလိုက်ရတော့ ရင်ထဲဆို့ကြပ်သွားသည်မှာ ရုတ်တရက် အသက်ရှူ၍ပင်မရ။

"သူ့ကို ကျွန်တော်တို့ စောင့်ကြည့်နေပါတယ်။ အခုလည်း အောင်လံဘက်က မိန်းကလေး နှစ်ယောက်ကို ခေါ်လာတယ် ဆိုတာ

သတင်း ရပြီးသားပါ။ သူ့နောက်ကိုလိုက်လာရင်း ဒီက အစ်မတို့နဲ့ တွေ့ဖြစ်တာပါ”

သူတို့နှင့်အတူ ကားတစ်စီးတည်း စီးမိသော ကြမ္မာကို ဖြိုးဝေ ကျေးဇူးတင်မိသည်။ အဆိုးအကောင်း၊ အကျိုးအကြောင်းကို ပြတ်ပြတ်သားသား သိခွင့်ရခြင်း၊ ဘယ်ကနေ ဘယ်လိုစ၍ စုံစမ်းရမည် မသိဘဲ စမ်းတဝါးဝါး ဖြစ်မနေရခြင်းတို့အတွက်လည်း သူတို့ဇနီးမောင်နှံကို ကျေးဇူးအထပ်ထပ်တင်မိပြန်သည်။

“သူနဲ့ပါလာတဲ့ မိန်းကလေးနှစ်ယောက်ကိုလည်း သူ ဒီနေ့ညပဲ ဟိုဘက်ကမ်းပို့မှာ ကျိန်းသေတယ်။ ဒါကြောင့် ဟိုဘက်က ရဲတပ်ဖွဲ့နဲ့ပါ ပူးပေါင်းပြီး သူတို့လင်မယားကို လက်ပူးလက်ကြပ်ဖမ်းဖို့ အစီအစဉ်တွေ ဆွဲထားပြီးသားပါ”

အစ်မစုနွယ်တို့ မသွားခင်ကများ ဖမ်းမိမယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲဟုစဉ်းစားရင်း ဖြိုးဝေ မျက်ရည်ကျမိသည်။ အခုတော့ အစ်မစုစုနွယ် ဘယ်ရောက်နေမည်နည်း။ ဘာဖြစ်နေမည်နည်း။ ဘာလုပ်နေမည်နည်း။ ဖြိုးဝေ တွေး၍ပင် မကြည့်ရက်။

“အရေးကြီးတာက သူတို့လင်မယားကို မိဖို့ပါ၊ အဲဒီအသားထဲက လောက်ကို ပိုင်ပိုင်နိုင်နိုင်မိပြီဆိုရင် ဘယ်သူတွေ ဘယ်ရောက်သွားလဲ အကုန် သိလာရမှာပါ။ တစ်ဖက်နိုင်ငံအစိုးရရဲ့အကူအညီကိုပါယူပြီး အားလုံးကို ပြန်ကယ်ထုတ်နိုင်မယ်လို့ယူဆပါတယ်”

“အလင်းရောင်လေး ပေါ်နေပါပြီ အစ်မရယ်…သန်းကောင်အချိန်ကို လွန်ခဲ့ပါပြီ။ အစ်မတို့သားအမိလည်း ဒီကပဲ စောင့်ကြပေါ့၊ တည်းစရာ အခက်အခဲ ရှိလည်း ကျွန်မတို့အိမ် လိုက်ခဲ့လေ”

မျက်ရည်ဖြိုင်ဖြိုင်ကျနေသောအမေကတော့ ဘာမှပင်မပြောနိုင်၊



အမေ ဒီဘက်ကမ်းက စောင့်နေမယ် သမီးရယ်။ အမေ့ရင်ခွင်ထဲ မြန်မြန်ပြန်လာခဲ့ပါတော့ဟု ရင်ထဲမှအထပ်ထပ်ပြောရင်း မျက်ရည်သုတ်သည်။

“သူက ဒီနည်းနဲ့ ချမ်းသာနေတာ အစ်မရဲ့။ သူက မိန်းကလေးတစ်ယောက်ရောင်းပြီးရင် ရွှေလက်ကောက်တစ်ကွင်း ဝယ်တာ ဖြစ်ရမယ်။ သူ့လက်ထဲက ရွှေလက်ကောက် အရေအတွက်ကို ကြည့်ပြီး သူပို့ခဲ့တဲ့ မိန်းကလေး ဘယ်နှစ်ယောက်ရှိပြီလဲဆိုတာ သိနိုင်မယ်လို့တောင် ရယ်စရာ ပြောနေကြရတယ်”

သူတို့က စိတ်သက်သာအောင် ရယ်စရာပြောခြင်းဖြစ်သော်လည်း ဖြိုးဝေ မရယ်နိုင်၊ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

“အခုတော့ သူနဲ့တကယ်တန်တဲ့လက်ကောက်ကို သူတကယ်ဝတ်ရအောင် အစ်ကိုတို့ အစ်မတို့ တာဝန်ယူပေးပါဗျာ”

ရဲအုပ်ဦးကျော်ပိုင်က ဖြိုးဝေကိုလှမ်းကြည့်ကာပြုံးသည်။ ဖြိုးဝေ ဘာကို ဆိုလိုသနည်း သူသိသည်။

“စိတ်ချညီလေး…အစ်ကိုတို့ရဲ့ တပ်ဖွဲ့မှာ သူတို့အတွက် သံလက်ကောက်တွေ အများကြီး”

ဖြိုးဝေက အမေ့ပုခုံးကို တင်းတင်းဖက်လိုက်သည်။ သူတို့ နှစ်ယောက် အတူလိုက်လာခဲ့ကြသည်။ ထိုနောက် သုံးယောက်အတူတူ ပြန်ကြမည်။ အစ်မစုနွယ်ကို ကိုယ့်ရွာကိုယ့်မြေ၊ ကိုယ့်အိမ်ထဲကို ပြန်ခေါ်လာကြမည်။

“အင်အားတွေကို စုပြီး တင်းပြီး အရောက်ပြန်ခဲ့ပါ အစ်မ…ကျွန်တော်တို့ စောင့်ကြိုနေတယ်…”

*

ရောက်စတုန်းကအေးသလောက် အခုတော့လည်း အအေးတွေ လျော့သွားလိုက်သည်မှာ အတန်ငယ်ပင် အိုက်ချင်သည်။ ယခင်က မချွတ်တမ်းဝတ်နေရသော ဂွမ်းကပ်အင်္ကျီဘောင်းဘီတွေကို ပြန်လှည့်၍ပင် မကြည့်ချင်တော့။ အေးမွန်က မြန်မာပြည်မှပါလာသော ထဘီများကို ဝတ်တော့ယောက္ခမကြီးက မကြိုက်ပေ။ သူတို့လူမျိုး၏ နေ့စဉ်အဝတ်အစားနှင့်မတူဘဲထူးခြားကွဲပြား နေမည်ကို လိုလားဟန်မရှိ။ အေးမွန်အတွက် အင်္ကျီပွပွနှင့်ဘောင်းဘီပွပွ တစ်ထည် ဝယ်လာပေးသည်။ သူ့ဘောင်းဘီက ပေါင်တွင်ပွနေသော်လည်း ဂွကြားက ကြပ်နေသည်။ ထို့ကြောင့် ဝတ်ပြီး မကြာမီမှာပင် ဘောင်းဘီဂွကြားက ပြဲထွက်လေသည်။ ဒီတော့လည်း ထဘီဟောင်းတစ်ထည်ကို ညှပ်ပြီး ဘောင်းဘီဂွကြားနေရာတွင်ထပ်ပိုးကာ လက်ချုပ်ချုပ်ထားရလေသည်။ ကြည့်ရသည်မှာ မလှမပ ဖြစ်နေသော်လည်း လုံလုံခြုံခြုံတော့ ဖြစ်သွားသည်။

ရောက်ခါစက အေးလွန်လွန်း၍ အဝတ်လျှော်ရမည်ကို ကြောက်နေသော်လည်း အခုတော့ အဝတ်လျှော်ရသည်ကို ကြိုက်နေသည်။ ရာသီဥတုက ပူနွေးလာတော့ ရေစိမ်နေရသည်မှာ အပန်းပြေသည်။ အဝတ်ဟောင်းတွေကို စိမ်ပြေနပြေပွတ်လျှော်နေစဉ် စိတ်အတွေးတွေကလည်းလေဟုန်စီးပြီး လွင့်ချင်ရာလွင့် ဝဲလွင့်နေတတ်သည်။

ဆပ်ပြာမြှုပ်ဖြူဖြူများထဲတွင် ဦးလေးနှင့်အဒေါ်ကိုလည်းကောင်း၊ မောင်ကလေးနှစ်ဦးကိုလည်းကောင်း၊ အဒေါ်ဝတုတ်တို့ကိုလည်းကောင်း အဒေါ်၏ယောက်ျား အမူးသမားကြီးကိုလည်းကောင်း အကုန်မြင်ယောင်နေမိတတ်သည်။

"အစ်မစုန္ဒယ်တို့ နှင်းဆီမွှေးတို့ကတော့ အမေတွေ ဆွေမျိုးတွေရှိတော့ သူတို့ပျောက်နေရင် ပျောက်နေမှန်းသိတယ်။ ရှာလည်း ရှာကြမှာ



ပဲ။ ငါ့မှာသာ..."

သူကိုတော့ ပျောက်၍ပင် ပျောက်နေမှန်း ဘယ်သူမှ သိမည်မဟုတ်။ ဂရုစိုက်မည်လည်း မဟုတ်ပေ။ ရန်ကုန်မှာ အဒေါ်ဝတုတ်တို့မဂျပန်မတို့ မန္တလေးက အဒေါ်ဆီ ရောက်နေသည်ဟု ထင်ကြမည် ဖြစ်ပြီးမန္တလေးမှ အဒေါ်ကလည်း အေးမွန်ကို ရန်ကုန်ငါးဈေးထဲမှာ ငါးရောင်းနေသည်ဟုပင် ထင်နေမည် ဖြစ်လေသည်။ မြန်မာပြည်မှ ဝေးလံခေါင်ဖျားလှသောနေရာတွင် အခုလိုရောက်နေလိမ့်မည်ဟု မည်သူတစ်ဦးတစ်ယောက်ကမျှ ထင်လိမ့်မည် မဟုတ်ချေ။

"ဒီရောက်မှ ငါးဆိုတဲ့အကောင်ကို မြင်တောင်မမြင်ဖူးတော့ဘူး၊ အရုပ်ရေးကြည့်ရတော့မလို ဖြစ်နေပြီ။ ငါ ဈေးရောင်းခဲ့ရတဲ့နေရာလေး၊ ဈေးတန်းလေးကို လွမ်းလိုက်တာ။ ငါးမျိုးတွေမှ စုံလို့၊ ငါးခူ ငါးကျည်း၊ ငါး ကြင်း၊ ငါးမြင်း၊ ငါးပတ်၊ ငါးသလဲထိုး၊ ငါးဇင်ရိုင်း၊ ငါးရံ့၊ ငါးဖယ် ...ဟာ... ငါးမျိုးစုံသလို အရသာလည်း စုံလို့...ငါးတစ်မျိုးနဲ့တစ်မျိုး အရသာက တူတာမှ မဟုတ်တာ...ချိုပုံချင်းလည်း တူမှမတူတာ... အင်း...ငါးခူကိုဆီပြန်လေးချက်ပြီး ရဲယိုရွက်နုနုလေးများအုပ်ပြီး စားလိုက်ရရင်..."

"အဲ မုံ"

ယောက္ခမကြီး၏အသံကိုကြားရသည်။ အေးမွန်၏စိတ်ကူးထဲမှ ငါးခူဆီပြန်ဟင်းလေး ဖျောက်ကနဲ ပျောက်သွားသည်။

"အဲ...မုံ"

ယောက္ခမကြီးက သူအဝတ်လျှော်နေရာသို့ ရေးကြီးသုတ်ပြာနှင့်ရောက်လာသည်။ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် တစ်ဦးတည်း ညံစီခတ်အောင် ပြောနေသည်။ အေးမွန် တစ်လုံးမျှ နားမလည်...။

အေးမွန်က သူ့ကို ကြောင်တောင်တောင် ပြန်ကြည့်နေတော့

ယောက္ခမကြီးသည် အေးမွန်လက်ကို ဆွဲကိုင်ကာ ဗွတ်အတင်း ထခိုင်းသည်။ ထိုနောက် အိမ်နောက်ဖေးမှပတ်ကာ တစ်ဖက်ခြံသို့ ကူးသည်။ တစ်ဖက်အိမ်မှ အဘွားကြီးနှင့်အခြေအတင်တွေပြောကြသည်။ ယောက္ခမကြီးက အေးမွန်ကို လက်ညှိုးတထိုးထိုးနှင့် တစ်ခုခု ပြောသည်။ တစ်ဖက်အိမ်မှ အဘွားကြီးက ခေါင်းခါသည်။ သူတို့အခြေအတင်တွေဖြစ်နေကြသည်ကို အေးမွန်က စိတ်ရှုပ်ထွေးစွာ ကြည့်နေသည်။ ဘာတွေဖြစ်နေသနည်း၊ စဉ်းစား၍ မရ...။

ယောက္ခမကြီးက အေးမွန်ကို အတန်ငယ် မှောင်သော ထောင့်တစ်နေရာကို ဆွဲခေါ်သွားပြီး စကားမပြောရန်၊ ငြိမ်ငြိမ်လေး ထိုင်နေရန်၊ လက်ဟန်ခြေဟန်နှင့် ပြောသည်။ ထိုနောက် ခပ်သုတ်သုတ် ပြန်ထွက်သွားသည်။ အိမ်နီးချင်းအဘွားကြီးကလည်း ကြည်လင်ပုံ မရ၊ ကုတ်ချောင်းချောင်း ထိုင်နေသော အေးမွန်ကို ကြည့်လိုက်၊ တဖျစ်တောက်တောက် ပြောလိုက်၊ နောက်ဖေးပေါက်မှနေပြီး အပြင်ကို ကြည့်လိုက်နှင့် တစ်စုံတစ်ခုအတွက် ဂဏာမငြိမ် ဖြစ်နေပုံရလေသည်။

"တစ်ခုခုတော့တစ်ခုခုပဲ၊ ဘာတစ်ခုခုမှန်းတော့ မသိဘူး"

အေးမွန်က သူ့ကိုယ်သူ ပြောသည်။ အဘွားကြီး ချောင်းကြည့်နေသလို သူကလည်း သူ့အိမ်ဖက်လိုက်ပြီး ချောင်းကြည့်မိပြန်တော့ အဘွားကြီးက ပြန်ထိုင်နေရန် အမူအယာပြသည်။ သူ၏မီးဖိုချောင်ထဲသို့ အေးမွန် ရောက်နေသည်ကို လိုလားဟန် မရှိသော်လည်း အပြင်ထွက်သွားမည်ကိုလည်း စိုးရိမ်နေပြန်သည်။

"ဘာတွေဖြစ်နေတာလဲ ဟ"

အေးမွန်က အတန်ငယ် ကြောက်ရွံ့လာသည်။ ဘာတွေဖြစ်နေသနည်း။ သူနှင့်လည်း မည်ကဲ့သို့ ပတ်သက်နေသနည်း။



ခဏနေတော့ သူတို့အိမ်ဖက်မှာ စကားပြောသံတွေ ကြားနေရသည်။ သူကြားနေကျ သူ၏ယောကျ်ားနှင့် ယောက္ခမတို့၏ အသံများ မဟုတ်။ လူစိမ်းတို့အသံများဖြစ်နေသည်။ အဘွားကြီးကလည်း အတော်စိတ်ဝင်စားနေပုံရသည်။ သူ့ခန္ဓာကိုယ်ကြီးကို ကုန်းပြီး ကိုင်းပြီး ချောင်းကြည့်နေလိုက်သည်မှာ အေးမွန်ကိုပင် ဂရုမစိုက်နိုင်တော့ပေ။ ဒီတော့လည်း အေးမွန် ခများ မနေနိုင်၊ သူ့နေရာတွင် ထိုင်မနေနိုင်တော့ဘဲ အဘွားကြီး၏ နောက်မှ ကပ်ခါ လိုက်၍ ချောင်းကြည့်ရင်း ဘုမသိဘမသိနှင့် ရင်တွေတုန်နေသည်။

ဒီရောက်ကတည်းက သူအကြောက်ဆုံးကိစ္စတစ်ခု ရှိနေသည်။ ဒါကတော့ အဖိုးတန်ပစ္စည်းတစ်ခုခု သို့မဟုတ် ပိုက်ဆံတွေ ပျောက်ရှပြီး သူယူသည်ဟု အစွပ်စွဲခံရမည်ကိုဖြစ်သည်။ သူသည် သူ၏တစ်သက်တာလုံး ပါဏာတိပါတာကံတွေကို ဖောဖောသီသီကျူးလွန်ခဲ့သော်လည်း သူတစ်ပါး ပစ္စည်းကိုတော့ အပ်တိုတစ်ချောင်းပင် မယူခဲ့ဖူးချေ။ ယူသည်ဟု အစွပ်စွဲခံရမည်ကိုလည်း တွေးပြီးကြောက်နေတတ်လေသည်။

"ဟာ"

ခဏနေတော့ နောက်ဖေးပေါက်မှနေပြီး လူလေးဦးခန့်ထွက်လာသည်။ ခြံထဲတွင် ဟိုကြည့်ဒီကြည့်နှင့်ကြည့်နေသည်။ ဘုရား...ဘုရား...ထိုသူများဝတ်ထားသောဝတ်စုံသည် ရဲဝတ်စုံများထင်ရသည်။

"ဘုရား...ကယ်ပါ...ငါ့ကိုများ ရဲတွေလာဖမ်းတာလား။ ငါဘာမှ မခိုးပါဘူးဆိုတာ ဘယ်လိုပြောရမလဲ။ သူတို့စကားကိုလည်း ငါမပြောတတ်ဘူး"

အေးမွန်သည် သူ့ရင်ပတ်ကိုသူ ဖိထားသည်။ အကယ်၍ သူ့ကို လာဖမ်းကြလျှင် သူဘယ်လိုရင်ဆိုင်ရမည်နည်း။ ဘယ်လိုဖြေရှင်းရမည်

နည်း။

"အေး မွန်..."

"ဟင်..."

အေးမွန်လန့်သွားသည်။ အေးမွန်...တဲ့။ သူ့ကို တစ်စုံတစ်ဦးက အော်ခေါ်နေသည်။ ဒီလို ပီပီသသ ခေါ်သူဆိုလျှင် မြန်မာပင် ဖြစ်ရမည်။ ဒီက လူတွေ အခေါ်အရ သူ့အမည်သည် "အဲမုံ" ဖြစ်သည်။

"အေး မွန်..."

"ဟင်...လင်း လင်း"

လင်းလင်းက နောက်ဖေးက ကောက်ရိုးပုံနားတွင် ပတ်၍ ရှာရင်း အော်ခေါ်နေသည်။ လင်းလင်းက ရဲများနှင့်အတူ ဘာလာလုပ်တာလဲ။ တစ်နည်းတော့ အားရှိသွားသည်။ လင်းလင်းရှိလျှင် သူဘာပစ္စည်းကိုမှ မခိုးပါဘူးဟုဆိုသည်ကို လင်းလင်းကို ဘာသာပြန်ပြီးပြောခိုင်း၍ရသည်။

"အေး မွန်...နင်ရှိရင်ထွက်ခဲ့"

လင်းလင်း၏အသံက တက်ကြွနေသည်။

"နန်းထွေးက ရဲကိုသွားတိုင်လို့ အခု ရဲကြီးတွေလိုက်လာတာ။ ငါတို့ကို လာခေါ်တယ် မြန်မာပြည်ပြန်ရမယ်တဲ့"

"ဘုရားရေ...အဲဒါ....တကယ်ပဲလား"

အေးမွန်သည် ကြားလိုက်ရသောစကားကို မယုံမရဲနှင့် ဒေးကြောင်ကြောင် ဖြစ်သွားသည်။ ရင်ထဲမှ နှလုံးသားသည် ဝုန်းကနဲပြုတ်ထွက်လာပြီး လည်ချောင်းဝသို့ ပြေးတက်လာသယောင်ခံစားရသည်။ လည်ချောင်းကြပ်ကြပ်ကလေးထဲတွင် တစ်နေသောနှလုံးသားကလည်း ငြိမ်ငြိမ်နေသည် မဟုတ်။ တဒိတ်ဒိတ်နှင့် ခုန်နေ၍ လည်ချောင်းတစ်ခုလုံး ဆို့ပြီး ကြပ်နေသည်။ ဘာအသံမှ ထွက်မလာနိုင်။



"အေးမွန် ငါတို့ပြန်ရတော့မယ်"

လင်းလင်းက အော်သည်။

"ငါတို့ပြန်ရတော့မယ်"

အေးမွန်ကစိတ်ထဲမှ ထပ်ဆင့် ရေရွတ်ရင်း မျက်လုံးအိမ်တွင် မျက်ရည်များ ချက်ချင်းပြည့်လာသည်။ ထိုနောက် ရောဂါတာကျိုးသလို အန်ကျလာသည်။

"လင်း...လင်း"

သူက အကျယ်ကြီး အော်လိုက်သော်လည်း တိုးတိုးလေးသာ ထွက်လာသည်။ အမှောင်မိုက်ဆုံးအချိန်များသည်လည်း ကုန်ဆုံးချိန် ရှိပါသည်။ ထိုအချိန်ကို သူစောင့်နေခဲ့သည်။

"လင်း...လင်း...ငါ..ဒီမှာ"

ဒီတစ်ခါတော့ အသံနည်းနည်း ထွက်လာသည်။ အဘွားကြီး မတားဆီးနိုင်မီ အေးမွန်သည် လက်နှစ်ဖက်ကို ဝှေ့ယမ်းကာ တရှိန်ထိုး ပြေးထွက်လိုက်သည်။

တစ်ဖက်အိမ်၏နောက်ဖေးပေါက်မှပြေးထွက်လာသော အေးမွန်ကို လင်းလင်းက ဝမ်းသာအားရကြိုဆိုသည်။

"နန်းထွေးကို ကျေးဇူးတင်ရမယ်သိလား။ သူသွားတိုင်လို့ ငါတို့ရဲ့အကြောင်းတွေကို ဒီက ရဲကြီးတွေ သိသွားတာ၊ ဆေးမင်ကြောင်တို့ လင်မယားကိုလည်း ဖမ်းထားပြီတဲ့..."

ငိုလိုက် ရယ်လိုက်ဖြစ်နေသော သူတို့နှစ်ဦးကို ကြည့်ကာ ရဲသားကြီးတွေက ရယ်မောနေကြသည်။ ထိုနောက် သူတို့နှင့်အပါ တစ်ခါတည်း ခေါ်ဆောင်သွားသည်။ မျက်စိမျက်နှာပျက်နေသော ယောက္ခမကြီးကို လှမ်းကြည့်ရင်း အေးမွန်က စိတ်ထဲမှ တီးတိုးပြောလိုက်မိသည်။

"အဲဒီ...အဝတ်ဇလုံကြီးတော့ ကိုယ့်ဟာကိုယ်ပဲ ဆက်လျှော်လိုက်တော့နော် အမေကြီး...ကျွန်မတော့ ဝဋ်ကျွတ်သွားပြီ..."

*

နန်းထွေးဟူသော ကောင်မလေးက သေးသေးသွယ်သွယ် ဖြူဖြူနွဲ့နွဲ့လေး ဖြစ်သည်။ မျက်နှာ ချိုချိုပျော့ပျော့နှင့် ချစ်စဖွယ်ကောင်းလှသည်။

"ငါ့လိုပဲ အားလုံးလွတ်အောင်လို့"

သူ့ကို ဝိုင်းပြီး ကျေးဇူးတင်နေကြသော မိန်းကလေးများကို သူက ထိုစကားကိုချည်း ထပ်ခါတလဲလဲ ပြန်ပြောနေသည်။ သူ့ခမျာ ဗမာစကားကို သွက်သွက်လက်လက် မပြောတတ်ချေ။

"သူက ရဲဌာနမှာ ရှင်းပြပြီးတော့ ရဲသားတွေကို ဆေးမင်ကြောင်တို့အိမ်ကို ပြပေးတာ။ အဲဒီမှာလည်း ဟောဟိုက နှစ်ယောက်ရောက်နေပြီ။ သူတို့ ကံကောင်းတာက ငါတို့လို ယောကျ်ားမယူရသေးတာပဲ။ နန်းထွေးက ဗမာ စကား ကောင်းကောင်းမတတ်တော့ ငါ့ဆီကို တစ်ခါလာတယ်။ သူက အားလုံးကို လွတ်စေချင်တယ်။ ဒါပေမယ့် ဘယ်သူတွေ ဘယ်မှာရှိနေလဲ သူမသိဘူး မဟုတ်လား။ ငါကတော့ ကြာပြီဆိုတော့ ဒီကအကြောင်းတွေ အတော်သိထားတယ်။ ဒါနဲ့ ငါသိသမျှ မြန်မာတွေကို လိုက်ခေါ်ပေးတာ။ စုနွယ်နဲ့ နှင်းဆီမွှေးကိုတော့ ယာခင်းမှာ သွားခေါ်လာတာ"ဟု လင်းလင်းက ရှင်းပြသည်။

ရဲဌာနရောက်မှပင် သူတို့လို ဘဝတူတွေ အယောက်နှစ်ဆယ်လောက် ရှိနေသည်ကို သိရတော့သည်။ နှစ်ယောက်က ကိုယ်ဝန်နှင့် ဖြစ်သည်။ မိန်းကလေးတစ်ယောက်ကတော့ မျက်နှာလေးညှိုးနေသည်။ အင်္ကျီရင်ပတ်တွင်လည်း နို့ရည်များ စွန်းထင်းနေသည်။



"သူ့သားလေးက နှစ်လသားပဲ ရှိသေးတာ။ ထားခဲ့ရတယ်တဲ့"

မြန်မာအချင်းချင်း စကားမပြောရတာကြာပြီဖြစ်သော နှင်းဆီမွှေးက စကားတွေ တဖောင်ဖောင်ပြောကာ လူတိုင်းအကြောင်းကိုလိုက်ပြီး စပ်စုနေသည်။ ထိုနောက် သူသိသမျှကို စုနွယ်အား ချက်ချင်းသတင်းပို့လေသည်။

"သူကတော့ ငါတို့ထက် ပိုဆိုးတာပေါ့"

စုနွယ်က တွေးသည်၊ သူတို့က သူတို့၏အဆက်အနွယ်အတွက် သားဖောက်စက်အဖြစ် အသုံးပြုခဲ့ခြင်းသာဖြစ်သော်လည်း ထိုသားဖောက်စက်က စက်ရုပ်တစ်ခုမဟုတ်ဘဲ နှလုံးသားရှိသော လူသားတစ်ဦး ဖြစ်နေသည်။ သားသမီးဟူသော သံယောဇဉ်ကြိုး၏ တင်းတင်းကြပ်ကြပ်ရစ်ပတ်ချည်နှောင်ခြင်းခံရသောမိခင်တို့၏ နှလုံးသားသည် မည်မျှထိခိုက်နာကျင်ပြီး ကြေကွဲရမည်ကို စုနွယ်ကိုယ်ချင်းစာနိုင်ပါသည်။

အဆိုးထဲမှအကောင်းဟုပင် ပြောရလေမလား မသိရပေ။ သူတို့သုံးယောက်လုံးတွင် ကိုယ်ဝန်ပါမလာခြင်းက အတော်ကို ကံကောင်းခြင်းဖြစ်လေသည်။ သို့ပါသော်လည်း သုံးလကျော်ကျော် လေးလနီးပါးမက်ခဲ့ရသော အိပ်မက်ဆိုးကြီးကတော့ သူတို့ကို ဘယ်အချိန်အထိခြောက်လှန့်နေဦးမည်နည်း၊ မပြောနိုင်သေးချေ။

"ဒီလောက်တောင် သူများတိုင်းပြည်ထဲမှာ ဝေးဝေးလံလံ ခေါင်ခေါင်ဖျားဖျားထဲမှာ ဒီလိုဘဝရောက်ပြီးမှ ပြန်လွတ်လာနိုင်တယ်ဆိုတာ အတော်ကို ခဲယဉ်းတဲ့ကိစ္စပဲ၊ ကံတရားကို ကျေးဇူးတင်ရမယ်၊ နန်းထွေးကိုလည်း ကျေးဇူးတင်ရမယ်"

စုနွယ်က တစိမ့်စိမ့်တွေးမိသည်။

"မြန်မာပြည်ဘက်က ပွဲစားကိုလည်း မြန်မာအစိုးရက မိထားပြီတဲ့ ...ဒါကြောင့် ဒီကိုလှမ်းပြီးဆက်သွယ်နေတယ်။ ငါတို့ကို ရှာပေးဖို့လည်း အကူအညီတောင်းနေတယ်လို့ သူတို့ရဲ့အချင်းချင်း ပြောနေတာ ငါကြားတယ်"

လင်းလင်းက သတင်းပေးသည်။

"ဒီလိုဆိုရင် ဟိုဗိုင်းတာမကြီးကို မိထားပြီပေါ့"

နှင်းဆီမွှေးနှင့် အေးမွန်က သံပြိုင်ပြောသည်။ သူတို့နှစ်ယောက်က မြန်မာပြည်ကို အခုချက်ချင်းပဲ ပြန်ရောက်သွားရတော့မလို အူတွေမြူးနေသည်။

"ငါတို့ပြန်ရောက်ရင် အဲဒီဟာမကြီးလင်မယားတော့ ထောင်ထဲရောက်နေလောက်ပြီထင်တယ်။ ဒါပေမယ့် မကြေသေးဘူး။ ထောင်ထဲလိုက်သွားပြီး ပါးနှစ်ချက်စီလောက် ချလိုက်ချင်သေးတယ်" ဟူ၍လည်း ပြောနေသေးသည်။

သူတို့နှင့်စာလျှင် နဂိုတည်းက ပိုငြိမ်သော စုန္ဒယ်က အခုတော့ ငြိမ်သည်ထက်ပင် ပိုပြီးငြိမ်နေသည်။

"ငါတို့တစ်တွေ အလုပ်တွေလုပ်ကြမယ် ပိုက်ဆံတွေ စုကြမယ် ဆိုပြီး တက်တက်ကြွကြွနဲ့ ထွက်လာလိုက်ကြတာ ပြုံးလို့မှပျော်လို့ပဲ။ အဲဒီတုန်းကတော့ အပင်ပေါ်မှာ လန်းနေတဲ့ ပန်းပွင့်လေးတွေနဲ့တူမယ် ထင်ပါရဲ့... အခုတော့...အခုတော့..."

စုန္ဒယ် မျက်ရည်သုတ်သည်။

"သမီးတို့ဘဝ၊ နွမ်းခဲ့ရပြီ အမေ"

*



"ဘယ်လောက်ပဲနွမ်းနွမ်း၊ ကြိုဆိုပါတယ်သမီးတို့ရယ်၊ အမိမြေရဲ့ ရင်ခွင်ဟာ သာတဲ့လန်းတဲ့ သားသမီးတွေအတွက်သာမဟုတ်ဘူး။ နာတဲ့ နွမ်းတဲ့ သားသမီးတွေအတွက်လည်း နေရာတွေ ရှိပါတယ်"

မြန်မာပြည်ဘက်မှ ကြိုဆိုနေသူ အမျိုးသမီးအဖွဲ့ဝင် တစ်ဦး၏ အားပေးစကားကို စုန္ဒယ်တို့ ဒီတစ်သက် မေ့နိုင်လိမ့်မည်မဟုတ်ချေ။

"ဒါတို့ပြေ၊ ဒါတို့မြေ၊ တို့ပိုင်တဲ့မြေ" ဟူသောစကား၏အဓိပ္ပာယ်ကို အခုမှပင် သူတို့တစ်တွေ ကောင်းစွာ သဘောပေါက်ခဲ့ရသည်။ မိမိပိုင်မြေပေါ်တွင် မတ်မတ်ရပ်ရင်း ဦးခေါင်းကိုမော်ထားရသောအရသာကို သူတို့ ယခင်က အလေးထားရကောင်းမှန်းမသိခဲ့ပေ။

သူတစ်ပါးတိုင်းပြည်တွင် လေးလကျော်ကျော် ကိုယ်ရောစိတ်ပါ ညှိုးနွမ်းစွာနေခဲ့ရသဖြင့် ကိုယ့်မြေကိုယ့်ပြည်ကိုပြန်ရောက်တော့ အရာရာသည် လှပနေသည်။ လေသည်ပင်လျှင် ပိုပြီးရှူလို့ကောင်းနေလေသည်။

စုန္ဒယ်လည်း အမေနှင့်အတူ ပြန်ပြီးအိပ်ခွင့်ရခဲ့ပြီ ဖြစ်လေသည်။ တောင်တံကြီးနံ့ ပုံ့ပုံ့သင်းသော အမေ့ရင်ခွင်ထဲသို့ တိုးဝင်လိုက်ပြီးလျှင် မက်ခဲ့ရသောအိပ်မက်ဆိုးကို မေ့ပစ်နိုင်အောင်ကြိုးစားရသည်။

"အမေတို့မိန်းမတွေရဲ့ဘဝဟာ ပန်းပွင့်လေးတွေနဲ့တူတယ် သမီး" အမေက ပြောသည်။

"တချို့ပန်းလေးတွေက လှတယ်။ မမွှေးဘူး၊ တချို့ကျတော့ မွှေးတယ် မလှဘူး၊ ကံကောင်းတဲ့ပန်းလေးတွေကျတော့ မွှေးလည်းမွှေးပြီး လှလည်း လှတယ်။ မိန်းမတွေရဲ့ဘဝဟာ အဲဒီလိုပဲ..."

အမေ့အသံအေးအေးက စုန္ဒယ်၏နှလုံးသားကို ပွတ်တိုက်ဖြတ်ကျော်ကာ ဟိုးအဝေးကြီးဆီသို့ ပျံ့လွင့်ပဲ့တင်ထပ်သွားသည်ဟု ထင်မှတ်မိသည်။

"တချို့ပန်းလေးတွေကျတော့ အပင်ပေါ်မှာ ပွင့်ရပေမယ့် ပွင့်တယ်လည်း ဆိုရော၊ ကြွေရောဆိုတဲ့ ခရေပန်းလေးတွေလေ"

အမေက စုန္ဒယ်၏ဆံနွယ်စလေးများကို ယုယစွာ ပွတ်သပ်ပေးနေသည်။ အမေ့ရင်ခွင်ထဲသို့ ယခုလို ပြန်လည်တိုးဝင်ခွင့်ရခြင်းသည် စုန္ဒယ်၏ ဘဝအတွက် ကြီးစွာသောဆုလာဘ် ဖြစ်လေသည်။ ထိုနောက် အေးမွန်နှင့် နှင်းဆီမွှေးတို့ကို သတိရသည်။ နှင်းဆီမွှေး၏အဖြစ်အပျက်ကို သူ၏မိဘများက သိပင်မသိလိုက်။ အစ်မကြီးကလည်း စာများကို ဖျောက်ဖျက်ပစ်လိုက်တော့ ရန်ကုန်က အိမ်မှာပင် ဆက်၍ လုပ်နေသည်ဟု ထင်နေသည်။ အေးမွန်ခများမှာတော့ နေစရာအိမ်ပင် မရှိရှာ၊ အခုတော့ သူတို့သည် အသက်မွေးမှုသင်တန်းကျောင်းတွင် အချုပ်အလုပ်သင်ရင်း နေရစ်ခဲ့ကြသည်။ စုန္ဒယ်နှင့် အမေက သူတို့ဆီသို့ မုန့်လေးပဲလေးသွားပို့လျှင် အားကျသော မျက်လုံးလေးများနှင့်ငေးကြည့်ကာ မျက်ရည်ဝဲတတ်သည်။

"ဒါပေမယ့် ခရေပွင့်လေးတွေဟာ အကြွေမို့ အနွမ်းမို့ ဆိုပြီး တန်ဖိုးလျှော့မသွားဘူး သမီး၊ ဘာလို့လဲဆိုတော့ သူက သိပ်ပြီးမွှေးတာကိုး"

အမေက မွှေးတာကိုးဟု ပြောကာမှ စူးစူးနစ်နစ်မွှေးသော ပန်းရနံ့ကို ရှူရှိုက်လိုက်ရသည်။ သူတို့သားအမိဘေးသို့ရောက်လာသော ဖြိုးဝေက "ဟော့–အမေ့ကို ဘာတွေ ကပ်ချွဲနေတာလဲ" ဟုပြောရင်း ခရေပန်းသုံးကုံးကို မြှောက်ပြသည်။ တစ်ရာဖိုးသုံးကုံးဆိုလို့ဝယ်လာတာ။ မွှေးတယ်နော် အမေ" ဟု ဆက်၍ပြောသည်။

နီးကြိုးနှင့်မသီဘဲ အပ်ချည်ကြိုးနှင့် သီထားသဖြင့် ခရေပန်းကုံးလေးများမှာ ပျော့ပျော့အိအိလေး ဖြစ်နေသည်။ အမေက လက်နှစ်ဖက်နှင့် ခံယူလိုက်တော့ အမေ့လက်ထဲတွင် ပန်းတွေနှင့် ပြည့်လျှံသွားသည်။ အမေက လက်ခုပ်နှစ်ဖက်ကိုမြှောက်ကာ အသာအယာရှိုက်နမ်းလိုက်သည်။



"မွှေးလိုက်တဲ့ပန်းနံ့လေးကွယ်၊ ရင်ထဲထိအောင်ကို စီးပြီးဝင်သွားသလိုပဲ၊ ဒီအနံ့လေးဟာ ကြွေပေမယ့်လည်း မပျယ်ဘူး၊ နွမ်းပေမယ့်လည်း မပျယ်ဘူး။ နောက်ဆုံးတစ်နေ့ ခြောက်သွားရင်တောင် မပျောက်ဘူး"

စုန္ဒယ်က အမေ့ကို ငေးကြည့်ရင်း ခေါင်းငြိမ့်သည်။

"ပန်းလေးတစ်ပွင့်ရဲ့တာဝန်မှာ လှပဖို့ လန်းဆန်းဖို့ ဆိုတာတွေလိုပဲ မွှေးပျံ့ဖို့ ဆိုတာကလည်း အရေးကြီးတယ်ဆိုတာ သမီး သဘောပေါက်တယ် မဟုတ်လား"

စုန္ဒယ်က ထပ်၍ ခေါင်းငြိမ့်သည်။

ထိုနောက် ကိုယ်စိတ်နှလုံး ငြိမ်းချမ်းစွာ အိပ်ပျော်သွားခဲ့လေသည်။ အပြင်ဖက်တွင် တသင်းသင်းမွှေးပျံ့နေသော ခရေပန်းရနံ့မှာ အိပ်မက်ထဲအထိအောင်ပင် လိုက်ပြီး မွှေးပျံ့ကြိုင်သင်းနေလေသည်။

*

အခုတော့ အေးမွန်ရော၊ နှင်းဆီမွှေးပါ စုန္ဒယ်တို့အိမ်သို့ ရောက်နေကြပြီ ဖြစ်သည်။ အမေက သူတို့နှစ်ဦးကို နွေးထွေးစွာ ကြိုဆိုလက်ခံခဲ့လေသည်။

အမေ အပျိုဘဝကတည်းက ချုပ်ခဲ့သော စင်းကားခြေနင်းစက်ဟောင်းဟောင်းကလေးမှာ တချပ်ချပ်နှင့် နင်းတိုင်းပြေးနေပြီ ဖြစ်လေသည်။ သူတို့၏အပ်ချုပ်ဆိုင်လေးတွင် အင်္ကျီညှပ်သူညှပ်၊ ကော်ကပ်သူကပ်၊ အပ်စောင်းလိုက်သူလိုက်နှင့် တက်ညီလက်ညီ ရှိလှသည်။ စသံ၊ နောက်သံ၊ ရယ်မောသံလေးများနှင့် စည်စည်ကားကားဖြစ်နေတတ်သည်။

သူတို့ဆိုင်ကို အားပေးသူအတော်များလာတော့ စုန္ဒယ်က သူတို့၏ အပ်ချုပ်ဆိုင်လေးကို အမည်ပေး ဆိုင်းဘုတ်တင်ထားသည်။ အောက်ခံ

အပြာပေါ်တွင် စာလုံးဖြူဖြူလေးနှင့် ရေးထားသော ဆိုင်အမည်လေးက ထင်းထင်း ကွင်းကွင်းရှိသည်။ အိမ်ရှေ့မှဖြတ်ပြီး ကျောင်းသွားသော ကလေးများကလည်း အော်ပြီး ဖတ်သွားလေ့ရှိသည်။

"ပန်း ပွင့် ခ ရေ "တဲ့….။

ထိုအမည်လေးကို ကြားတိုင်း သူတို့ သုံးဦးက အမေ့ကို လှမ်းကြည့်မိကြသည်။ ထိုနောက် အားမာန်အပြည့်နှင့်ပြုံးမိကြလေသည်။

"ပန်း ခ ရေ…ကြွေပေမယ့်….ဝေဆဲပါ အမေ…."

(အမျိုးသမီးများ၏ဘဝပုံရိပ်ဝတ္ထုများ–၂ မှ)

# ဖန်ခွက်ထဲက ရေတစ်ဝက်

"တတ်များ တတ်နိုင်ရင်လေ..."

ထိုအတွေးလေးများကို ကိုဖြိုး အမြဲတွေးခဲ့ဖူးသည်။ ငယ်ငယ်တုန်းကတော့

"တတ်များတတ်နိုင်ရင်လေ–ချိုချဉ်တွေ ကိတ်မုန့်တွေနဲ့ အိမ်ဆောက်မှာ"

"တတ်များတတ်နိုင်ရင်လေ–အရမ်းအရိုက်ကြမ်းတဲ့ တီချယ် ဒေါ်စီစီထွေးကို ကျောင်းပြောင်းပစ်လိုက်မှာ"

"တတ်များတတ်နိုင်ရင်လေ၊ အဖေနဲ့အမေကို သူဋ္ဌေးလိုထားမှာ"

စသည်စသည်ဖြင့် တွေးလေ့ရှိသည်။ ကိုးတန်းနှစ်တုန်းကတော့

"တတ်များတတ်နိုင်ရင် အော်ဂင်တစ်လုံး ချက်ချင်းဝယ်ပစ်လိုက်မှာ" ဟု မကြာခဏ တွေးခဲ့မိသည်။

"တတ်များတတ်နိုင်ရင်လေ – အတန်းထဲမှာ အမြဲတမ်း ပထမရ



နေအောင် စာတော်တဲ့သူဖြစ်ချင်လိုက်တာ" ဟူ၍တော့ တစ်ခါမျှ မတွေးခဲ့ဖူးချေ။ အဘယ်ကြောင့်ဆိုသော် ကိုဖြိုးသည် ကိုယ်တိုင် စာသိပ်မတော်သော်လည်း သူ့ထက် စာတော်သူများကို မရှုစိမ့် မဖြစ်ဖူးသလို အားလည်း မကျသောကြောင့်ဖြစ်သည်။ သူ့အတွက်တော့ စာတော်ချင်လျှင် အလွယ်ကလေးပင် ဖြစ်သည်။ စာတော်ချင်လျှင် ဦးစွာပထမ စာကျက်ရမည် ဖြစ်သည်။ စာကျက်ရသောအလုပ်သည် ကိုဖြိုး အပျင်းဆုံးအလုပ်ထဲတွင် တစ်ခုအပါအဝင် ဖြစ်သည်။ ဉာဏ်ကောင်းသူမို့ စာရလွယ်သည်။ သူ့ကိုယ်သူ စာရလွယ်မှန်း သိသောကြောင့်လည်း ပို၍ပျင်းခြင်း ဖြစ်လေမလား မသိ၊ ကျက်စရာရှိသော စာများကို နောက်ဆုံးအချိန်ကပ်ပြီးမှ ရရုံလောက်သာ ဝတ္တရားကျေ ကျက်လေ့ရှိသောသူဖြစ်သည်။ ပျင်းတော့လည်း ပျင်းရိခြင်း၏ ရလဒ်ကို သူခံစားရသည်။ ဘယ်တုန်းကမှ အတော်စာရင်းမဝင်ခဲ့ဖူးချေ။ မတော်တော့လည်း သိပ်မညံ့တော့ အတန်းတင်စာမေးပွဲများကို ပွတ်ကာသီကာ ကပ်၍ အောင်ရင်း ဆယ်တန်းအထိ ချောချောမောမော ရောက်လာသည်။

"ဆယ်တန်းဟာ သိပ်အရေးကြီးတယ်နော်၊ မင်းရဲ့ဘဝရဲ့ရှေ့ရေးကို ဆယ်တန်းက ဆုံးဖြတ်မှာပဲ"

ဖေဖေက တဖွဖွပြောသည်၊ အဖေက နိုင်ငံခြားသင်္ဘော သုံးနှစ်ခန့် လိုက်ဖူး၍ ကားတစ်စီးအဖတ်တင်ခဲ့သည်။ ထိုကားလေးကို အဖေကိုယ်တိုင် အငှားမောင်းရင်း တစ်မိသားစုလုံး၏ စားဝတ်နေရေးကို ဖြေရှင်းပေးနေသည် ဖြစ်သည်။ သူကိုယ်တိုင် ဘွဲ့မရဖူးလေတော့ သားသမီးသုံးဦးလုံးကို မျှော်လင့်ချက် ကြီးကြီးထားသည်။ အထူးသဖြင့် သားကြီးဖြစ်သော ကိုဖြိုးကို ပိုပြီး မျှော်လင့်သည်။ ဆယ်တန်းအောင်လျှင် စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်း တက်စေချင်နေမှန်း ကိုဖြိုးသိသည်။ ထို့ကြောင့် အမှတ်ကောင်းကောင်း

လေးနှင့် အောင်စေရန် တစ်ချိန်လုံး တွန်းအားပေးနေခြင်း ဖြစ်လေသည်။

ခက်သည်က အဖေက တွန်းလေ၊ သူက ပျင်းလေဖြစ်နေခြင်းပင်၊ ဆယ်တန်းအရေးကြီးပါသည်ဆိုမှ သူက စာထဲတွင် ခါတိုင်းလောက်ပင် စိတ်ဝင်စား၍မရ။ အရွယ်အပြောင်း၊ သွေးအပြောင်း၊ စိတ်အပြောင်းမို့ စိတ်ဝင်စားမှုကလည်း ပြောင်းသည်။ အသံကလည်း ပြာတာတာ အက်တက်တက်နှင့် ဖြစ်လာသည့်အတွက် ခါတိုင်းလို သီချင်းအော်ဆိုလျှင်ပင် ကိုယ့်အသံကို နားဝင်မချိုချင်တော့၊ ညီမလေးမစိုးက သူစကားပြောလျှင် တစ်ခစ်ခစ်ရယ်ရင်း ကိုဖြိုးကြီးအသံက ဩတောတော၊ အက်တက်တက်နဲ့ ဘယ်လိုကြီး ဖြစ်နေတာလဲ” ဟုပြောတတ်သည်။ အဖေကတော့ အဲဒါ ဟော်မုန်းပြောင်းတာဟု ပြောသည်။

ဟော်မုန်းပြောင်းတာလား၊ စိတ်ပြောင်းတာလား၊ မျက်စိအမြင်ပြောင်းတာလား၊ ဘာပြောင်းတာမှန်းတော့မသိ သူ့မျက်စိထဲတွင် မြင်မြင်သမျှ ကောင်မလေးများသည် လှနေကြသည်။ စိတ်ကူးယဉ်စရာလည်း ကောင်းနေကြသည်။

“ဒီအရွယ်ဟာ သစ်ရွက်လှုပ်တာတောင် ရယ်တတ်တဲ့ အရွယ်” ဟု အမေကပြောသည်။ ကိုဖြိုးကတော့ မရယ်ချင်ပါ၊ မရယ်ချင်သည့် အပြင် လွမ်းနေသည်။ သစ်ရွက်လှုပ်လည်း လွမ်းသည်။ လေတိုက်လည်း လွမ်းသည်။ မည်သူ့ကိုလွမ်းရမှန်းမသိ၊ လွမ်းစရာလည်းမရှိပါဘဲနှင့် လွမ်းလွမ်းဆွေးဆွေးလေး ဖြစ်နေသည်။

သချ်ာတွက်ရ၊ စာကျက်ရသည်ထက် အချစ်ဝတ္ထု အချစ်ကဗျာလေးများ ဖတ်ရသည်ကို ပိုပြီးပျော်မွေ့လာသည်။ တစ်ယောက်တည်း ငြိမ်ငြိမ်လေး ငေးရင်း ကဗျာတို စာတိုလေးများရေးရင်း မရှိသေးသောချစ်သူ၊ မကွဲရသေးသောချစ်သူကို ကြိုပြီးကွဲကာ လွမ်းနေရသည်မှာ အရသာရှိလှ



သည်။

“တတ်များတတ်နိုင်ရင်လေ – အဲဒီကောင်မလေးရဲ့အချစ်ဦးဟာ ငါဖြစ်ချင်လိုက်တာ...”

ကိုဖြိုး ပထမဆုံးကြိုက်မိသည်က အင်္ဂလိပ်စာကျူရှင်မှ ကောင်မလေးဖြစ်သည်။ အင်္ကျီပန်းရောင်လေးများကို အလဲလဲဝတ်တတ်ပြီး ပန်းရောင် ဖဲစည်းကြိုးအမျိုးမျိုးစည်းတတ်သောကြောင့် သူ့ကို ကိုယ့်ဟာကိုယ် “ပင်ကီ”ဟု အမည်ပေးထားသည်။ ပင်ကီကတော့ သူ့ကို ဖုတ်လေသည့် ငါးပိ ရှိလေသည်ပင် မထင်၊ နောက်တော့ ဆယ်လူလာဖုန်းလေး ခါးတွင်ချိတ်ထားသော ကောင်လေးတစ်ယောက်က ကျူရှင် လာ၍ ကြိုသည်ကို တွေ့ရလေသည်။ ထိုကောင်လေးကို လှမ်းမြင်လိုက်တိုင်း တောက်တောက်ပပလေး ဖြစ်သွားသော ပင်ကီ၏ မျက်လုံးလေးများကို ငေးကြည့်ရင်း ကိုဖြိုး၏ အသည်းလည်း လူမသိသူမသိ ဟက်တက်ကွဲခဲ့ရလေသည်။ အသည်းကွဲပြီဆိုတော့လည်း ပိုပြီးလွမ်းလို့ ကောင်းသွားလေသည်။

ဒုတိယအကြိမ် ကြိုက်မိပြန်သည်ကတော့ လမ်းထိပ်မှ ကောင်မလေး ဖြစ်သည်။ အသားညိုစိမ့်စိမ့်နှင့် စံပယ်တင်မှဲ့လေးရှိသည်။ ကောင်မလေး အိမ်နားတွင် မုန့်ဟင်းခါးဆိုင်ရှိ၍ သူက မနက်တိုင်း မုန့်ဟင်းခါးသွားစားရသည်။ ထိုအချိန်တွင် ကောင်မလေးက စာအော်ကျက်နေတတ်သည်။

“တတ်များတတ်နိုင်ရင် အိမ်ချင်းကပ်ပြီး နေချင်လိုက်တာ” ဟု သူက တောင့်တောင့်တတ တွေးမိပြန်သည်။ ကောင်မလေးနှင့်သာ အိမ်ချင်းကပ်လျက်နေရလျှင် အသံကျယ်ကြီးနှင့် တပြံပြံ အော်ကျက်သမျှ စာတွေကို ကိုဖြိုးတစ်ယောက် မကျက်ဘဲနှင့် အလွတ်ရလောက်သောကြောင့် ဖြစ်သည်။ ဒီကောင်မလေးကိုတော့ သူက “စံပယ်တင်”ဟု အမည်ပေးထား

သည်။

"စာကျက်လည်းလာ၊ အိပ်လည်းလာ၊ နေရာတိုင်းမှာ သူ့မျက်နှာ" ဟု သူက စာတိုလေးစပ်ထားတော့ သူငယ်ချင်းကျော်စိုးပိုင်က "မိုက်တယ်ကွ" ဟု ချီးကျူးရင်း ကူးရေးသွားသည်။ သူလည်း အတော် အားတက်သွားသည်။

"ချစ်စံပယ်တင် မောင့်ရင်ခွင် အမြန်ဝင်ပါတော့..." ဟု ရေးပြီး ကာရန်မဆက်တတ်သောကြောင့် ဆက်မရေးရသေးသော သူ၏ကဗျာကို မူ သူ၏ညီတော်မောင် ရှစ်တန်းကျောင်းသား ကိုတိုးက –

"ချစ်စံပယ်တင်၊ မောင့်ရင်ခွင်၊ အမြန်ဝင်ပါတော့– အဟော့– အဟော့– ဖျော့" ဟု ဆက်ရေးထားသောကြောင့် အကြီးအကျယ် ရန်ဖြစ်ရသည်။ သူက ထိုးမည်ကြိတ်မည်လုပ်နေတော့ အဖေလည်းသိသွားသည်။

"ငါက ပညာတတ်ဘွဲ့ရမဟုတ်ခဲ့ဘူး၊ ဒါပေမယ့် ငါ့သားသမီးတွေကိုတော့ အနည်းဆုံးဘွဲ့တစ်ခုစီတော့ ရစေရမယ်လို့ ငါဆုံးဖြတ်ထားတယ်။ မင်းတို့အတွက် ငါကုန်းရုန်းပြီးရှာနေတယ်။ ငါ့အတွက် ငါကွမ်းယာလေး တစ်ယာဝါးဖို့တောင် ငါချွေတာတယ်၊ အေး – ဒါပေမယ့် ပေးနေတဲ့အချိန်မှာ မယူရင်တော့ မင်းတာဝန်နဲ့ မင်းပဲ၊ အဖေက ပင်ပန်းကြီးစွာနဲ့ တက္ကစီမောင်းနေတဲ့အချိန်မှာ မင်းက စာကို ကြိုးကြိုးစားစား မသင်ဘဲ ချစ်စံပယ်တင် မောင့်ရင်ခွင် အမြန်ဝင်စေချင်နေရင်တော့ ကမ်းနားမှာ ကူလီသွားထမ်းပေတော့၊ မင်းအတွက် ငါရှာပေးနေတဲ့ငွေဟာ ပညာသင်ဖို့၊ မယားတရူးဖို့ မဟုတ်ဘူး"

အဖေက ခပ်ကြမ်းကြမ်းပင် ပြောသည်၊ အမေကတော့ ကိုဖြိုး၏ ဆံပင်ကလေးများကို သပ်တင်ကာ "ဒီအရွယ်ဟာ ချစ်ရကြိုက်ရ မိုက်ရမယ့် အရွယ်မဟုတ်သေးဘူး၊ လိမ္မာစမ်းပါသားရယ်" ဟု လေပျော့လေးနှင့် ပြောသည်။

"နှလုံးသားရှိလို့ ချစ်မိတာကို အမေက မိုက်တယ်လို့ ပြောတာလား အမေ၊ ဒီလိုဆိုရင် ကျွန်တော့်ထက် အရင် မိုက်ခဲ့ကြတာက ကမ္ဘာဦး အစက အာဒံနဲ့ဧဝပါ" ဟု ကိုဖြိုးက စိတ်ထဲမှပြန်ပြောရင်း မျက်ရည်စို့စို့ ဝဲချင်နေသည်။

သူ အမှန်တကယ်ပြောချင်သည်က တစ်မျိုး ဖြစ်သော်လည်း အဖေနှင့် အမေကို အာခံသည် ဖြစ်မည် စိုးသောကြောင့် အာဒံနှင့်ဧဝကို ဆွဲထည့်လိုက်ခြင်းဖြစ်သည်။

သို့သော် ဆွဲထည့်ပြီးကာမှ ပို၍ကဗျာဆန်ကာ ဂန္ထဝင်မြောက်သွားသည်ဟု ယူဆပြီး ကိုယ့်စကားကို ကိုယ်တော်တော်သဘောကျသွားသည်။

"ငါ့သားက အကြီးဆုံး၊ သားရဲ့အောက်မှာ ညီလေးနဲ့ညီမလေး ရှိသေးတယ်၊ ငါ့သားက ရှေ့ကနေ ဖြောင့်ဖြောင့်သွားပါမှ သူတို့တွေ ဖြောင့်ဖြောင့်လိုက်မှာပေါ့ သားရယ်" အမေက အချိုခံလေးနှင့် ဆုံးမသည်၊ ပြောမယ့်သာ ပြောနေသော်လည်း အငယ်နှစ်ယောက်က သူ့ထက် ပိုပြီး လိမ္မာနေကြောင်းကို အမေစိတ်ထဲက သိနေမည်ဟု တွေးမိတော့ ကိုဖြိုး၏စိတ်ထဲတွင်လည်း အီလည်လည် ခံစားရသည်။

အဖေနှင့်တူတာလား၊ အမေနှင့်တူတာလားတော့မသိ ကိုတိုးရော၊ မစိုးရော သူ့လိုပင် ဉာဏ်ကောင်းကြသည်။ သူ့လို ဉာဏ်ကောင်းပြီး သူ့လို စာကျက်မပျင်းတော့ နှစ်ယောက်လုံး စာတော်ကြသည်။ ကိုတိုးက ရှစ်တန်းကျောင်းသားပင်ဖြစ်သော်လည်း သူ့လို ရှစ်တန်းကျောင်းသားအချင်းချင်းကို စာပြန်သင်ပေးနိုင်သည်။ ဆယ်တန်းအောင်လျှင် (Study Guide) လုပ်မည်။ အဖေ့ကိုကူပြီး ဝင်ငွေရှာပေးမည်ဟုပြောလွန်း၍ ကိုဖြိုးက နားငြီးနေ

သည်၊ ပနာယူလွန်းသည်ဟူ၍လည်း ယူဆပြီး အမြင်ကတ်နေမိသည်။

ညီမလေးမစိုးကတော့ အတန်းပိုင်ဆရာမများ၏ အချစ်တော် ဖြစ်သည်။ အိမ်မှာလည်း အမေ့အသည်းဖြစ်သည်။ ထမင်းချက်၊ အဝတ်လျှော်၊ ပန်းကန်ဆေး အမေလုပ်သမျှ သူကူလုပ်သည်။ အမေရေချိုးနေလျှင် သနပ်ခါး ပြေးသွေးတတ်သည်။ အိပ်ခါနီးလျှင် အဖေ့ကိုရော အမေ့ကိုပါ နင်းပေး၊ နှိပ်ပေး၊ အကြောဖြေဆေးတွေ လိမ်းပေးနေကျ ဖြစ်သည်။ ထိုသို့ အလိုက်သိလွန်း၍ အဖေက

"ခေတ်ပညာတတ်ကလေး"ဟု ကျီစယ်ပြီး ခေါ်တတ်သည်။ သို့သော် ထိုပညာတတ်ကလေးက အမေ့ဆီမှမုန့်ဖိုးကိုလည်း ချွဲနွဲ့ပြီး တောင်းတတ်ပြန်ရာ ကိုဖြိုးက ကြည့်မရဘဲ အမြင်ကတ်ပြန်သည်။

"ချစ်စံပယ်တင်၊ မောင့်ရင်ခွင်"လုပ်ပြီးကတည်းက အဖေက သူ့ကို မျက်နှာထားတင်းတင်းနှင့်ကြည့်တတ်သည်ဟု ကိုဖြိုး ခံစားရသည်။ သူ၏ မှတ်စုစာအုပ်များကိုလည်း မကြာခဏလှန်လှောပြီး စစ်ဆေးတတ်သည်။ ဒီတော့လည်း ကဗျာတို၊ စာတိုလေးများကိုပင် လွတ်လွတ် လပ်လပ် ရေးခွင့် မရှိသောဘဝကို စိတ်နာရပြန်သည်။ သူ့ကို ခပ်တင်းတင်း ကြည့်တတ်သော အဖေ၏ မျက်လုံးများက အငယ်ကောင် ကိုတိုးနှင့်ကျတော့ ချိုပြီး ပျော့သွားတာကို သတိထားမိပြန်တော့ လုံးဝ မကျေနပ်။ အပယ်ခံ လိုလို၊ အထီးကျန် လိုလို သတ်မှတ်ပြီး ကိုယ့်ကိုယ်ကို ပြန်သနားနေမိပြန်သည်။ ဒီတော့လည်း ပိုပြီး လွမ်းလွမ်းဆွေးဆွေး ဖြစ်လာသည်။ ဘယ်သူ့ကို လွမ်းမှန်းမသိ လွမ်းပြီး၊ ဘာကြောင့် ပူဆွေးမှန်းမသိ ပူဆွေးနေရသည်မို့ စာကို ကောင်းကောင်း မကျက်နိုင်၊ ကျက်သမျှစာလည်း ခေါင်းထဲမဝင်၊ ဝင်သမျှစာလည်း ခဏလေးနှင့်ပြန်ပြီးပျောက်ကွယ်နေသည်။ ဒီလိုနှင့်ပင် စံပယ်တင်လေးကိုလည်း ဖွင့်မပြောသာဘဲ မုန့်ဟင်းခါး တစ်နေ့ တစ်ခွက်



မှန်မှန်စားရင်း စာမေးပွဲကြီး ဖြေရမည့်အချိန်ရောက်လာသည်။ ထင်ထားသည့်အတိုင်း မဖြေနိုင်ခဲ့ပေ။

"တတ်များတတ်နိုင်ရင်လေ၊ ဆယ်တန်းအောင်စာရင်းတွေ ဘယ်တော့မှ မထွက်အောင် တားထားချင်လိုက်တာ"

ပြီးခဲ့သော နွေတစ်နွေလုံး ကိုဖြိုး၏ခေါင်းထဲတွင် ထိုအတွေးကသာ စိုးမိုးနေသည်။ မုန့်ဟင်းခါးစားရတာ အတန်ငယ်ငြီးငွေ့လာတော့ စံပယ်တင်ကလေးအပေါ်ကိုလည်း ယခင်ကလောက် မစွဲလမ်းချင်တော့ချေ။ အိမ်ရှေ့က တိုက်အပေါ်ထပ် ညာဘက်ခန်းက လေးတန်း ကျောင်းသားလေးဆီသို့ ကျူရှင်လာပြသည့်ဆရာမလေးကို သဘောကျနေမိပြန်သည်။ ဆရာမလေးက ပိန်ပိန်သွယ်သွယ် ခါးသေးသေးလေး ဖြစ်သည်။ ခါးလယ်အထိ ရှည်သော ပိုးသားလို ဆံပင်ပျော့ပျော့လေးများကို ဖဲပြားအညိုရောင်လေးနှင့် စုပြီး စည်းထားတတ်သည်မှအပ အခြယ်အသမရှိလှ။

ထိုနွေတစ်နွေလုံး သူ့စိတ်တွေ လေနေသည်။ မုန့်ဟင်းခါးသွားစားလိုက်၊ စံပယ်တင်လေးကို မျှော်ကြည့်လိုက်၊ အိမ်မှာနေရင်း သီချင်းဆိုလိုက်၊ ဆရာမလေးကို ငေးကြည့်လိုက်၊ အောင်စာရင်းထွက်မှာ ကြောက်လိုက်နှင့် အချိန်တွေ တရွေ့ရွေ့ကုန်လာသည်။

ဒီနေ့တော့ ကြားရပြီ။

"ဆယ်တန်း အောင်စာရင်းတွေထွက်ပြီ" တဲ့။

"မျက်စိလည်လမ်းမှားပြီး အောင်များအောင်သွားမလားမသိဘူး" ဟု မရဲတရဲ မျှော်လင့်ချက်ထားမိသော နှစ်ဆယ်ရာခိုင်နှုန်းလောက်သည် မြေကြီးပေါ်သို့ ဘုန်းခနဲဘုန်းခနဲ ပြုတ်ကျသွားသည်။

"သွားပါပြီကွာ"

တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှစာမေးပွဲမကျဖူးသောကြောင့်

ကျရှုံးရခြင်းသည် မည်မျှပူလောင်ခါးသက်သနည်း အခုမှလက်တွေ့သိရသည်။ ကမ္ဘာလောကကြီးတစ်ခုလုံး အညိုရောင်တိမ်တိုက်တွေ လွှမ်းပြီး အုံ့မှိုင်းညှိဆိုင်းလာသည်ဟု ထင်နေရသည်။ သူမကျေနပ်၊ ဘာကို မကျေနပ်မှန်း၊ ဘယ်သူ့ကို မကျေနပ်မှန်းတော့ မသိ။ သို့သော် မကျေနပ်မှုနှင့် အားငယ်စိတ်၊ ဝမ်းနည်းစိတ်တွေသာမက ဒေါသစိတ်တွေပါ ဆူဝေလာသည်။

သူမော်ကြည့်နေသော အောင်စာရင်းစာရွက်ကြီးကို ဖြန်းခနဲ ဆွဲပြီး ဆုတ်ချေပစ်လိုက်ချင်သည်။ ပါးစပ်မှလည်း ရိုင်းရိုင်းစိုင်းစိုင်း၊ နှုတ်ထွက်ကြမ်းကြမ်းနှင့် ဆဲဆိုအော်ဟစ်ပစ်လိုက်ချင်သည်။

"မင်းကြောင့် ငါကျတာကွ" ဟု တစ်စုံတစ်ဦးကို လက်ညှိုး ငေါက်ငေါက်ထိုးကာ ဒေါသချောင်းချောင်းလည်း ထွက်ပစ်လိုက်ချင်သည်။ သို့သော် လက်တွေ့တွင်မူ သူ့ခုံနံပါတ်ကို ကျော်လွှားသော အောင်စာရင်းကို မော်ကြည့်ရင်း မလှုပ်မရှက် ရပ်နေမိသည်။

"ဟေး – သုံးလုံးကွ"

သူ့ဘေးသို့ တိုးဝှေ့ဝင်ရောက်လာသော ကျောင်းသားတစ်ဦး က ဝမ်းသာအားရ ခုန်သည်။ ခုန်ရာမှ ပြန်အကျ သူ၏ခြေထောက်ကို ဖိကြိတ်ပြီး တက်နင်းသည်။

"မင်းကွာ…သောက်ရမ်းချည်းပဲ"

သူက ဆောင့်ပြီးတွန်းပစ်လိုက်တော့ ထိုကျောင်းသား ယိုင်သွားသည်။ သို့သော် စိတ်ဆိုးဖို့ သတိရဟန်မတူ၊ သူ၏လက်မောင်းကို လှမ်းကိုင်ရင်း ဝမ်းသာအားရရယ်နေသည်။ ထို့နောက် အလိုက်ကမ်းဆိုးမသိ–

"မင်းရော– ဒီဘယ်နှစ်လုံးလဲ"ဟု မေးလိုက်ချေသေးသည်။ သူက တစ်ချက်ဆဲလိုက်ပြီး သူ၏လက်ကို ဆောင့်ရုန်းလိုက်သည်။ ထို့နောက် နှုတ်ခမ်းဖိကိုက်ကာ ကမူးရှူးထိုး လှည့်ထွက်ခဲ့သည်။



တတ်များတတ်နိုင်လျှင် ထိုကျောင်းသားကို သေဒဏ်ပေးပစ်လိုက်ချင်သည်။

"ဟော"

သူနှင့် မျက်နှာချင်းဆိုင် လျှောက်လာသော စံပယ်တင်ကို တွေ့ရသည်။ မျက်နှာလေးညှိုးပြီး မျက်ရည်ရစ်ဝဲနေသည်။ ကိုဖြိုး၏ ရင်တွေ တဆတ်ဆတ်ခုန်သွားသည်။

"ဒါဆိုရင် – သူလဲ – သူလဲ"

ဟု တွေးရင်း သူအနား ခပ်သုတ်သုတ် လျှောက်သွားမိစဉ်

"သမီးက ဒီလေးခု မှန်းထားတာ မေမေရဲ့၊ အခုတော့ နှစ်ခုပဲ ပါတယ်"ဟု ဝမ်းနည်းပန်းနည်းပြောသောအသံကိုကြားရသည်၊ သူ့ဘေးမှ ပါလာသော သူ့အမေကြီးက

"မငိုပါနဲ့သမီးရယ်၊ ဂုဏ်ထူးနှစ်ခုလည်း မနည်းပါဘူး"ဟု ချော့နေသည်။

"သေလိုက်ပါလား"

ကိုဖြိုးက သူ၏ချစ်လှစွာသော စံပယ်တင်ကို ကောင်းချီးပေးရင်း ချာခနဲ လှည့်လိုက်သည်။ စွဲလမ်းငြိတွယ်နေသော သံယောဇဉ်နှောင်ကြိုး ကလေးလည်း ထောက်ခနဲပြတ်ထွက်သွားသည်။ အောင်မြင်ပါလျက်နှင့် အမူပိုနေသူတွေကို မုန်းသည်။

"ကိုဖြိုးကြီး"

ကိုတိုးက ပြေးလာသည်။

"အောင်တယ်မဟုတ်လား"

"ကျတယ်"

ကိုတိုး၏မျက်နှာလေးက ညှိုးကျသွားသည်၊ သူ့ကို ငေးကြည့်

ရင်း ညည်းညူသလို ပြောသည်။

"အဖေနဲ့အမေတော့ သနားပါတယ် စိတ်ညစ်ကြရတော့မယ်"

သူက တစ်ချက်ဆဲမိပြန်သည်။

"ငါက ကျတဲ့ကောင်ကွ၊ ငါက ပိုပြီး စိတ်ညစ်တာပေါ့"

သူက အော်တော့ ကိုတိုးကလည်း ပြန်အော်သည်။

"စိတ်မညစ်ချင်ရင် နဂိုကတည်းက ကြိုးစားပါလား" တဲ့။

ရှုံ့နေသော ကိုတိုး၏မျက်နှာကို ကြည့်ရင်း ကိုဖြိုးက ပိုပြီး စိတ်ညစ်ကာ ထူထူထိုင်းထိုင်း မှိုင်းမှိုင်းဝေဝေဖြစ်သွားသည်။ ကိုတိုးက သူ့အပေါ်တွင် နည်းနည်းမှ ကရုဏာသက်ပုံမရ၊ သူ၏မျက်နှာထားက

"မင်း အလကားကောင်၊ မိဘကိုတောင်မသနားတဲ့ကောင်၊ မညာတဲ့ကောင် အချိန်တွေဖြုန်းခဲ့တဲ့အကောင်"

ဟု အသံတိတ်ပြောနေဟန်ရှိသည်ဟု တွေးရင်း ကိုဖြိုး၏ ရင်ထဲတွင် ချဉ်စုတ်စုတ် တူးတူးခါးခါးဖြစ်လာသည်။

"တတ်များတတ်နိုင်လျှင် သူ့ကို ဘုကန်ကန်ကြည့်နေသော ကိုတိုးကို အဝတ်ဖွပ်သလိုကိုင်ပြီး ဖွပ်ပစ်လိုက်ချင်သည်။

"အဖေတို့ အမေတို့ သနားဖို့ကောင်းတယ်ကွ"

"အေး သနားရင် သူတို့အနားမှာထိုင်ပြီး တစ်နေကုန်ချော့နေ ဟုတ်ပလား"

ကိုဖြိုးက ဘောက်ဆတ်ဆတ်ပြောရင်း လှည့်ထွက်လာသည်။ အိမ်ကိုလည်း မပြန်ချင်တော့၊ အဖေအမေနှင့်လည်း ရင်မဆိုင်ချင်တော့၊ သူငယ်ချင်းများနှင့်လည်း မတွေ့ချင်တော့။

"တစ်ခါတလေ စာမေးပွဲကျတာ အပြစ်လားကွ၊ ငါကျတဲ့သူ ပိုတောင်မှ စိတ်ညစ်ရသေး၊ မနှစ်တုန်းက ရန်မျိုးအောင်လည်း ကျတာပဲ၊



ထွန်းထွန်းမင်းလည်း ကျတာပဲ၊ သူ့အမေက သူ့သားလေးစိတ်ညစ်မှာ စိုးလို့ ပိုက်ဆံအထပ်လိုက်ပေးပြီး ကာရာအိုကေ သွားဆိုခိုင်းတယ်တဲ့၊ ဒီနှစ်မအောင်ပေမယ့် နောက်နှစ်အောင်မှာပေါ့သားရယ်တဲ့၊ ဟွန်း ကွာပ့် ကွာပ့် ငါ့ဘဝနဲ့ များတော့ ကွာပ့်" ဟု တွေးရင်း ကိုဖြိုးက သူ့ကိုယ်သူသနားကာ မျက်ရည်ကျသည်။

ဈေးဘက်သို့ ယောင်ပေပေနှင့် ထွက်လာစဉ် ကျော်စိုးပိုင်နှင့် တွေ့သည်။ သူလည်း ကျသည်ဟု ပြောသည်။ မျက်နှာမကောင်းသော်လည်း ရယ်ကျဲကျဲလုပ်နေသည်။ သူတို့နှစ်ယောက်ပေါင်းမိတော့ ခြေဦးက အရက်ဆိုင်ဘက်သို့ လှည့်ချင်ချင်ဖြစ်လာသည်။

"စိတ်ညစ်လို့ အရက်ကိုသောက်တယ်၊ အရက်သောက်တော့ စိတ်ပိုညစ်တယ်"

ခြေရင်းအိမ်က ဦးလေးဦးစိုးအောင် အရက်မူးတိုင်း ဆိုနေကျ သီချင်းက ခေါင်းထဲ အလိုလိုရောက်လာသည်။

"ဟင်း ဘာတဲ့ အကြောင်းရှာတော့ ခေါင်းမှာချာချာလည်တဲ့ ဟက် ဟက်"

ထိုနေ့ညက အတော်ကြီးကို မိုးချုပ်ခါမှ သူအိမ်သို့ ပြန်လာဖြစ်သည်။ လူကလည်း ယိုင်ထိုးယိုင်ထိုးနှင့် ခြေလှမ်းမမှန်ချင်၊ အဖေက အိမ်တံခါးဝတွင် ရပ်ရင်း သူ့ကိုမျှော်ကြည့်နေသည်။

ကိုဖြိုးသည် အဖေ့ကို တစ်သက်လုံး ကြောက်ခဲ့ရသူ ဖြစ်သည်၊ တစ်ခါတစ်ရံမှလည်း ပြန်လှန်ပြီး ခွန်းတုံ့ပြောဖူးသူ မဟုတ်ချေ။ သို့သော်လည်း သူ့ခေါင်းထဲတွင်ဝေနေသော အရက်ခိုးများက သူ့ကိုအတော်ကြီးကို ပြောင်းလွဲစေခဲ့လေသည်။ အခါတိုင်း ကြောက်နေကျ အဖေကိုပင် သိပ်မကြောက်တော့ချေ။ ကိုတိုးအပေါ်တွင် ချိုး၍ ပျော့ပြီး သူ့အပေါ်ကျတော့

မာပြီး တင်းသည်ဟု ယူဆထားသော နာကြည်းစိတ်က ခေါင်းပြူလာပြီး ထိကပါး ရိကပါး ပြောချင်နေသည်။

ထို့ကြောင့် လက်နှစ်ဖက်ကို ရင်တွင်ယှက်ပြီး

"ခမည်းတော် မင်းဘုရားက သားတော်မောင် အိမ်ရှေ့မင်းသား စာမေးပွဲကျတော်မူလို့ စိတ်ညစ်တော်မူပါသလား ဘုရား"

ဟု ဇာတ်ဟန်ပါပါနှင့် ငုံ့ကာပြောရင်း အိမ်ထဲသို့ သိုင်းကွက်နင်းကာ လှမ်းဝင်လိုက်သည်။ အဖေကလည်း ဇာတ်ဟန်ပါပါဖြင့် သူ၏ နားရင်းကို ဆီးပြီးအုပ်ထည့်လိုက်သည့်အတွက် သူ့ခမျာ ဖိနပ်ချွတ်တွင် ခွေကနဲ ခေါက်ခနဲ ထိုးလဲသွားရသည်ကတော့ ဇာတ်ဟန်မပါလှချေ။

အမေက "အဖေကြီး၊ မလုပ်နဲ့၊ မလုပ်နဲ့"

ဟု အော်ဟစ်တားဆီးနေသော်လည်း အဖေကတော့ ခွေလဲနေသော သူ့ကို ခြေထောက်နှင့်လှိမ့်ကန်နေသေးသည်။

ကိုဖြိုးက "ရိုက်ပါ အဖေရဲ့၊ ကန်ပါ အဖေရဲ့၊ ကျွန်တော်က ညံ့တဲ့ အကောင်ကိုး၊ ရော်တဲ့အကောင်ကိုး၊ ကိုတိုးလို သားလိမ္မာလေးမှ မဟုတ်တာ၊ လူတော်လေးမှ မဟုတ်တာ ဟိုကောင်မလေး မစိုးလိုလည်း ကပ်ပါး ရပ်ပါးမှ မလုပ်တတ်တာ" ဟု ပြန်ပြောရင်း ရှိုက်ကြီးတငင် ငိုသည်။ ထို နောက် အန်သည်။

သူငိုတော့ အမေလည်း ငိုသည်။ မစိုးလည်း ငိုသည်။ အဖေက နံရံကို လက်သီးဖြင့် ထိုးသည်။ ကိုတိုးကတော့ သူ၏ အန်ဖတ်များကို ကျုံးရင်း မျက်နှာကြီးပုပ်သိုးနေသည်။

ချမ်းမြေ့သာယာစွာနေခဲ့ရသော ကိုဖြိုးတို့မိသားစုသည် ထိုအချိန် က စ၍ တရှိန်းရှိန်းပူသော အပူမီးများဟပ်ခဲ့ရလေသည်။

*



နောက်တစ်နေ့နံနက် ကိုဖြိုး အိပ်ရာမှနိုးတော့ ရှစ်နာရီထိုးနေပြီ ဖြစ်သည်။ ခေါင်းတွေလည်း တစ်အားကိုက်နေသည်။ အိပ်ရာဘေးမှ စားပွဲတင်နာရီ လေးကို လှမ်းကြည့်ရင်း

"အင်း ဒီအချိန်ဆိုရင် အဖေ ထွက်သွားလောက်ပါပြီ"

ဟု တွေးမိသည်။ အိမ်မှာ အဖေ ရှိမနေဟူသော အတွေးက သူ့ ကို အတန်ငယ် စိတ်သက်သာရာရစေသည်။

တတ်များတတ်နိုင်လျှင် အဖေနှင့် ဘယ်တော့မှ မျက်နှာချင်း မဆိုင်တော့ဘဲ အဝေးသို့ ထွက်ပြေးလိုက်ချင်သည်။

ခဏနေတော့ အမေ၏ခြေသံကိုကြားရသည်၊ အမေက အခန်းဝ မှ ကဲကြည့်ရင်း

"နိုးပြီလား"

ဟု မေးသည်။ သူက အမေ့ကို အားကိုးစွာ လှမ်းကြည့်ရင်း

"ခေါင်းကိုက်တယ် အမေ"

ဟု အသံပျော့ပျော့နှင့်ပြောကာ မျက်ရည်ဝဲလာသည်။

အမေက မျက်မှောင်ကုတ်ရင်း "ကိုက်ရောပေါ့ဟယ်" ဟု ပြောပြီး သက်ပြင်းချသည်။

"မင်းအဖေ အရမ်းစိတ်မကောင်းဖြစ်နေတယ်"

"ကျွန်တော်စာမေးပွဲကျလို့လား"

"ကျတာထက် ပိုဆိုးတာက ဒီအရွယ်နဲ့ အရက်တွေ သောက်လာ တာ"

"အမေရော စိတ်ဆိုးလား"

"ဆိုးတာပေါ့"

အမေက ခပ်ပြတ်ပြတ်ပြောသည်။ ပြတင်းပေါက်မှ တိုးဝင်လာ

သော နေရောင်ခြည်က အမေ့မျက်နှာပေါ်တည့်တည့်ကျနေသည်။ အခုတလော အမေ ပင်ပန်းသည် ထင်သည်။ နားထင် နားရင်းတွေ ကျကာ မျက်ကွင်းနှစ်ဖက်ကလည်း သိသိသာသာညိုနေသည်။

"စိတ်ညစ်လွန်းလို့ပါ အမေရာ"

"အဲဒါကို စိတ်ဆိုးတာပေါ့"

အမေ့အသံက မာနေသည်။

"လူ့လောကထဲရောက်ပြီး လူရယ်လို့ ဘဝကို စမိပြီဆိုရင် စိတ်ညစ်စရာဆိုတာတွေက အနည်းနှင့်အများ ရှိလာကြမှာပဲ၊ အဆင်မပြေတာတွေ အခက်အခဲတွေလည်း တွေ့လာမှာပဲ၊ အဲဒီလို အဆင်မပြေတိုင်း စိတ်ညစ်ရတိုင်း အရှုံးနှင့်တွေ့တိုင်း အရက်ဆိုင်ပြေးပြီး အရက်သောက်နေရင် တစ်ကမ္ဘာလုံး ရှိရှိသမျှလူတွေ အကုန်လုံး အရက်သမားချည်းပဲ ဖြစ်ကုန်မှာပေါ့၊ စိတ်ညစ်လို့အရက်သောက်တယ်ဆိုတဲ့ အကြောင်းပြချက်ကို အမေ အမုန်းဆုံးပဲ"

သူ့ကို ချိုချိုပျော့ပျော့သာ ဆက်ဆံလေ့ရှိသော အမေက တင်းတင်းမာမာ ဖြစ်နေတော့ ကိုဖြိုးက တအံ့တသြဖြစ်သွားသည်။ အမေက စကားကို ရှည်ရှည်ပြောလေ့ရှိသူ မဟုတ်၊ စိတ်ဆိုးလေ့ရှိသူလည်း မဟုတ်၊ အခုတော့ သူ၏အမေသည် သူ့ကြောင့် စိတ်ဆိုးကာ စကားရှည်ရှည်ပြောနေပြီ ဖြစ်သည်။ ကိုဖြိုးသည် အမေ၏သောကမျက်နှာ ဒေါသမျက်လုံးများကို ငေးကြည့်ရင်း စိတ်တွေ ညှိုးချုံးသွားသည်။

"အမေ ငါ့ကိုစိတ်ပျက်သွားပြီလား မသိဘူး"

ရုတ်ချည်းပေါ်လာသောအတွေးက သူ၏နှလုံးသားကို စည်းချက်မှန်မှန် ထုနေသည်။ သူ့ကို အမေ စိတ်ပျက်သွားမှာကိုတော့ သူ အရမ်းကြောက်သည်၊ အမေမှစိတ်ပျက်ပြီဆိုလျှင် သူ့တွင် အားကိုးရာမရှိ။



"စာမကြိုးစားဘဲ လေလေပေပေနေခဲ့လို့ စာမေးပွဲကျတာဘာမှ မဆန်းဘူး၊ မကြိုးစားတုန်းက မကြိုးစားဘဲ ကျမှစိတ်ညစ်နေတာ ယောကျ်ား အလုပ်မဟုတ်ဘူး ငါ့သားရဲ့၊ ကိုယ့်အပြစ်ကိုယ်သိလို့ ကြိုးစားချင်စိတ်ရှိလာမယ်ဆိုရင် ပြန်ကြိုးစား၊ ဒါပဲ ညီတွေ ညီမတွေကိုလည်း လှည့်ပြီး ရန်လုပ်စရာမလိုဘူး"

အမေက အချက်ကျကျပြောသည်၊ အမေ့စကားတွေ မှန်မှန်းသိသော်လည်း ကိုဖြိုး ချက်ချင်းခေါင်းညိတ်ပြီး ဝန်မခံချင်၊ သူ၏ထုံးစံအတိုင်း

"ငါ့ကိုမချစ်လို့၊ ငါ့ကိုနှိမ်ချင်လို့"

ဟု လျှိုးလွှဲပြီး တွေးချင်နေသေးသည်။ သို့သော်လည်း သူဘယ်လိုတွေးတွေး အမေက သူ့ကိုချစ်ခင်ကြင်နာကြောင်း၊ ဘယ်တော့မှလည်း မနှိမ့်ချခဲ့ကြောင်းကိုလည်း အတွင်းစိတ်က အမှန်အတိုင်းသိနေပြန်သည်။

ကိုဖြိုးက ငေးကြည့်နေစဉ် အမေက စားပွဲစွန်းကို လက်တစ်ဖက်နှင့်ထောက်ကာ ဗိုက်ကို ကျန်လက်တစ်ဖက်နှင့်မသိမသာအုပ်ကိုင်ရင်း တကျွတ်ကျွတ်နှင့်စုတ်သပ်သည်။

"အမေ နေမကောင်းဘူးလား"

"အင်း မကောင်းဘူး"

"ဗိုက်နာလို့လား အမေ"

"အင်း ဒီနားက အောင့်သလိုလို၊ နာသလိုလိုနဲ့ဖြစ်နေတာကြာပြီ"

"ဆရာဝန် မပြဘူးလား"

"မပြပါဘူးကွယ်"

အမေက သက်ပြင်းချသည်။ အမေ့မျက်နှာက လူမမာနှင့်တူနေကြောင်း အခုမှ ကိုဖြိုးသတိထားမိသည်။ အမေသည် တစ်အိမ်လုံး၏ ကျန်း မာရေးကို ကြောင့်ကြောင့်ကြကြနှင့် ဂရုတစိုက်ရှိလှသော်လည်း

သူ့ကိုယ်သူကတော့ ဂရုမစိုက်ခဲ့ပေ။

"သား အဖေလည်း နံ့ရံ့ကိုလက်သီးနဲ့ထိုးထားတာ လက်ကြီးကို ယောင်ကိုင်းနေတာပဲ"

ကိုဖြိုးက အမေ့အကြည့်ကိုလွှဲကာ မျက်လွှာချထားလိုက်သည်။ အမေက သူ့ဗိုက်မှာနာနေသည်ထက် အဖေ့လက်ယောင်နေသည်ကို ပိုပြီး ပူပင်နေဟန်ရှိသည်။

"အမေက ဒီနေ့တော့ ကားထွက်မမောင်းစေချင်ဘူး၊ ဒါပေမဲ့ သူက တစ်နေ့မမောင်းရင် တစ်နေ့ဝင်ငွေလျော့မှာပေါ့တဲ့။ နောက်ပြီး ဒီနေ့ အိမ်မှာ ငါငုတ်တုတ်ရှိနေရင် ငါ့သားကြီး အနေခက်နေပါဦးမယ်တဲ့"

အမေ့စကားကြောင့် ကိုဖြိုး၏မျက်နှာတစ်ပြင်လုံး ပူရှိန်းသွားသော်လည်း ရင်ထဲတွင် နွေးသွားသည်။ အဖေက သူအနေခက်မည်ကို စိုးရိမ်သည့်အတွက် ကျေနပ်သလိုလို၊ အားနာသလိုလို၊ ကြည်နူးသလိုလိုနှင့် သူ့စိတ်တွေ ပျော့ကျသွားသည်။

"မိသားစုဆိုတာ တစ်ယောက်ရဲ့ဂုဏ်က တစ်ယောက်ကို ဟပ်တယ်ကွ၊ အဖေတို့အမေတို့အတွက် ငါ့သားသမီးတွေ ဘယ်တော့မှ မျက်နှာမငယ်စေရဘူး၊ အဲဒီလိုပဲ၊ သားတို့သမီးတို့အတွက်လည်း အဖေဂုဏ်ယူချင်တယ်" ဟု မကြာခဏပြောခဲ့သော အဖေ၏စကားကို ချက်ချင်းကြားယောင်လာသည်။ အခုတော့ အဖေသည် သူ၏အပေါင်းအသင်းများကြားထဲတွင်

"ကိုဖြိုးလား မအောင်ပါဘူးဗျာ"

ဟု ပြောနေရရှာပြီထင်သည်။

"အဖေ ထမင်းစားပြန်လာရင် ဘာလုပ်ရမလဲသား၊ ကိုယ့်ကိုယ်ကို သိတယ်မဟုတ်လား"

အမေ၏အသံက မချိုသာ မပျော့ပျောင်းသေးသော်လည်း နူးညံ့



နေသည်။ ကိုဖြိုးက အမေ့ကို မော်ကြည့်ရင်း သူဘာလုပ်ရမည်နည်းဟု စဉ်းစားသည်။ မနေ့တုန်းက သူအရက်မူးလာရုံမျှမက အဖေ့ကို ထိကပါး ရိကပါးနှင့် မလေးမခန့်လုပ်ခဲ့သည်။ သူဘာလို့ ဒီလောက်တောင် လုပ်ရဲ ပြောရဲသွားသနည်း ကိုယ့်ကိုယ်ကိုပင် အံ့ဩနေမိသည်။

"အဖေကို အသေအချာကန်တော့ပြီး ပြန်တောင်းပန်လိုက်"

"ဟုတ်ကဲ့"

ကိုဖြိုးက ရစ်ဝဲလာသောမျက်ရည်များကို မျက်တောင်တဖျပ်ဖျပ်ခတ်ကာ ထိန်းရင်း ခေါင်းညိတ်သည်။ ဟုတ်သည် အဖေ့ကို သူကန်တော့ပြီး တောင်းပန်မည်။

"သားက အကြီးဆုံး ငါ့သား ဖြောင့်ဖြောင့်သွားမှ အငယ် နှစ်ယောက်လည်း ဖြောင့်ဖြောင့်လိုက်မှာပေါ့"

အမေက သူ၏ဆံပင်များကို သပ်တင်ကာ ပြောနေကျစကားကို ပြောသည်၊ ကိုဖြိုးက ဒီတစ်ခါ စိတ်ပါလက်ပါ ခေါင်းညိတ်သည်။

"သား ဒီနှစ်နှစ်မှာ တကယ့်ကို ကြိုးစားတော့မယ် အဖေ" ဟု ကတိ ပေးလိုက်လျှင် အဖေ၏ရင်ထဲတွင် အေးသွားလိမ့်မည်ထင်သည်။

ကိုဖြိုးအဖေ့ကို ကြောက်ကြောက်နှင့်မျှော်နေမိသော်လည်း အဖေက ထမင်းစားပြန်မလာခဲ့ပေ။ အခါတိုင်းလည်း အိမ်နှင့်အလှမ်းဝေးသော နေရာရောက်နေပါက နံနက်စာကို ကြုံသလိုစားတတ်၍ အမေက ပူပူပင်ပင် မရှိလှချေ၊ သို့သော်

"မနေ့တုန်းက စိတ်မကောင်းဖြစ်ပြီး ဒီနေ့လည်း သိပ်နေမကောင်းလို့လားမသိဘူး၊ စိတ်ထဲမှာမရွှင်ဘူး လေးလေးလံလံကြီး" ဟု ခပ်ညှိုးညှိုး ပြောသည်။

နံနက် ထမင်းစားပြန်မလာသည်ကို မပူသော်လည်း အခါတိုင်း

ပြန်လာနေကျ ခြောက်နာရီကျော်သည်အထိ ပြန်မလာတော့ အမေက

"သားတို့အဖေ နောက်ကျလိုက်တာကွယ်"

ဟု ပြောသည်။ ကိုတိုးနှင့်မစိုးက အိမ်ရှေ့ထွက်ပြီး မျှော်နေကြသော်လည်း သူက အိမ်ရှေ့ခန်းထောင့်တွင် ခပ်ကုပ်ကုပ်ထိုင်ရင်း

"အဖေ ငါနဲ့ မျက်နှာချင်းမဆိုင်ချင်လို့ ပြန်မလာသေးတာများလား" ဟု တွေးရင်း ဝမ်းနည်းနေသည်၊ သူက

"သား နောင်တရပါပြီ အဖေ"

ဟု ပြောလျှင် အဖေက

"နောက်မှ နှောင်းမှတတတ်လို့ နောင်တလို့ခေါ်တာ ငါ့သားရဲ့၊ ကုန်သွားတဲ့အချိန်ကို သားပြန်မရတော့ဘူး၊ ဒါပေမယ့် ကိုယ့်ကိုယ်ကို ပြင်ဖို့ အချိန်တွေ အများကြီးရှိပါသေးတယ်" ဟု ပြောလေမလား အားပေးလေမလားဟု မရေမရာတွေးနေမိစဉ် သူတို့အိမ်ရှေ့သို့ ရဲဝတ်စုံနှင့် လူနှစ်ဦးရောက်လာသည်။

"ဒီအိမ်က ဦးကျော်အေး အိမ်ပါလားခင်ဗျား"

ဟု မေးသံကိုကြားရသည်။

ထို့နောက်. . . ထို့နောက်။

ထို့နောက်တွင်တော့ အဖေ ကားချင်းတိုက်၍ ဆေးရုံရောက်နေကြောင်း သိလိုက်ရသည်။

"ဒဏ်ရာက ပြင်းတော့ အိမ်သားတွေ အမြန်လိုက်ခဲ့စေချင်ပါတယ် ခင်ဗျာ"

ဟူသော အသံက ဝေးသွားလိုက် နီးသွားလိုက်ဖြင့်နှင့် သူ၏နားထဲတွင် ပဲ့တင်ထပ်နေသည်။

သူတို့လိုက်သွားတော့ သတိကင်းမဲ့နေသောအဖေကိုသာ တွေ့ရ



သည်။ အဖေသည် လုံးဝသတိပြန်လည်မလာတော့ဘဲ နောက်တစ်နေ့နံနက် စောစောတွင် သူတို့အားလုံးကို ခွဲခွာသွားခဲ့လေသည်။

"သား၊ စာကြိုးစားတော့မယ် အဖေ"

ဟူသောစကားကို အဖေ့နားနှင့်ဆတ်ဆတ်ကြားရအောင် မပြောနိုင်ခဲ့သဖြင့် ကိုဖြိုး၏ တစ်သက်တာလုံး ယူကျုံးမရ ဖြစ်ရတော့မည် ဖြစ်သည်။

*

ကောင်းကင်မှ တိမ်တိုက်ဖြူဖြူများက အင်းလျားရေထဲတွင် အရိပ် ထင်နေသည်။ ခဲလုံးလေးကို ပစ်ပေါက်လိုက်တော့ ငြိမ်နေသောတိမ်ရိပ်များသည် ပရမ်းပတာနှင့် လှုပ်ရှားသွားသည်။ ရေပြင်အောက်မှ ရေမှော်ပင် စိမ်းညို့ညို့များက တိမ်ဆုပ်တိမ်ခဲများကို လက်တံရှည်နှင့် လှမ်းပြီး ဆုပ်ကိုင်တော့မလို ယိမ်းခါနေသည်။ ရေထဲတွင် ရေမှော်ပင်နှင့်တိမ်ရိပ်များက ရောထွေးနွယ်ယှက်နေသည်။

"ဟော ..."

ကိုဖြိုး ရေထဲသို့ စိုက်ကြည့်သည်။ လှုပ်ရှားနေသော တိမ်ရိပ်များကြားတွင် အဖေ၏အရိပ်ကို တွေ့ရသည်။ အဖေ၏မျက်နှာက ညှိုးနေသည်။ သူ့ကိုလည်း အားမလိုအားမရနှင့် ကြည့်နေသည်။

"ကိုဖြိုး မင်းဒီမှာ ဘာလာလုပ်နေတာလဲ၊ မင်းအမေနားမှာ သွားနေလေ" ဟု ပြောနေသည်။ ကိုဖြိုးက အဖေ့ကို တောင်းပန်သလို ကြည့်ရင်းက ခေါင်းခါသည်။

"အမေ့ကို ကျွန်တော်မကြည့်ရက်ဘူးအဖေ၊ အမေ ဝေဒနာခံနေရတာကို ကျွန်တော်မကြည့်ရက်ဘူး"

ဆေးရုံခုတင်ပေါ်တွင် ပက်လက်ကလေးလဲလျောင်းရင်း ဝေဒနာခံစားနေရသော အမေ့ကို ကိုဖြိုး မကြည့်ရက်၊ စုတ်သပ်ညည်းညူသော အသံကိုလည်း မကြားရက်။

အဖေဆုံးပြီးတစ်လလောက်နေတော့ အမေဆေးရုံတင်ရသည်။ သားအိမ်ဘေးတွင် အလုံးတစ်လုံးကပ်နေသည်ဆို၍ ခွဲစိတ်ကုရသည်။

ဓာတ်ခွဲကြည့်တော့ ကင်ဆာဟုပြောသည်။ ဗိုက်ထဲတွင်လည်း ထိုကင်ဆာဆဲလ်များ ပျံ့နှံ့နေသည်ဟု ပြောသည်။ အဆုပ်ဆီသို့လည်း ဦးတည်သွားနေသေးသည်ဟု သိရသည်။

ဂယက်လှိုင်းကလေးများ ကျဲသွားသောအခါ ရေပြင်သည် တငြိမ့်ငြိမ့် ဖြစ်နေသည်။ ယိမ်းနေသောတိမ်များက တဖြည်းဖြည်း ပြန်ငြိမ်လာသောအခါ တိမ်ရိပ်ကြားတွင်ဖြစ်နေရသောအဖေ၏မျက်နှာသည် မှုန်ပြီး ပျောက်ကွယ်သွားသည်။

"အမေကတော့ ခွဲစိတ်ကုသပြီးပြီမို့ သူ့ရောဂါကို ပျောက်တော့မယ်လို့ ထင်နေတယ် အဖေ၊ ကျွမ်းနေပြီဆိုတာကို မသိဘူး"

ကိုဖြိုးက ခဲလေးတစ်လုံး ထပ်ပြီး ပစ်ချလိုက်ပြန်သည်။ လှိုင်းထလာသော ဂယက်ထဲတွင် အဖေ့ကိုပြန်ပြီး တွေ့ရပြန်သည်၊ အဖေက သူ့ကို

"စာကြိုးစားရဲ့လား"

ဟု မေးသည်။ ကိုဖြိုးက ခေါင်းခါသည်။

"ကျွန်တော် စာကျက်လို့လည်း မရဘူးအဖေ၊ အိမ်မှာ စီးပွားရေးလည်း မပြေလည်ဘူး၊ အဖေ့ကားလေးကိုလည်း ပြန်ပြီး မပြင်နိုင်လို့ အရှုံးခံပြီး ရောင်းလိုက်ရတယ်။ အမေကလည်း နေမကောင်း၊ အသုံးမကျတဲ့ ကျွန်တော်ကလည်း ငွေမရှာနိုင်သေး၊ ဝင်ငွေကလည်း မရှိ၊ ရှိသမျှငွေလေးတွေလည်း တတိတိနဲ့ကုန်တာပဲ၊ အမေ့အတွက် ဆေးဖိုးကို အမေ့ဆွဲကြိုး



တွေ လက်ကောက်တွေ ရောင်းပြီး ရှာရတော့မယ်"

ကိုဖြိုးက စိတ်ထဲမှ ပြောပြနေမိသည်။ ခုနတုန်းက ဖြူဖွေး တောက်ပနေသော တိမ်ဆုပ်တိမ်ခဲကြီးများသည် လေတိုက်ရာဘက်သို့ တလွင့်လွင့်နှင့် လွင့်ပါးသွားသည်။ မိုးရိပ်မိုးသားများက တရိပ်ရိပ်နှင့်ပြေးဝင်လာပြီး ကောင်းကင်ပြင်သည် ရုတ်တရက် ချက်ချင်း ညိုမှိုင်းသွားသည်။

"အဲ့ဒါ ငါတို့ရဲ့ဘဝလိုပဲ၊ ကြည်လင်တောက်ပနေရာကနေပြီး အုံ့မှိုင်းသွားတာလေ"

ကိုဖြိုးက ကောင်းကင်ကျယ်ကို မော့ကြည့်ရင်း ရီဝေအားငယ်လာသည်။ တိမ်မည်းတိမ်ညိုများသည် သူ့အပေါ်ကို ပြိုပြီးဆင်းလာတော့မယောင် တအိအိနိမ့်ကျလာသည်။ ထို့နောက် မိုးစက်မိုးပေါက်များသည် တဖျောက်ဖျောက်နှင့် ခုန်ဆင်းလာကြလေသည်။ ရေစက်ရေပေါက်များ ကျရာနေရာတွင် ရေပွက်လေးများ ထလာသည်။ ထိုရေပွက်ကလေးများ ကျဲရာမှ စိတ်လာတော့ မိုးသည်းသည်းရွာနေပြီ ဖြစ်သည်။

ရေထဲတွင် ရေစက်ကြောင့်ဖြစ်သော ဂယက်ဝိုင်းလေးများ ချာချာလည်ကာ ဆက်နေသည်။ ရေထဲမှအဖေ၏မျက်နှာသည်လည်း ပေါ်ပေါက်လာလိုက် ဝေးဝါးပြီး ပျောက်သွားလိုက်နှင့်မို့ မနည်းအားစိုက်ပြီး ကြည့်နေရသည်။

"မိုးရွာပြီဆိုတော့လည်း ရှိသမျှလူတွေ ပြန်ပြေးကုန်ကြတော့တာပဲ၊ အခုမှပဲ လူရှင်းတော့တယ်"

စစ်ဂျာကင် အဟောင်းကြီး တစ်ထည်ဝတ်ထားသော လူကြီးတစ်ဦးက ကိုဖြိုး၏ဘေးတွင် ဝင်ထိုင်သည်။

"ငါ့တူလည်း ဦးလေးလိုပဲ၊ မိုးရေကြိုက်တယ်ထင်တယ်နော်"

ကိုဖြိုးက အသာစောင်းကြည့်မိသော်လည်း ဘာမှပြန်မပြောဘဲ

ငြိမ်နေလိုက်သည်။ ခုအချိန်မှာတော့ သူက အတွေးကို အဖော်ပြုကာ တစ်ဦးတည်းသာ နေလိုသည်။ မည်သူနှင့်မျှလည်း စကားမပြောချင်ပေ။

"ဦးလေးတို့ ငယ်ငယ်တုန်းကတော့ မိုးရေထဲထွက်ရင် အမေက တယ်ပြီးဆူတာကိုး၊ ဒါကြောင့် ရေ့တန်းရောက်တော့ မိုးရွာတိုင်း သတိရတယ်၊ တစ်ခါတလေ စစ်ချီရင်း စခန်းချရင်း မိုးရေထဲမှာ မိုးကာခြုံပြီး ငုတ်တုတ်ထိုင်ပြီး အိပ်ရတဲ့အခါလည်း အိပ်ရတာပဲလေ"

ကိုဖြိုးက စကားမပြောချင်သော်လည်း စကားပြောချင်နေဟန်ရှိသော လူကြီးက မဆီမဆိုင်နှင့်သူ့အကြောင်းတွေကို ပြောပြနေသည်။

"တစ်ခါတလေ မိုးတစ်အားသည်းလို့ သက်သာမလားလို့ သစ်ပင်အောက် ခိုမိပြန်ရင်လည်း ပုရွက်ဆိတ်တွေ ခါချဉ်တွေကျလာပြန်ရော၊ တစ်ခါတုန်းကတော့ ခါချဉ်အုံ အထုပ်လိုက်တောင် ပြုတ်ကျလိုက်သေး အဟေး ဟေး"

သူဟာသူ ပြောပြီး သူ့ဟာသူ ရယ်နေသော်လည်း စိတ်ညစ်နေသော ကိုဖြိုးမှာ လိုက်၍ ပြုံးလိုစိတ်ပင် မရှိချေ။

"သြော် သူစစ်တိုက်ဖူးတာကိုး"

ဟုသာ ခပ်ပေ့ါပေ့ါတွေးရင်း အသာထသွားရလျှင် ကောင်းမလားဟု စဉ်းစားလိုက်မိသည်။ ဒီနေရာက ထလျှင် အမေ့ဆီသွားရတော့မည်ဟု တွေးမိတော့ မထဘဲ ဆက်ထိုင်နေမိပြန်သည်။

အမေ့နားတွင် နေ့ရောညပါ စောင့်နေသော မစိုးလည်း ကျောင်းပျက်လှပြီ ဖြစ်သည်။

"ကိုတိုးကတော့ အမေ့ရွှေတွေ ကုန်သွားရင် ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲဟင်" ဟု စိုးရိမ်ပူပန်စွာ မေးသည်။ အမေ့ရွှေတွေဟုသာ ပြောနေရသော်လည်း ဆွဲကြိုးနှစ်ကုံးနှင့် လက်ကောက်တစ်ရန်၊ ကျောက်နီ လက်စွပ်နှစ်ကွင်း၊ ရွှေလက်စွပ်တစ်ကွင်း၊ ပတ္တမြားနားကပ်တစ်ရန်နှင့် ပုလဲ နားကပ်တစ်ရန်သာမို့ အမေ့အတွက် သုံးနေရသောဆေးဖိုးနှင့် ယှဉ်လျှင် ဘာမှ သိပ်မဖြစ်လောက်ပေ။ မစိုးကတော့ သူ၏ဆွဲကြိုးနှင့်လက်ကောက် ရှိပါသေးသည်ဟု ပြောရှာသည်။



"ခုနေ ကော်ဖီပူပူလေးတစ်ခွက်လောက်သောက်လိုက်ရရင် သိပ်ကောင်းမှာပဲနော်"

လူကြီးက စကား စပြန်သည်။ အဲ့ဒီတော့မှ ကိုဖြိုးလည်း သူ့ဟာသူ ချမ်းနေကြောင်း သတိထားမိသည်။

"ကော်ဖီပူပူလေးတော့ မရှိဘူး၊ ကံကောင်းထောက်မလို့ ကော်ဖီ သကြားလုံးတော့ ရှိတယ် မောင်၊ ရော့ မင်းတစ်လုံး ငါတစ်လုံး"

လူကြီးက သကြားလုံးလေးတစ်ခု လှမ်းပေးသည်။ ကိုဖြိုးက မငြင်းမဆန်လှမ်းယူပြီး အခွံလေးခွာကာ ပါးစပ်ထဲထည့်လိုက်သည်။ ချိုမြမြ ခါးဆိမ့်ဆိမ့်ကော်ဖီအရသာက လျှာထဲတွင် ပျံ့ပြီး နှာခေါင်းထဲအထိ မွှေးလာသည်။ လူကြီးက သူပြောချင်ရာတွေကို သူ့ဟာသူ ဆက်ပြောနေပြန်သည်။

"တောနက်ထဲက ကျွတ်တွေက မြို့ပေါ်ရွာပေါ်က ကျွတ်တွေလို မြေကြီးပေါ်မှာ တင်နေတာ မဟုတ်ဘူး၊ သစ်ပင်ပေါ်တက်ပြီး လူပေါ်ကို ခုန်ခုန်ချတတ်တာ၊ တစ်ခုတုန်းက ဦးလေးရဲ့ သူငယ်ချင်းတစ်ယောက် ငှက်ဖျားနဲ့သတိလစ်သွားလို့ ထမ်းစင်နဲ့ပြန်ပြီးသယ်လာတာ ကျွတ်တွေက တဖြုတ်ဖြုတ်နဲ့ ခုန်ချလိုက်တာ ကိုယ့်ပေါ်မှာရော သူ့ပေါ်မှာရော ကျွတ်တွေချည်းပဲ၊ လက်မအားတော့ သူ့ကျွတ်လည်း မဖြုတ်နိုင်၊ ကိုယ့်ကျွတ်လည်း မဖြုတ်နိုင်၊ စခန်းရောက်တော့မှ ဖြုတ်ကြရတယ်၊ သူ့ကိုယ်ပေါ်မှာ ကျွတ်ပေါင်း တစ်ရာကျော်တယ်၊ ထမ်းစင်တစ်ခုလုံးလည်း သွေးတွေနဲ့ ရွှဲနစ်

လို့ စခန်းက ရဲဘော်တွေက ဒဏ်ရာကြီးကြီးရလာတယ်လို့ ထင်သွားကြတာတဲ့"

သွေးတွေနဲ့ ရွှဲနစ်လို့ဟူသောစကားကို ကြားရတော့ ကိုဖြိုး ရင်ထဲတဆတ်ဆတ်တုန်သွားသည်။ သွေးသံရဲရဲနှင့်သတိမေ့နေသော အဖေ့ကို သတိရသည်။

"ကျွန်တော့်အဖေလည်း သွေးတွေနဲ့ ရဲနေတာပဲ"

သူ့ကို စကားပြောရန် မရည်ရွယ်ပါဘဲ ကိုဖြိုးက အလိုလိုပြောမိသည်။

"ဘာဖြစ်တာလဲ"

"ကားတိုက်တာပါ ကားချင်းဆိုင်တိုက်မိတာ"

"ဘာဖြစ်သွားလဲ"

"သေတာပေါ့ သေသွားတာပေါ့"

"ဩော်"

လူကြီးက ငြိမ်သွားသည်။ သူတို့နှစ်ဦးလုံး အင်းလျားကန်ရေပြင်သို့ ငေးကြည့်နေကြသည်။ ကိုဖြိုးက အဖေ့ကိုပြန်လည်မြင်ယောင်ကာ ထိုလူကြီးက သူတိုက်ခဲ့သောတိုက်ပွဲများကို ပြန်လည်မြင်ယောင်နေလိမ့်မည်ထင်သည်။

"အခု အမေလည်း ဆေးရုံမှာ"

"ဘာဖြစ်တာလဲ"

"ကင်ဆာတဲ့"

"မင်းတို့လည်း သေမင်းနဲ့စစ်တိုက်နေကြရတာပေါ့"

"ဒါပေမယ့် ရှုံးမှာ သေချာနေတဲ့စစ်ပွဲကြီးလေ"

ကိုဖြိုးက ဝမ်းနည်းပမ်းနည်းပြောရင်း မျက်ရည်သုတ်သည်။



"အဖေဆုံးကတည်းက ကျွန်တော်တို့ စီးပွားပျက်တာပဲ၊ ကားလေးကို အရှုံးခံပြီးရောင်းပြီး အဲဒီပိုက်ဆံနဲ့အမေ့ကို ဆေးကုတယ်။ ဒီကြားထဲလည်း အဲဒီပိုက်ဆံနဲ့ပဲ စားရတာပေါ့၊ အဲဒါ ကုန်ခါနီးပြီ၊ ကုန်ရင် အမေ့ဆွဲကြိုးတွေ လက်ကောက်တွေ ရောင်းရမယ်၊ အဲဒါကုန်ရင် ဘာဆက်လုပ်ရမလဲ၊ ကျွန်တော်ကလည်း မနှစ်က ဆယ်တန်းကျသေးတယ်၊ ညီလေးက ကိုးတန်း ညီမလေးက ခုနစ်တန်း၊ မနှစ်တုန်းကသာ ကျွန်တော့်စိတ်တွေ မလေဘဲ စာကြိုးစားခဲ့ရင် ဆယ်တန်းအောင်ပြီးပြီ၊ အခုတော့"

"တော်ပါတော့ကွာ..."

လူကြီးက ကိုဖြိုး၏ပခုံးကိုပုတ်ကာ နှစ်သိမ့်သည်။

"အဲဒါကြောင့်မို့လို့ ကိုယ့်ကိုယ်ကို ကံဆိုးလှပြီလို့ ထင်နေရင် မဟုတ်သေးဘူး ငါ့တူ၊ ဦးလေး မင်းကို ကြည့်နေတာကြာပြီ၊ အရမ်းကို စိတ်ပျက် ညှိုးနွမ်းနေပုံပေါက်နေလို့လာပြီး စကားပြောတာပါ"

သဲသဲမဲမဲ ရွာနေသောမိုးက တဖြည်းဖြည်း စဲသွားသည်။ ဖွဲဖွဲကျနေသေးသော်လည်း ပြန်ပြီး ကြည်လင်လာသည်။ မိုးရေတွေ ရွှဲနစ်နေသော သူတို့ နှစ်ယောက်ကတော့ အင်းလျားရေပြင်ကို ဆက်လက်ပြီး ငေးကြည့်နေကြသည်။

"မင်းတို့မှာ အဖေသေသွားပေမယ့် အမေရှိတယ်၊ နေမကောင်းတဲ့ အမေကို ကုစရာပိုက်ဆံလည်း ရှိသေးတယ်၊ ရောင်းစရာ ရွှေတိုရွှေစတွေလည်း ရှိသေးတယ်၊ နေစရာအိမ်လည်း ရှိသေးတယ်လေ၊ အကောင်းဖက်က မြင်တတ်ကြည့်တတ်ရင် ကောင်းတာတွေလည်း ရှိပါသေးတယ်ကွာ"

လူကြီး၏အသံက အေးဆေးတည်ငြိမ်လှသည်။ သူ့စကားကို နားထောင်ရင်း ကိုဖြိုး အံ့သြသွားသည်။ သူတစ်ခါမှ ဒီလို မတွေးခဲ့ဖူးချေ။

"အဖေမရှိတော့ဘူး၊ ဒုက္ခပါပဲကွာလို့ တွေးမိတဲ့အချိန်မှာ တော်သေးတာပေါ့ကွာ အမေရှိသေးတယ်လို့ ဆိုပြီး တွေးရင်လည်း ရသေးတယ် မဟုတ်လား၊ ရေတစ်ဝက်ပဲရှိနေတဲ့ ဖန်ခွက်ကို ကြည့်ရင် တစ်ယောက်က ရေတစ်ဝက်ပဲရှိတော့တယ်လို့ စိတ်ပျက်ညည်းညူပေမယ့် တစ်ခြား တစ်ယောက်ကတော့ ဟာ ရေတစ်ဝက်တောင် ကျန်နေသေးတယ်လို့ တွေးပြီး ဝမ်းသာနိုင်တာပဲ မဟုတ်လား"

ကိုဖြိုးက အင်းလျားရေပြင်ကိုငေးကြည့်ရင်း မှင်သက်မိသလို ဖြစ်နေသည်။ ဟော ရေပြင်တွင် အဖေ့အရိပ်ကို မြင်ယောင်မိပြန်သည်။ အဖေက ပြုံးနေသည်၊ "ဟုတ်တာပေါ့ သားရယ်" ဟုပြောနေသည်။

"ဒီမှာကြည့်စမ်း ငါ့တူရ"

လူကြီးက သူ၏ဘောင်းဘီစနှစ်ဖက်ကို ဆွဲမ၍ ပြသည်။ နှစ်ဖက်လုံး ခြေအတုတွေ ဖြစ်နေ၍ ကိုဖြိုး၏ရင်ထဲတွင် လှိုက်ခနဲဖြစ်သွားသည်။ သူ့မှာ ခြေနှစ်ဖက်လုံး မရှိပါလား။

"ဦးလေးကို မသနားနဲ့ ငါ့တူ၊ ဦးလေးမှာ ခြေနှစ်ဖက်မရှိပေမယ့် လက်နှစ်ဖက်ရှိသေးတယ်၊ ဒီလက်နှစ်ဖက်ဟာ အလုပ်တွေ အများကြီးလုပ်နိုင်တယ်လေ"

ကြံ့ခိုင်သန်စွမ်းသော သူ၏ လက်ချောင်းများသည် မိုးရွာပြီးစ နေရောင်ခြည်တွင် အရောင်တလက်လက် တောက်ပနေသည်ဟုပင် ကိုဖြိုး ထင်လိုက်မိသည်။ ထိုလက်ချောင်းများဖြင့် သူ၏ ပခုံးကို ညှစ်ကိုင်လိုက်တော့ မမြင်ရသောအင်အားများက ကိုဖြိုး၏ခန္ဓာကိုယ်ထဲ စီးဝင်သွားသည်။

"နောက်ဆုံးတစ်နေ့ မင်းတို့အမေ မရှိတော့ဘူး ဆိုရင်တောင် မင်းတို့ မောင်နှမသုံးယောက် တစ်စည်းတစ်လုံးနဲ့ ချစ်ချစ်ခင်ခင် ကျန်ခဲ့ကြမယ်။ ကျန်းကျန်းမာမာရှိကြတယ်၊ လွတ်လွတ်လပ်လပ် လှုပ်ရှား လုပ်ကိုင်



စရာ လက်နှစ်ဖက်ကိုယ်စီရှိတယ်၊ ဒီမြေပေါ်မှာ မားမားမတ်မတ်ရပ်နိုင်တဲ့ ခြေနှစ်ဖက်လည်း ကိုယ်စီ ရှိကြတယ်လေ"

ကိုဖြိုး၏မျက်လုံးအစုံသည် မျက်ရည်တွေ ရစ်ဝဲနေရာမှ တဖြည်းဖြည်း အရောင်တောက်ပလာသည်။ ရင်ထဲတွင် နွေးပြီး အချမ်းလည်းပြေသွားသည်။

"မင်းအမေက သေမင်းနဲ့ စစ်ခင်းနေတဲ့အချိန်မှာ မင်းက ဒီမှာ ထိုင်ပြီး ဘာလို့ငေးနေသလဲ ငါ့တူရယ်၊ မင်းက သူ့အနားမှာပဲ ရှိနေသင့်တယ် မဟုတ်လား။ မနိုင်မယ့်စစ် ရှုံးမယ့်စစ်ပေမယ့်လည်း အမေ့ကို ကူပြီး တိုက်ပေးရမယ်၊ ရတတ်သမျှအချိန်လေးမှာ အမေ့ကို စိတ်ချမ်းသာအောင် ဝေဒနာ သက်သာအောင်လည်း လုပ်ပေးနိုင်တယ်၊ ကုသိုလ်တွေလည်း အများကြီး ဆက်ပေးနိုင်တယ်၊ အမေ အသေဖြောင့်သွားအောင် ကတိတွေလည်း ပေးလိုက်နိုင်တယ်လေ၊ မင်းရဲ့အမေအတွက် မင်းလုပ်ပေးနိုင်တာတွေ အများကြီး ရှိပါတယ်"

"ကျေးဇူးတင်ပါတယ် ဦးလေး"

ကိုဖြိုးက နေရာမှ ဆတ်ခနဲထလိုက်သည်၊ သူက အမေ့ကို ဘာမှ မကူညီနိုင်ဘဲ လက်ပိုက်ကြည့်နေရသည်ဟု ယူဆထားခဲ့သည်။ ထိုလူကြီးကတော့ သူတတ်နိုင်တာတွေ အများကြီးတဲ့၊ ဟုတ်သည် သူတတ်နိုင်တာတွေ အများကြီး ရှိသည်၊ ရှိကိုရှိသည်။

"ကျွန်တော်သွားတော့မယ်"

"ဘယ်ကိုလဲ"

"အမေ့ဆီကို"

"ကောင်းတယ်"

ကိုဖြိုးက သူ၏လွယ်အိတ်ကလေးကိုဆွဲယူကာ ခပ်သွက်သွက်

လျှောက်လိုက်သည်။ အမေက သူ့ကို မျှော်နေလောက်ပြီ ဖြစ်သည်။ အမေ့ကို ချက်ချင်းလွမ်းလာသည်။ အမေ့ဘေးကို အခုချက်ချင်းရောက်သွားချင်သည်။ အရင်လို၍ ခပ်သွက်သွက်လျှောက်ကာမှ ဖိနပ်တစ်ဖက်က ဖတ်ခနဲ ပြတ်သွားသည်။

"ဟာ ဒီဖိနပ်"

ကိုဖြိုးက ဖိနပ်ကို စိတ်တိုတိုနှင့် ကန်ပစ်လိုက်မည် လုပ်ပြီးမှ

"ဟိုတစ်ဖက်ပြတ်ပေမယ့် ဒီတစ်ဖက်က အကောင်းကြီးပဲဟာကို ဟိုတစ်ဖက်ကို ပြန်ချုပ်လိုက်ရင် တစ်ရန်လုံးပြန်စီးလို့ရသေးတယ်"

ဟု တွေးမိပြီး ကန်ချွတ်ထားသောတစ်ဖက်ကို ပြန်ကောက်သည်။

"ရော့…ရော့ ဒီမှာ ဦးလေးရဲ့အိတ်ထဲမှာ ဂွျတ်ဂွျတ်အိတ်တစ်လုံး ပါတယ်၊ ဖိနပ်ကို အဲဒါနဲ့ထည့်"

"ကျေးဇူးတင်ပါတယ် ဦးလေး"

ကိုဖြိုးက ကျေးဇူးတင်စွာ လှမ်းယူရင်း ဖိနပ်နှစ်ဖက်ကို ကြွပ်ကြွပ်အိတ်ထဲ ထည့်သည်။ ဆေးရုံကို ခြေဗလာနှင့် ရေတွေစိုရွှဲလျက် ရောက်လာသော သူ့ကိုမြင်လျှင် အမေက ဘာများပြောလေမည်မသိ။

ကိုဖြိုးက လူကြီးကိုနှုတ်ဆက်ကာ ပြုံးပြသည်၊ ရင်ထဲတွင် တစိမ့်စိမ့် ကျေးဇူးတင်နေပြီး သူနှင့်လည်း ရင်းနှီးကျွမ်းဝင်သွားသလို ခံစားရသည်။

"ပြန်ချုပ်လိုက်ရင် အကောင်းပဲ ဦးလေးရဲ့၊ အကြာကြီးစီးလို့ ရဦးမှာ"

"ဟုတ်တာပေါ့ကွာ"

လူကြီးက အပြုံးနှင့်ထောက်ခံသည်၊ ထို့နောက် ဆက်၍

"အဲဒီလို ပြန်ကောင်းသွားမယ့် ဖိနပ်တစ်ရန်ကို အပြည့်အစုံ စီးပြီး မြေပေါ်မှာမတ်မတ်ရပ်နိုင်တဲ့ခြေထောက်နှစ်ဖက်ကိုပိုင်ဆိုင်ထားရတာရော၊



ဘယ်လောက် ကံကောင်းလဲဆိုတာ စဉ်းစားမိရဲ့လား" ဟု လေးနက်သော အသံနှင့်ပြောသည်။

ကိုဖြိုးက ကြည်ကြည်လင်လင် ပြုံးရင်း ဖိနပ်မပါသော သူ၏ ခြေထောက်များကို ငုံ့ကြည့်မိသည်။ ထို့နောက် စတင်ပြီးလမ်းလျှောက်သည်။ လူကြီးက နောက်ဘက်မှ လှမ်းပြောသည်။

"ဖန်ခွက်ထဲမှာ ရေတစ်ဝက်တောင်ရှိတယ်နော်"

ကိုဖြိုးက ခေါင်းညိတ်သည်။

ဟုတ်သည်၊ ဖန်ခွက်ထဲမှာ ရေတစ်ဝက်တောင် ရှိနေသည်။

(မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်မဂ္ဂဇင်း ၂၀၀၅ ခုနှစ်)

# သစ်ပင်ခိုက်သူများ

"ဖိုးသားရေ မာလကာသီး စားချင်တယ်ကွာ"

ဖိုးသားတို့အိမ်သို့ အလည်ရောက်လာတိုင်း ဗိုအောင် ပြောလေ့ရှိသော စကား ဖြစ်သည်။ ထို့နောက် တစ်ဖက်ခြံစည်းရိုးနားသို့ သူငယ်ချင်းနှစ်ယောက်သား မယောင်မလည်နှင့် ရောက်လာတတ်မြဲ ဖြစ်သည်။ တစ်ဖက်ခြံထဲတွင် သီးနေသော မာလကာသီး ဖြူဖြူပွပွကြီးများကို လှမ်းငေးရင်း "ခိုးစားချင်စိတ်ပေါက်လာပြီနော်" ဟုပြောကာ ရယ်မောမိကြရသည်။

ယခုနေသော ဆိတ်ငြိမ်ရပ်ကွက်ထဲသို့ ဖိုးသားတို့မိသားစု ပြောင်းလာသည်မှာ မကြာလှသေးပေ။ သူတို့၏အိမ်ဘေးတွင် မြေပိုနည်းနည်းရှိသော်လည်း သရက်ပင်နှစ်ပင်မှလွဲ၍ ဘာပင်မှမရှိပေ။ တစ်ဖက်ခြံထဲတွင်ကား သရက်၊ ပိန္နဲ၊ ဩဇာ၊ ဒန့်သလွန်၊ ဒညင်းစသောအပင်ကြီးများအပြင် မာလကာပင် သုံးလေးပင်လည်း ရှိသည်။ ပွတ်ခဲနေအောင်လည်း သီးတတ်လေသည်။

ခြံရှင်ဖြစ်သော အဘိုးကြီးနှင့်အဘွားကြီးကတော့ အတော်ကြီးကို ဇရာထောင်းနေကြပြီ ဖြစ်လေသည်။ မေမေက "နှစ်ယောက်စလုံး



ရှစ်ဆယ်ကျော်ပြီဆိုပဲ၊ သားသမီးတွေကလည်း အဝေးရောက်နေကြတယ်တဲ့" ဟု သူကြားခဲ့သမျှကို ပြန်ပြောဖူးသည်။ ဖေဖေကတော့ "ဒီအသက်ဒီအရွယ်ဆိုတာ သားရင်း သမီးရင်းနဲ့နေမှ အဆင်ပြေမှာပေါ့" ဟု ကရုဏာမကင်း ပြောတတ်သည်။ ဟုတ်တော့လည်း ဟုတ်သည်။ ဆွေမျိုးနီးစပ်ထဲမှ အဖော်ခေါ်ထားသော မိန်းကလေးတစ်ယောက်ရှိသော်လည်း ခြေဆုပ်လက်နယ် ပြုစုဖို့ နေနေသာသာ တကျော်ကျော်ခေါ်နေသည်ကို ကြားပါလျက်နှင့်ပင် မထူးဘဲနေချင်နေတတ်သည်ကို မြင်တွေ့နေရတော့ ဖေဖေစိတ်ကောင်းဟန် မတူပေ။

အဘွားကြီးက ကံချွန်၏ ကာတွန်းထဲက ဘွားစွာလို ပုံစံမျိုးဖြစ်သည်။ ဘွားစွာလိုပင် ဝဝအိအိကြီး ဖြစ်သည်။ သို့သော် ဘွားစွာလိုသန်သန် မာမာ အဘွားကြီးမဟုတ်ဘဲ သူက ခြေတစ်ဖက် နည်းနည်းဆာနေသည်။ ထို့ကြောင့် အဘိုးကြီးလို ခြံထဲတွင် အမှိုက်ကောက်လိုက်၊ တံမျက်စည်း လှည်းလိုက် မလုပ်နိုင်ဘဲ အိမ်ရှေ့သရက်ပင်အောက်က ကွပ်ပျစ်တွင်သာ ထိုင်နေတတ်လေသည်။ တစ်ခါတစ်ရံလည်း ဓမ္မစကြာရွတ်နေတတ်သည်။ သို့သော် သူ့ခမျာ ရွတ်ရင်း ရွတ်ရင်း မေ့ကာ ရှေ့ရောက်လိုက်၊ နောက်ရောက်လိုက်နှင့်မို့ ဓမ္မစကြာတစ်ပိုဒ်မှာ မဆုံးနိုင်ဘဲ ချာလည် ချာလည်ဖြစ်နေတတ်လေသည်။

"အိုတာများ ဘာမှမကောင်းဘူး၊ ရုပ်အိုတာလည်း မကောင်းဘူး၊ စိတ်အိုတာလည်း မကောင်းဘူး၊ အသံအိုတာလည်း မကောင်းဘူး"

အဘွားစွာ(ဖိုးသားက စိတ်ထဲမှခေါ်ခြင်းဖြစ်သည်)မို့လို့ ဓမ္မ စကြာရွတ်နေလျှင် ဖိုးသားက ထိုသို့ပင် တွေးမိတတ်လေသည်။ လူအိုတို့၏အသံသည် အနိမ့်အမြင့် အသံလှိုင်းမညီဘဲ တုန်တုန်ခါခါရှိတတ်သည်မို့ နားထောင်၍ မကောင်းလှသည်ကတော့ အမှန်ပင်။

"ရုပ်အိုရင် အရေခွံလေးတွေ တွန့်လာမယ်၊ လိပ်လာမယ်။ အသံအိုရင် တုန်လာမယ်၊ ခါလာမယ်။ စိတ်အိုရင်တော့ တွေလာမယ် ငေးလာမယ်။ မေ့မေ့လျော့လျော့ဖြစ်လာမယ်"

ထိုအဘိုးနှင့် အဘွားတို့ကို ငေးကြည့်ရင်း ဖိုးသားသည် ဇရာ၏သဘောကို မကြာခဏ တွေးမိတတ်သည်၊ ဆင်ခြင်မိတတ်လေသည်။ အဘွားစွာက အဘိုးထက်ငယ်သည်ဟု ဆိုသော်လည်း သူ့ထံတွင် ဇရာ၏ အရိပ်အယောင်များက ပိုပြီး လွှမ်းမိုးလေသည်။ အဘိုးထက်ပင် ပိုပြီး မေ့တတ် လျော့တတ်ဟန်တူလေသည်။ တစ်ခါတစ်ခါ အဘိုးက "ဟဲ့…မရွှေလာစမ်း၊ နင့်အဘွားက သူထမင်းစားပြီးပြီလားတဲ့ မေးနေတယ်" ဟု စိတ်မရှည်သံနှင့် အော်ပြောသံကို ကြားရတတ်လေသည်။ ထမင်းစားပြီးပြီလား၊ မစားရသေးဘူးလားပင် မေးနေသောအဘွားစွာ၏ အကြောင်းကို တစ်စွန်းတစ်စ သိရင်း ပြုံးရသည်။

ဖိုးသား၏ အစ်မကတော့ အဘွားစွာကို သိပ်ပြီးမကျေနပ်လှပေ။ သူဝတ်ထားသော စကပ်နောက်ကွဲကို မျက်နှာထားပုပ်ပုပ်နှင့် ကြည့်ပြီး "အောက်ဖက်က အများကြီးခွဲလာပြီးမှ အပေါ်ဖက်ကျမှ ဝတ်မနေပါနဲ့တော့အေ၊ ဟောင်းလောင်းဖြစ်သွားအောင် တောက်လျှောက်သာ ခွဲလိုက်ပါတော့လား" ဟု ပြောသောကြောင့်ဖြစ်လေသည်။ မမက "ခေတ်ကို နားမလည်တဲ့ အဘွားကြီး၊ အန်းတိတ်ကြီး" နှင့် ပွစိပွစိ ပြောနေသော်လည်း ထိုစကပ်နောက်ကွဲကြီးကို ခဏခဏ မဝတ်ရဲတော့သည်ကတော့ အမှန်ပင်။ ကိုယ်က အငယ်မို့ မပြောသာသောကြောင့်သာ ကြည့်နေရသည်။ ထိုစကပ်ကြီးကို ဖိုးသားကလည်း နည်းနည်းမှ မကြိုက်သောကြောင့် ဘွားစွာကို စိတ်ထဲမှ ကျိတ်ပြီး ကျေးဇူးအထပ်ထပ် တင်မိလေသည်။

သို့သော် ဖိုးသားဝတ်ထားသော အိတ်တွေ အများကြီးပါသည့်



ဘောင်းဘီကိုကြည့်ကာ တခစ်ခစ်ရယ်သောအခါတွင်ကား အတော်ပင်အောင့်သက်သက်ဖြစ်ခဲ့ရသည်။

အဘိုးကတော့ ရှည်ရှည်ကိုင်းကိုင်းနှင့် ခါးလည်း အနည်းငယ်ကုန်းလေသည်။ အဘွားလို မေ့တတ်လျော့တတ် သတိလက်လွတ်နှင့်ထင်ရာ ပြောတတ်ခြင်းများ လုံးဝမရှိပေ။ အစဉ်အမြဲ သတိနှင့်ယှဉ်နေသောအဘိုး၏ အကြည့်များက စူးရှနက်ရှိုင်းနေဆဲဖြစ်လေသည်။ လက်တစ်ဖက်မသန်ဘဲ လိမ်ဖယ်ဖယ်ဖြစ်နေသော်လည်း ထိုလက်ကို အအားမထားဘဲကောင်းသော လက်တစ်ဖက်နှင့် ယှဉ်တွဲကာ ကျင်လည်စွာ အသုံးပြုတတ်သည်။ တစ်ခါတုန်းက ဖိုးသားနှင့် ဗိုအောင်တို့ အဘိုးဆီမှ မာလကာသီးတောင်းဖူးသည်။ အဘိုးက "ခူးကြလေကွာ" ဟု ကြည်ဖြူစွာ ခွင့်ပေးသော်လည်း သူတို့ခူးနေသည်ကို အဓိပ္ပာယ်ဖော်ရန်ခက်ခဲသော မျက်လုံးများနှင့်ငေးကြည့်နေခဲ့သည်။ ထို့နောက် "ကိုယ်တိုင်အပင်ပန်းခံမစိုက်ဘဲနဲ့ အသီးတွေ အပွင့်တွေကို ခူးစားခွင့်ရတယ်ဆိုတာ သိပ်ကံကောင်းတာ ကလေးတို့ရဲ့။ ဒါပေမယ့် ကိုယ်ကံကောင်းတယ်ဆိုတာကို သိဖို့ တန်ဖိုးထားတတ်ဖို့တော့ လိုတယ်နော်" ဟုပြောသည်။

သူ ဘာကိုရည်ရွယ်၍ပြောမှန်း ဖိုးသား ကောင်းစွာနားမလည်ပေ။ သူ၏ မာလကာသီးများက ပွလည်းပွ ချိုလည်းချိုမို့ စားကောင်းလှသည်ကတော့ တကယ်ပင်။ သို့သော် သူက မာလကာသီးထက်မက ပိုမို၍ရည်ရွယ်ကြောင်းကိုတော့ သိသလိုလို ရှိနေသည်။ ဖေဖေနှင့် စကားစပ်၍ မေးကြည့်မိတော့မှ ဖေဖေက ခေါင်းတညိမ့်ညိမ့်နှင့် ပြုံးကာ "သူပြောတာ လွတ်လပ်ရေး ဆိုတဲ့ သစ်ပင်ကို ပြောတာ သားရဲ့၊ သူက တော်လှန်ရေး ရဲဘော်ဟောင်းကြီး တဲ့" ဟု ပြောသည်။

"တော်လှန်ရေး ရဲဘော်ဟောင်း…"

ဖိုးသားက တအံ့တသြ ရေရွတ်မိသည်။ ဖိုးသား၏အသက်က ဆယ့်ခြောက်နှစ်သာရှိသေးသည်မို့ ဦးခွံထဲမှပေါက်ခါစ ကြက်ကလေးလို အသိနုနယ်လှသေးသည်။ အင်္ဂလိပ်ကျွန်ဘဝ၊ တော်လှန်ရေးကာလ၊ ဂျပန်တို့ အုပ်စိုးခဲ့သောသုံးနှစ်၊ ဖုံးဒဏ်တွေက တဝုန်းဝုန်းခံခဲ့ရသော မြန်မာပြည် စသည်စသည်များကို ကြားဖူးရုံသာရှိသည်။ ထိုအဖြစ်အပျက်များသည် သူ့အတွက်တော့ ဟိုးအဝေးကြီးကိုရောက်နေသည်။ ဖက်ဆစ်ဂျပန်တွေက ပါးရိုက်၊ ရေနွေးလောင်း၊ လက်သည်းခွံခွာခဲ့သည်များကို မေမေပြောပြတော့ တအံ့တသြနှင့် "ဒီလောက်တောင်ဆိုးသလားဟင်" ဟု မယုံမရဲဖြစ်ရသည်။

ဖေဖေတို့ မေမေတို့သည်လည်း မြန်မာပြည်လွတ်လပ်ရေးရအပြီး ကျွန်ဘဝမှလွတ်သောအခါမှ မွေးဖွားလာကြသူများဖြစ်သည်။ အဘိုး၏ စကားနှင့်ပြောရလျှင် အဘိုးတို့သည် အပင်စိုက်သူများဖြစ်သည်။ အဖေနှင့် အမေတို့သည်ကား အသီးစားသူများသာဖြစ်သည်။ သို့သော် သူတို့သည် အပင်စိုက်သူများနှင့် နီးနီးကပ်ကပ်ရှိခဲ့ဖူးသည့်အတွက် ဖိုးသားတို့နှင့် နှိုင်းစာလျှင်ကား အပင်၏တန်ဖိုးကို ပိုပြီးသိကြဟန်တူလေသည်။

ဖိုးသားသည် အဘိုး အဘွားနှင့် နေဖူးသူမဟုတ်၍ လူအိုလူမင်းများကို နှစ်သက်လှသည်မဟုတ်ချေ။ လူအိုတို့၏ဂုဏ်သတင်းကလည်း မွေးလှသည်မို့ ခပ်ရွံ့ရွံ့ဖြစ်နေသည်။ လူအိုတို့သည် သူတစ်ပါးနားထောင်ချင်သော နားမထောင်ချင်သော ဘာကိုမျှအမှုမထား၊ သူတို့ပြောချင်ရာကို မဆုံးနိုင်အောင် တဗျစ်တောက်တောက်ပြောတတ်ကြသည်။ နားလေးလာကြစမြဲမို့ သူတို့ကိုသံမှန်နှင့်ပြောလျှင် မကြားတတ်၊ မကြားမှန်းသိ၍ အော်ပြောလျှင်လည်း "ငါ့ကို နားလေးနေတယ်ထင်လို့လား" ဟု စိတ်ဆိုးတတ်ကြသည်ဟု ကြားဖူးထားတော့ စကားပြောရမည်ကိုလည်း ခပ်ကြောက်ကြောက် ဖြစ်နေသည်။ သို့သော် ထိုတော်လှန်ရေးရဲဘော်ဟောင်းကြီးဟု



ဆိုသော အဘိုးကိုကား အထင်တကြီးရှိလာသည်မို့ စကားလေး ဘာလေး ပြောချင်သည်။

သို့သော် အဘိုးက သူ့ဟာသူ ခပ်မှန်မှန်နေတော့ ဖိုးသားက မရောရဲပေ။ တစ်နေ့တုန်းကတော့ ခြံစည်းရိုးတစ်ဖက်မှနေပြီး ဖိုးသားကို "ဟေ့ ကလေး ခဏလာပါဦး" ဟု လှမ်းခေါ်သည်။ သူ့လက်ထဲမှာ မာလကာသီး ဖြူဖြူပွပွကြီး နှစ်လုံးကို လှမ်းပေးပြီး 'ဒီနေ့ ဘာနေ့လဲ သိရဲ့လား' ဟု မေးသည်။ ဖိုးသားက ခေါင်းခါမည်ပြုပြီးမှ ဒီနေ့လွတ်လပ်ရေးနေ့မို့ ကျောင်းပိတ်သည်ကို သတိရပြီး "လွတ်...အဲ...လွတ်လပ်ရေးနေ့ပါ အဘိုး" ဟု ထစ်ထစ်ငေါ့ငေါ့ ဖြေရသည်။ အဘိုးက သူ့ကို ခပ်စူးစူးကြည့်ကာ "မင်းအဖေတွေ အမေတွေရော မင်းလို သိကြရဲ့လား" ဟု ထပ်ဆင့်မေးသည်။ ဖိုးသားက ဘာဖြေရမှန်းမသိဘဲ အကြပ်ရိုက်နေစဉ် . . . .

"အင်း . .သိချင်လည်းသိမှာပါ။ ဒါပေမယ့် အရေးမစိုက်၊ တန်ဖိုးမထားတာတော့ အမှန်ပဲ၊ ဒါကြောင့်မို့လည်း အလံမထူကြတာပေါ့" ဟု ပြောသည်။

ဖိုးသားက အဘိုးတို့ အိမ်ဖက်လှမ်းကြည့်လိုက်တော့ ဝါးလုံးတိုင်ထိပ်ဖျားတွင် တလူလူလွင့်နေသော အနီရောင်အလံလေးကို တွေ့ရသည်။

"ကျွန်တော် အခုထူလိုက်မယ်လေ အဘိုးရဲ့၊ ရသေးတယ် မဟုတ်လား"

"အေး...အခုမှ မနက်ရှစ်နာရီပဲ ရှိသေးတာ၊ ရပါသေးတယ်။ ညနေ ခြောက်နာရီကျော်ရင်တော့ ပြန်သိမ်းနော်"

ဖေဖေ့ဘီဒိုကို တော်တော်မွှေပြီး ရှာသောအခါမှ နိုင်ငံတော် အလံကို တွေ့သည်။ ဖိုးသားက ဝါးလုံးတိုင်လေး၏ထိပ်တွင် နိုင်ငံတော်အလံကို ချည်ကာ အိမ်ရှေ့ဝရံတာတွင် စိုက်ထူလိုက်သည်။ ဝေ့ကာ ဝဲကာ တိုက်ခတ်

နေသော အေးမြမြဆောင်းလေတွင် အလံတော်က တဖျတ်ဖျတ်လွင့်မြူးနေသည်။ ခြံစည်းရိုးတစ်ဖက်မှ လှမ်းမျှော်ကြည့်နေသောအဘိုးက နှစ်ခြိုက်စွာပြုံးနေသည်။

ထိုနေ့ကစပြီး အဘိုးနှင့် ဖိုးသားတို့ အလွမ်းသင့်ခဲ့ကြရသည်။ ဖိုးသား သာမက ဗိုအောင်ပါ အဘိုးတို့ခြံက မာလကာသီးများကို ကြိုက်သလို ခူးစားခွင့်ရခဲ့ကြသည်။

အဘိုးနှင့် အလွမ်းသင့်သော်လည်း အဘွားနှင့်တော့ သိပ်ပြီး အဆင်ပြေလှသည် မဟုတ်ပေ။ အဘွားက ဖိုးသားကိုတွေ့တိုင်း "သူက ဘယ်သူလဲ ကိုဖိုးချစ်" ရဲ့ဟု မေးတတ်သည်။ အဘိုးကို မျက်စောင်းထိုးရင်း "လူပေါင်းတာ ကြည့်ပေါင်းနော်၊ ကိုယ့်လူလား မသိ၊ အင်္ဂလိပ်လူလား မသိ၊ ဂျပန်လူလား မသိ အပေါင်းမှားနေဦးမယ်" ဟူ၍လည်း ပြောတတ်သည်။ ဘွားစွာ၏စိတ်တွေက အမေ့မေ့အလျော့လျော့တွေမို့ ဟိုရောက်လိုက် ဒီ ရောက်လိုက်ဖြစ်နေတတ်သည်ကို ဖိုးသားနားလည်ပါသည်။ တစ်ခါတော့ ဗိုအောင်က နောက်ချင်ပြောင်ချင်စိတ်နှင့် ဖိုးသားကို လက်ညှိုးထိုးကာ "သူက ဂျပန်ကင်ပေတိုင်လေ၊ ကိုဖိုးချစ်ကို ဖမ်းမလို့" ဟုပြောသည်။ အဘွားသည် ဖိုးသားကို ထွေထွေကြီးကြည့်နေရာမှ အံတစ်ချက်ကြိတ်လိုက်ပြီး သူ့ဘေးမှ ထွေးခံကြီးကိုကောက်ခါ တစ်အားလွှဲ၍ပေါက်လိုက်သည်။ ဖိုးသား အရှောင်ကောင်း၍ ကွဲသောခေါင်း မဖြစ်ခဲ့ရခြင်းဖြစ်သည်။ ထွေးခံလွဲသွားတော့ အဘွားက မကျေနပ်။ သူ့ဘေးမှ ရေနွေးကြမ်းအိုးတွေ၊ ဖန်ရေတကောင်းတွေကို လှမ်းယူနေစဉ် ဖိုးသားတို့နှစ်ယောက် အလျင်အမြန် ဆုတ်ခွာခဲ့ကြရသည်။

သူတို့၏ အဖြစ်တို့ကို ကြားတော့ အဘိုးက သဘောကျစွာနှင့် တဟားဟားရယ်နေလေသည်။



"မြန်လိုက်တဲ့ လက် အဘိုးရာ၊ သူ့ကိုယ်လုံး ဝဝအိအိကြီးနဲ့ ဒီလောက် သွက်လိမ့်မယ်လို့ မထင်ပေါင်"

ဗိုအောင်က မျက်လုံးပြူး မျက်ဆံပြူးနှင့်ပြောသည်။

"လက်လည်း သွက်၊ စိတ်လည်း သွက်၊ သတ္တိကလည်း အရမ်းကောင်းတယ် ကလေးတို့ရေ၊ ဒါကြောင့်မို့လည်း အဘိုး အသက်ရှင်ခဲ့ရတာပဲ"

အဘိုး၏မျက်လုံးများသည် ငေးရီရီဖြစ်သွားကြသည်။ ကြာတော့လည်း ကြာလှပေပြီ။ သို့ပါသော်လည်း ပြန်စဉ်းစားလိုက်တိုင်း လတ်ဆတ်ဆဲ၊ နွေးထွေးဆဲ၊ ရင်ခုန်ဆဲပင်ဖြစ်သည်။

*

နောက်ဖက်မှ ထပ်ချပ်လိုက်လာသော ခြေသံများကြောင့် သူ့ရင်တွေ တဒိုင်းဒိုင်း ခုန်နေသည်။ ဘယ်ဘက်လက်မောင်းတွင်လည်း သွေးတွေ စိမ့်ယိုနေသည်။ နာကျင်ခြင်း၊ မောပန်းခြင်းများနှင့် လဲပြိုချင်နေပြီဖြစ်သည်။

"ငါလဲလို့ မဖြစ်ဘူး၊ ငါ့ကို မိလို့ မဖြစ်ဘူး" ဟူသော အတွေးက မခိုင့်တခိုင်နှင့် ယိုင်လဲချင်နေသော ခြေထောက်များကို သွက်သွက်ဆွဲခေါ်နေသည်။ သူ့ကို မိသွားလျှင် သူသိထားသော သတင်းများအတွက် သူ့ကို မရမက မေးကြတော့မည်။ မပြောလျှင် ပြောလာအောင် နည်းမျိုးစုံ သုံးကြတော့မည်လည်း ဖြစ်သည်။ နှိပ်စက်ကြတော့မည်ဖြစ်သည်။ ဖက်ဆစ်တို့၏ လက်ထဲသို့ အသက်ရှင်လျက် ကျရောက်ရမည့် တော်လှန်ရေးသမား တစ်ဦး၏ ကံကြမ္မာသည် တွေးဝံ့စရာပင် မရှိ။

သူ့မျက်လုံးတွေ ပြာဝေလုလုတွင် ခြံတစ်ခြံထဲ ဝင်ပြေးခဲ့သည်။

ပြတင်းပေါက်မှတစ်ဆင့် အိမ်ထဲခုန်ဝင်လိုက်စဉ် လန့်၍ အော်လိုက်သော အသံများကို ကြားရသည်။ သူကြည့်လိုက်တော့ ဆယ်ကျော်သက် မိန်းကလေး သုံးယောက်။ မျက်နှာလေးများက ခပ်ဆင်ဆင်မို့ ညီအစ်မ တစ်စု ဖြစ်မည် ထင်လိုက်သော်လည်း အသေအချာ မစဉ်းစားအား။

"ကျွန်တော့်ကို ဂျပန်တွေလိုက်…လိုက်ဖမ်း"

သူက စကားကို ဆုံးအောင် မပြောနိုင်၊ မောလှပြီမို့ လဲပြိုကျတော့မလို ယိုင်နေသည်။ ကောင်မလေးတွေ၏ ရှေ့တွင် သရက်သီးစိမ်းတစ်ပုံကို တွေ့ရသည်။ ခွဲလက်စ သရက်သီးခြမ်းများကို တွေ့တော့ ရင်တွေ တဒိုင်းဒိုင်း ခုန်နေသည့်ကြားထဲမှနေပြီး "သရက်သီးကုလားတယ်လုပ်ဖို့ ခွဲနေကြတာ ထင်ပါရဲ့" ဟု တွေးလိုက်မိသေးသည်။

"လာ…မြန်…မြန်…လာ"

သူ့ကို ကောင်မလေးတစ်ယောက်ကဆွဲပြီး ဘီဒိုကြီးတစ်လုံးထဲ ဆောင့်တွန်းပြီး ထည့်လိုက်သည်။

"ဟင်…ဒီမှာ သွေးစက်တွေ"

"သူ့ဒဏ်ရာက ကျတာ…"

"ဒါဆိုရင် သိတော့မှာပဲ"

"ဟာ…မမ…ဘယ်လိုလုပ်…အမလေး…ဘုရား၊ ဘုရား"

"မေးမနေနဲ့…ရှော့ ဒီဓားကို မြန်မြန်ယူ…လာ…ငါတို့ရန်ဖြစ်မယ်.. ဟင်…ကောင်မ နင်က ငါ့ကို ဓားနဲ့ထိုးတယ် ဟုတ်လား…ဟင်၊ နင်ကျေးဇူးကန်းလှချေကလား…ဟဲ့ နင်ဆံပင်တွေ ဆွဲဖွလိုက်စမ်း"

"အို .. ဘာကျေးဇူးလဲ၊ ဘာမှ နားမလည်ဘူး"

"ဟင် .. ဟင်…နင့်ကို ငါသတ်မယ်"

"သတ်လေ..သတ်လေ၊ သတ်ဝံ့သတ်ကြည့်ပါလား၊ ဒီကရော



ခံနေမယ် ထင်သလား…"

"အို…မမတို့ တော်ကြပါတော့ ဟီး..ဟီး..အမယ်လေး ကယ်ပါ.. မမတို့ သတ်နေကြပါပြီ"

အပြင်ဖက်တွင် ဝုန်းဒိုင်းကျဲနေသောအသံများကို ကြားနေရသည်။ ခဏနေတော့ တဝုန်းဝုန်းတက်လာသော စစ်ဖိနပ်သံများနှင့် ဂျပန်လို ဆဲသံဆိုသံများကို ကြားရပြန်သည်။

"မဆွဲနဲ့…သတ်မယ်…ဒင်းကို သတ်မယ် ..မဆွဲနဲ့"

"လာလေ ..လာလေ… လာလိုက်စမ်းပါ။ အသေထိုးတာ မသေလို့ အော်လို့ ကောင်းနေတယ်။ ဟုတ်လား…သေချင်ရင်လာခဲ့စမ်းပါ…အို… မဆွဲကြစမ်းပါနဲ့ သတ်စမ်းပါရစေ.."

"ကယ်ကြပါဦး အစ်ကိုကြီးတို့ရယ်၊ မမတို့ကို ကယ်ပါဦး .. သတ်နေကြပါပြီ၊ ကယ်ပါဦး အမယ်လေး သွေးတွေ၊ သွေးတွေအများကြီး"

ထိုအသံများက ဝေဝေဝါးဝါးနှင့် နီးလာသလိုလို ဝေးသွားသလိုလို ဖြစ်ကာ ဘီဒိုထဲတွင်လည်း မွန်းလှောင်နေသောကြောင့် သူ သတိလစ်သွားသည်။ မည်မျှကြာအောင် သတိလစ်သွားသည်မသိ။ သူသတိပြန်ရတော့ ဘီဒိုအပြင် ရောက်နေပြီ ဖြစ်သည်။ ကောင်မလေးသုံးယောက်လည်း အင်္ကျီတွေ တွန့်ကြေကာ ဆံပင်တွေ ဖွာနေကြသည်။ သရက်သီးခွဲခြမ်းများ ပြန့်ကျဲနေသော ကြမ်းပေါ်တွင်လည်း သွေးတွေ ပေပွနေသည်။ နံရံကို မှီထိုင်နေသော ကောင်မလေးတစ်ယောက်ကတော့ ပေါင်ကို ဆန့်တန်းကာ လက်နှင့် အုပ်ထားသည်။ "သွေးစက်တွေကို သုတ်လို့လည်း ဘယ်လိုမှ မမီနိုင်လို့ ကြံမိကြံရာ ကြံလိုက်တာ အခုမှ နာလိုက်တာ" ဟု တိုးတိုးဖျော့ဖျော့ ပြောသည်။

ထို့နောက် သူ့ကို ကြင်နာစွာ ပြုံးပြရင်း 'စိတ်မပူနဲ့တော့နော်၊ ဂျပန်

တွေ ပြန်သွားပြီ’ ဟုပြောလေသည်။

*

“အဲဒီကောင်မလေးက အနားမှာရှိနေတဲ့ သရက်သီးခွဲနေတဲ့ ဓားမြှောင်ကို ကောက်ပြီး သူ့ပေါင်သူ စိုက်ချလိုက်တာတဲ့။ ထူထူပူပူနဲ့ တစ်အား စိုက်ချမိလိုက်တယ်ထင်ပါရဲ့။ သွေးတွေ ဒလဟောထွက်တာပေါ့။ အဘရဲ့ ဒဏ်ရာက ထွက်တဲ့ သွေးတွေနဲ့ ရောသွားအောင်တဲ့လေ။ အဲဒီတော့မှ ညီအစ်မအချင်းချင်း စကားများ ရန်ဖြစ်ပြီး ဓားနဲ့ထိုးတာလို့ ဟန်ဆောင်ရင်း ဖက်သတ်ကြတာလေ။ အကြီးနှစ်ယောက်က သတ်၊ အငယ်မလေးက ကြားက ဖျန်ဖြေရင်း ကယ်ပါယူပါ အော်ပေါ့လေ၊ သဏ္ဍာန်လုပ်တာ သရုပ်နဲ့ အတော်တူတယ် ထင်ပါရဲ့၊ ဂျပန်က ညီအစ်မချင်းချင်း ချစ်ချစ်ခင်ခင်နေဖို့တောင် တရားဟောသွားသေးတယ်တဲ့ . .”

အဘိုး၏မျက်လုံးများက အရောင်တောက်ပလာသည်။ နှုတ်ခမ်းများက ပြုံးလာသည်။

“အဘိုးအသက်ကို သူကယ်လိုက်တာလေ။ သူ့ပေါင်ကိုသူ ဓားနဲ့ ထိုးတဲ့ ကောင်မလေးပေါ့။ သူထိုးလိုက်တာက အကြောထိသွားလား မသိပါဘူး၊ မနည်း ပြန်ကုယူရတယ်။ စစ်အတွင်းမို့ ဆေးဝါးကလည်း မစုံလင်တော့ ခြေထောက်တစ်ဖက် နည်းနည်းဆာသွားတယ်”

“အဲဒါ ... အဲဒါ”

“ဟုတ်တယ်လေ၊ အဲဒါ မင်းတို့ရဲ့အဘွားပေါ့” အဘိုးက ဂုဏ်ယူစွာ ပြောသည်။

“အခုအချိန်မှာ အိုနေ နာနေ အမေ့မေ့ အလျော့လျော့ ဖြစ်ပေမယ့် အဲဒီအဘွားကြီးဟာ တစ်ချိန်တုန်းက နုပျိုခဲ့ တက်ကြွခဲ့ပါတယ်။ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်ကို အသက်သွေးနဲ့ရင်းပြီး ချစ်ခဲ့ပါတယ်။ သူတင်မကဘူး၊ သူ့ညီမတွေကပါ နိုင်ငံတာဝန်ကို ကျေပွန်ခဲ့ကြပါတယ်ကွယ်၊ လွတ်လပ်ရေးဆိုတဲ့ သစ်ပင်ကြီး ရှင်သန်လာဖို့ အသက်သွေးတွေ အများကြီး ရင်းခဲ့ရတယ်ဆိုတာ မင်းတို့ အမြဲသတိရနေဖို့ လိုတယ်”



ဖိုးသားရော ဗိုအောင်ပါ ငြိမ်နေကြသည်။ ဘုရားစင်မှ သပြေပန်း ညိုညိုလေးများကို ငေးကြည့်ရင်း ကြက်သီးလေးတွေပင် ရှိန်းရှိန်းမြမြထလာကြသည်။

*

အဘွားစွာကတော့ မပြောင်းလဲပါ။ နောက်တစ်နေ့တွင် ဖိုးသားကို မြင်တော့ သူမေးနေကျအတိုင်း “သူက ဘယ်သူလဲ” ဟု မေးပြန်လေသည်။

ဖိုးသားသည် သူ၏ရင်ထဲမှစိတ်ပျက်သလို၊ ငြူစူသလို၊ ရယ်ချင်သလို ခံစားမှုများ လုံးဝ မရှိတော့သည်ကို ထူးဆန်းစွာ ခံစားရသည်။ ထို့နောက် လေးလေးစားစား ဖြေလိုက်သည်။

“အဘွားတို့ ဝိုင်းဝန်းပြီး စိုက်ထားတဲ့အပင်က အသီးတွေကို အဆင်သင့်စားနေတဲ့ သူလေ အဘွားရဲ့။ နောင်ဆိုရင် အဲဒီအပင်ကြီးကို ကျွန်တော်လည်း ရေလောင်းပေးမယ်နော်”

(ဘရဏီမဂ္ဂဇင်း ၂၀၀၅ နိုဝင်ဘာ)

# အုန်းသီးထဲက အရည်ချိုချို

ဝါဝါတို့၏အိမ်ရှေ့တွင် အုန်းပင်ပုံနှစ်ပင် ရှိသည်။ စ၍သီးသည်မှာ မကြာသေးသဖြင့် အလွန်သီးအားကောင်းလှသည်။ ထိုအုန်းသီးများသည် အမေ၏ မီးဖိုချောင်စရိတ်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးခဲ့လေသည်။ အုန်းသီးတစ်ခါချလျှင် အမေက ဝါဝါတို့ မောင်နှမတစ်တွေအား အရည်သောက် တစ်လုံးစီ ဝေပုံကျပေးကာ သောက်ခွင့်ပေးတတ်ဖြစ်သဖြင့် အုန်းသီးချမည့်ရက်ကို မျှော်မိတတ်ကြမြဲ ဖြစ်သည်။

"အုန်းသီးထဲက အရည်တွေကို ဘယ်သူလာပြီးထည့်ထားတာလဲ ဟင်"

ဝါဝါ ငယ်ငယ်တုန်းက တအံ့တသြ မေးခဲ့ဖူးသည်။ အခွံ အထပ်ထပ်အုပ်ကာ ထူထဲလုံခြုံလှသောအုန်းသီး၏အတွင်းဘက်ဆုံးတွင် ချိုမြမြ အရည်တွေ အပြည့်ရှိနေသည်ကို ထူးဆန်းအံ့သြနေမိသည်။

"သမီးအတွက် မေမေ ထည့်ပေးထားတာပေါ့"

"ဟင် . . . တကယ်"



"ဟုတ်တယ် . . အဲဒီအုန်းသီးတွေဟာ မေမေရဲ့မေတ္တာရေတွေပဲ၊ သမီးလိမ္မာရင် အရည်ချိုချိုလေးတွေ ထည့်ပေးမယ်၊ ဆိုးရင် မိုက်ရင်တော့ အရသာမရှိတဲ့ အရည်တွေကိုပဲ ထည့်ပေးမှာနော် သိလား သမီး"

မေမေက ပြုံးစစနှင့် ပြောသည်။ မမကြီးက ရယ်မောရင်း "မမကြီးကတော့ လိမ္မာလို့ ရေချိုချိုတွေကိုပဲ အမြဲသောက်ရတယ် သိလား ညီမလေး" ဟု လှမ်းပြောလေသည်။ မမကြီးသည် ဝါဝါ၏ ဒုတိယမိခင် ဖြစ်သည်။ ဝါဝါသာမကပါ၊ တာတာနှင့်အပါလေးတို့အတွက်လည်း မမကြီးသည် ဒုတိယမိခင် ဖြစ်ခဲ့ရသည်သာ။

ညီအစ်မဟုဆိုသော်လည်း အမေတူအဖေကွဲ ညီအစ်မမို့ မမကြီးက ဝါဝါထက် ၁၃ နှစ်နီးပါးကြီးလေသည်။ ထို့ကြောင့်လည်း ဝါဝါ၏ စိတ်ထဲတွင် မမကြီးကို မေမေ၏သမီးဟု မထင်ဘဲ ညီမဟုသာ မှတ်ယူနေမိတတ်လေသည်။ မမကြီးကတော့ သူ့ကိုယ်သူ အမေ၏အစ်မဟုများ ထင်နေသလား မပြောတတ်ပေ။ "မေမေ၊ သရက်သီးတွေ သိပ်မစားနဲ့လေ၊ အပါလေး ဝမ်းပျက်နေဦးမယ်" ဟူ၍ တစ်မျိုး၊ "မေမေ၊ ခေါင်းကိုက်နေရင် ဝေ ဈေးသွားပေးမယ်လေ၊ မေမေနားနေလိုက်တော့" ဟူ၍ တစ်ဖုံ ပြောတတ်သည်ကို မကြာခဏ ကြားရသည်။ အသက်ကသာ ၁၆ နှစ်ကျော်ကျော်ရှိသေးသော်လည်း သူက အမေ၏အစ်မနေရာဝင်ကာ ပူပူပင်ပင် ဖြစ်နေတတ်သည်။

မေမေကလည်း "တာတာ ကိုယ်တွေပူနေပြန်ပြီ သမီးရေ"၊ "ဒီနေ့တော့ ခပ်လွယ်လွယ်ပဲ တွေ့တဲ့ကြက်ပဲ ကောက်ဝယ်လာတယ် သမီးရေ၊ ပြုတ်ကြော်လေးပဲ လုပ်လိုက်ကြရအောင်၊ ခရမ်းချဉ်သီးငါးပိချက်လေးနဲ့ဆို တော်ရောပေါ့နော်"၊ "ဝေဝေ၊ သမီးရေ၊ အိမ်ရှေ့မြောင်းတွေ ပိတ်နေပြန်ပြီကွယ်၊ မြောင်းထိုးတဲ့ ဦးဘထွန်းကြီးကို ခေါ်ချေဦးမှ ထင်တယ်နော်" စသည်

စသည်ဖြင့် တိုင်တိုင်ပင်ပင် အားကိုးတကြီး ရှိလှလေသည်။

မေမေသာမက ဖေဖေကပါ "ဝေဝေ၊ ဒီမှာ ဦးလေးစိုး ပစ္စည်းစာရင်းတွေ မကိုက်လို့ ကူတွက်ပေးပါဦး၊ ဘယ်နား မှားနေလဲ မသိဘူး" ဟု ပြောတတ်သည်ကို မကြာခဏ ကြားရတတ်သည်။ ဖေဖေသည် မမကြီး၏ ပထွေးဖြစ်သော်လည်း ဝါဝါ၏စိတ်ထဲတွင် အစ်ကိုကြီးဟုသာ ထင်မှတ်နေမိတတ်လေသည်။ ဖေဖေ၊ မေမေ၊ မမကြီးနှင့်ဝါဝါတို့ အငယ်သုံးဦး၊ စုစုပေါင်း မိသားစုခြောက်ဦးသည် သိုက်သိုက်ဝန်းဝန်း စည်းစည်းလုံးလုံးနှင့် ပျော်ရွှင်ဖွယ်ကောင်းခဲ့သည်ကတော့ အမှန်ပင်ဖြစ်သည်။

"မေမေ နောက်အိမ်ထောင်ပြုမယ်ဆိုတော့ မမကြီး မေမေ့ကို စိတ်မဆိုးဘူးလားဟင်"

ဝါဝါ ကြီးပြီး အပျိုပေါက်အရွယ်ရောက်တော့ မမကြီးကို မေးကြည့်ခဲ့ဖူးသည်။ မမကြီးက အေးချမ်းစွာပြုံးရင်း "ဦးလေးစိုးက မေမေ့ရဲ့ အချစ်ဦးပဲလေ၊ မမကြီးရဲ့အဖေကို အမေက ချစ်ခဲ့တာမှ မဟုတ်တာပဲ၊ နောက်ပြီး အဖေက အမေ့ထက်လည်း အများကြီး အသက်ကြီးတယ်၊ အမေ့ကို ချစ်ပေမယ့် အရမ်းချုပ်ခြယ်တယ်၊ ဒါတွေကို သိထားတော့ မမကြီးက ငယ်ငယ်လေးကတည်းက မေမေ့ကို သိပ်သနားတာ၊ အမေ့ကို ပျော်စေချင်တယ်၊ အမေပျော်မယ်ဆိုရင် ကျေနပ်တဲ့စိတ်က အပြည့်ပဲ၊ ကိုယ့်အမေကို နှမြောတာတော့ နှမြောတာပေါ့၊ ဒါပေမဲ့ ပျော်စေချင်တဲ့စိတ်က ပိုများတယ်" ဟု ဖြေခဲ့သည်။ သူ့အရွယ်လေးနှင့် မမျှအောင် အမေ့ကို နားလည်ခွင့်လွှတ်ပေးနိုင်စွမ်း ရှိခဲ့သူဖြစ်သည်။

မမကြီးက ပျော်စေချင်သော်လည်း အမေက အိမ်ထောင်ရေးကံ မကောင်းချေ။ ဝါဝါ ခြောက်နှစ်သမီးအရွယ်တွင် အဖေက ဦးနှောက်သွေးကြောပြတ်ကာ ကွယ်လွန်ခဲ့ရသည်။ ကလေးတစ်ယောက်နှင့် မုဆိုးမ



တစ်ခါ ဖြစ်ခဲ့ရဖူးသော အမေသည် ယခုတစ်ခါတွင်တော့ နောက်ထပ်ကလေး သုံးယောက်တိုးကာ ကလေး လေးယောက်ပိုက်ပြီး ဒုတိယအကြိမ် မုဆိုးမ ဖြစ်ခဲ့ရပြန်လေသည်။

အဖေ့အသုဘ တုန်းက ဝါဝါတို့မောင်နှမတစ်တွေမှာ ငိုရ ကောင်းမှန်း မသိပေ။ အိမ်တွင် မီးတွေ ထိန်ထိန်လင်းကာ လူတွေ တရုတ်ရုတ်ဖြစ်နေ၍ ပျော်လို့တောင် နေသေးသည်။ ဧည့်သည်တွေအတွက် ချထားသော ချိုချဉ်တွေ နှိုက်စားလိုက်၊ ကွာစေ့တွေ ခွာစားလိုက်၊ ဖျော်ရည်တွေ ကောက်မော့လိုက်နှင့် ထင်တိုင်းကြဲနေတတ်သည်။

အဖေ့အခေါင်း မြေချတော့ အလဲလဲ အပြိုပြို ငိုကြွေးနေသော အမေ့အား မမကြီးက ဘေးမှနေ၍ တင်းတင်းဖက်ကာ ဖေးမထားသည်ကို ဝါဝါ မှတ်မိသည်။ သစ်သားခေါင်းပေါ်သို့ မြေကြီးတွေ ဖို့ချလိုက်တော့မှ အဖေ့ကို မြေကြီးထဲမှာ မြှုပ်ပစ်လိုက်ပြီဟုသိကာ ဝါဝါနှင့်တာတာက တအားအော်ငိုကြသည်။ သေဆုံးခြင်းဟူသည်မှာ အစဉ်ထာဝရ ကွဲကွာခြင်း ဖြစ်သည်ကို ထိုအချိန်မှစ၍ ဝါဝါ နားလည်ခဲ့ရလေသည်။

အဖေက စီးပွားရေးလုပ်ငန်းတွေ များသော်လည်း ရင်းနှီးမြှုပ်နှံငွေတွေ များသော်လည်း ကိုယ်က ရိုးအသည်ရော၊ တစ်ဖက်သားက လှည့်ပတ်လောဘတက်သည်ရော ထိုအကြောင်းနှစ်ခုကြောင့် ငွေကြေးအတော်များများ ဆုံးရှုံးပြီးသောအခါမှ အမေသည် ဈေးထဲတွင်အထည်ဆိုင်လေး တစ်ဆိုင်ကို အတည်တကျ ထိုင်ဖြစ်တော့သည်။ မိုးလင်းလျှင် အမေက အထည်ဆိုင်သို့ သွားနှင့်ပြီး အသက် ၁၉ နှစ်ရှိပြီဖြစ်သော မမကြီးက ဝါဝါတို့ မောင်နှမသုံးယောက်၊ အိမ်ဖော်နှစ်ယောက်တို့နှင့်ကျန်ခဲ့သည်။

"ဝါဝါရေ ထတော့၊ တာတာရေ ... ကျောင်းချိန်နီးပြီ၊ အပါလေး နိုးပြီလား၊ မမကြီးကိုချစ်ရဲ့လား၊ အာဝါးပေးပါဦး သားရဲ့၊ အာဝါး ...ဟာ

... မွှေးလည်း မွှေးဘူး၊ ရှူရှူးစော်နံတယ်၊ ရှူရှူးတွေပေါက်တဲ့ ကောင်ကလေးလား၊ မမကြီးချစ်တဲ့ မောင်ကလေးလား၊ ဟော ... နှိုးလိုက်၊ နှိုးလိုက်၊ မမဝါ အိပ်ပုပ်ကြီးလို့ နှိုးလိုက်၊ ကြည့်စမ်း... မိတာက သူကပါ ကလေးနဲ့ ရောပြီး သေးတွေ ပေါက်ထားတယ်၊ အို ...ကြည့်ပါဦး၊ ရွံလို့"

မမကြီးသည် ဝါဝါ့ကိုဆွဲထူလိုက်၊ တာတာ့ကို ဆွဲထူလိုက်နှင့် တစ်ယောက်ထူပြီး နောက်တစ်ယောက်ထူနေစဉ် ကျန်တစ်ယောက်က ပြန်အိပ်လိုက်နှင့် လုံးလုံးထွေးထွေးဖြစ်နေရတတ်သည်။

"ကဲ ... မထဘူးလား၊ ထမှာလား၊ ငါရိုက်တော့မှာနော်၊ ချော့နေလို့ ဆိုးနေတာလား၊ မဖြူ ... ငါ့အခန်းထဲကပေတံ ပေးစမ်း၊ စားပွဲပေါ်မှာ သစ်သားပေတံရှိတယ်"

ထိုသို့အော်ဟစ်သောအခါမှ ဝါဝါတို့က အိပ်ရာမှ အလူးအလဲထ၊ သွားတိုက်၊ လဲဖယ်ပြီး မမကြီး ကျွေးသမျှ စားသည်။ သူတို့စားနေချိန်တွင် မမကြီးကလည်း သူ့ကိုယ်သူ လဲဖယ်ပြင်ဆင်ကာ ညီအစ်မသုံးဦး ကျောင်းကို တက်သုတ်ရိုက်ပြေးရသည်က နေ့စဉ်ပင်။ ထိုအချိန်တွင် အပါလေးကို အိမ်ဖော်လေးနှစ်ဦးနှင့်အိမ်တွင်ထားခဲ့ရသည်။ သူတို့အိမ်မှထွက်လျှင် အပါလေးက အော်ငိုမြဲမို့ မမကြီးက စိတ်မကောင်းရှာပေ။

"မမကြီးမှာ ပိုက်ဆံတွေအများကြီးရှိရင် အမေ့ကို ဆိုင်မထိုင်ခိုင်းဘူး၊ အပါလေးနားမှာပဲ ထားမယ်" ဟု မကြာခဏပြောတတ်လေသည်။

ဝါဝါတို့ကို စာသင်ပေးရင်း၊ အပါလေးပုခက်ကိုလွှဲရင်း၊ အိမ်မှုကိစ္စတွေကို စီစဉ်ရင်း စာကျက်ရသော်လည်း မမကြီးက စာတော်လေသည်။ ဆယ်တန်းကို ဂုဏ်ထူးသုံးခုနှင့်အောင်လေသည်။ မမကြီး၏သူငယ်ချင်းများက အိမ်တွင်စုဝေးရင်း ဘယ်တက္ကသိုလ်ကို ဘယ်အမှတ်နဲ့ဆိုလျှင် မီကြောင်း ပြောနေဆိုနေ တိုင်ပင်နေကြတော့ မမကြီးက ဘာမျှ ဝင်မပြောရှာချေ။



"နင့်အမှတ်က ဆေးကျောင်းမီတယ် မဟုတ်လား" ဟု မေးတော့လည်း "ငါ ဆရာဝန် မဖြစ်ချင်တော့ပါဘူးဟာ၊ အမေ့ဘေးမှာ ငါမရှိလို့ မဖြစ်ဘူး" ဟုသာ တိုးတိုးလေး ပြောလေသည်။

"ဝေဝေ သမီး၊ ဒီလောက်အမှတ်ကောင်းနေတာ ဆရာဝန် ဖြစ်အောင် လုပ်၊ ဒါမှမဟုတ် အင်ဂျင်နီယာမကြီး ဖြစ်အောင် လုပ်၊ အမေ့ကို စိတ် မပူနဲ့၊ အပါလေးကိုလည်း နောက်နှစ်ဆို မူကြိုပို့လို့ ရပြီ၊ ဒီမှာက ဒီလိုပဲ လုံးလည် ချာလည်နဲ့ တစ်ရက်ပြီးတစ်ရက် ကုန်သွားမှာပဲ" ဟု အမေက ပြောသည်။ မမကြီးက အမေ့ကိုငေးကြည့်ကာ "အဲဒီ လုံးလည်ချာလည်ကြီးကို စိတ်မချတာပေါ့ အမေရာ" ဟု ပြောလေသည်။ သို့သော် အမေ တိုက်တွန်းလွန်းတော့ မမကြီးလည်း ဆေးတက္ကသိုလ်သို့ လျှောက်ဖြစ်လေသည်။ ဝင်ခွင့်လည်း ရလေသည်။ သို့သော် မမကြီးက ထိုအခွင့်အရေးကို လက်လွှတ် ဆုံးရှုံးခံခဲ့ရှာလေသည်။

အကြောင်းရင်းကတော့ ဝါဝါတို့၏ဘဝထဲမှာ အမေသည် ရုတ်တရက် ပျောက်ကွယ်သွားသောကြောင့် ဖြစ်လေသည်။

ရွှေဘိုဆိပ်ခွံဘက်သို့ အထည်ကောက်ရန်သွားသော အမေသည် ဝါဝါတို့ဆီသို့ ပြန်ရောက်မလာခဲ့တော့ပေ။ မမကြီးကလည်း မေမေ့ဆီကတိုက်ကရိုက် လိုက်သွားတော့ ဝါဝါခမျာ အားမငယ်စဖူး အားတွေငယ်ကာ ငိုချင်နေခဲ့သည်။

"မမဖြူ . . . မမကြီး ဘယ်သွားတာလဲ"

"ဝါဝါတို့အမေ နေမကောင်းလို့ လိုက်သွားတာ"

"မေမေက ဘာလို့ နေမကောင်းတာလဲ"

"ကားနဲ့ကားချင်းတိုက်တော့ ကားထဲက လူတွေ နေမကောင်း ဖြစ်တာပေါ့"

"ဘယ်တော့ ပြန်ကောင်းမှာလဲ"

"မသိပါဘူးဟယ်"

"ဘယ်တော့ပြန်လာမှာလဲ"

"မသိပါဘူးဆိုမှ ဟယ်၊ ကဲ ဝါဝါ၊ သွား . . . မောင်လေးနဲ့ သွားကစား၊ ဒီမှာ ဝါဝါစကားများလို့ မမဖြူ မျက်စိထဲ ငရုတ်သီးဖတ်တောင် ဝင်နေပြီ၊ ရှူး . . . စပ်လိုက်တာ"

မမဖြူက နီကျင်နေသောမျက်လုံးကို ပွတ်နေသည်။ ဝါဝါက ထွက်ခဲ့ရသော်လည်း စိတ်ထဲတွင် မကျေလည်လှ။ တာတာနှင့်မောင်လေးကတော့ အဆော့ အကစား မပျက်လှပေ။ အသက် ခုနစ်နှစ် ကျော်ပြီဖြစ်သော ဝါဝါကတော့ သူတို့ဘဝထဲမှ အဖေလည်း ပျောက်ကွယ်ခဲ့ဖူးသည်မို့ သေခြင်းတရားကို စိုးရွံ့ကြောက်ရွံ့နေခဲ့သည်။

တစ်ပတ်လောက်နေတော့ မမကြီး ပြန်လာသည်။ ဝါဝါ စိုးရိမ်နေသည့်အတိုင်း မေမေကတော့ ပြန်ပြီး ပါမလာခဲ့ပေ။ အပါလေးက

"မေမေရော... မေမေရော" နှင့် တစာစာမေးတော့ မမကြီးက မျက်ရည်စိမ့်ဝဲရင်း

"မေမေ နေမကောင်းလို့ ဆေးရုံတင်ထားရတယ် သားငယ်ရဲ့" ဟုဖြေသည်။

"မေမေ နေကောင်းပါစေလို့ဆုတောင်းပြီး အပါလေးက လိမ်လိမ်မာမာ နေနော်" ဟု ဆက်ပြောသည်။

ညကျတော့ ဇာခြင်ထောင်အကြီးကြီးကို ဖြန့်ထောင်ကာ ဝါဝါတို့မောင်နှမလေးယောက် အတူတူအိပ်ကြရသည်။ ဝါဝါ တစ်ရေးနိုးလာတော့ မမကြီးထံမှ ရှိုက်သံလေး ကြားရသည်။

"မမကြီး ... ငိုနေတာလား"



"မငိုပါဘူးကွယ်"

မမကြီးက ဝါဝါကို တင်းတင်းဖက်ကာ ငိုသံလေးနှင့် ဖြေသည်။

"မေမေ သေပြီလားဟင် မမကြီး"

ဝါဝါက တိုးတိုးလေးမေးတော့ မမကြီးက ငြိမ်နေသည်။ အတန်ကြာသောအခါမှ သက်ပြင်းလေးရှိုက်ပြီး

"အဲဒီစကားကို တာတာတို့ရှေ့မှာ မပြောနဲ့နော်၊ မေမေက ဆေးရုံတက်နေရတာပဲဟာ၊ ဆေးရုံတက်တယ်လို့ပဲပြော" ဟုပြောသည်။

"အဟုတ်လားဟင် မမကြီး"

"အဟုတ်ပေါ့၊ နောက် လေးငါးရက်နေရင် အိမ်မှာ ဆွမ်းကျွေးမယ်၊ ဘုန်းကြီးတွေက မေမေနေကောင်းဖို့ ဆုတောင်းပေးလိမ့်မယ်၊ အိမ်မှာလည်း မုန့်တွေ ကျွေးမယ်"

"ဒီလိုဆို မေမေ မသေဘူးပေါ့"

"မမကြီးတို့အတွက် မေမေက ဘယ်တော့မှမသေဘူးလေ၊ ညီမလေးတို့လည်း မေမေ့ဆီစာရေးထားကြ၊ မမကြီး အထည်ကောက်သွားရင် ဆေးရုံကိုဝင်ပို့ပေးမယ်လေ၊ အဲဒီစာတွေကို ဖတ်ပြပေးမယ်"

"မေမေက မဖတ်နိုင်လို့လား"

"နေမကောင်းတော့ စာလည်း မဖတ်နိုင်ဘူးပေါ့ ဝါဝါရယ်၊ မမကြီးက ဖတ်ပြရမှာပေါ့"

မမကြီးက အသံတိမ်တိမ်လေးနှင့် ပြောရင်း ငြိမ်သွားသည်။ အသက်မှန်မှန်ရှူကာ အိပ်ချင်ဟန်ဆောင်နေသည်။ မမကြီး တကယ် အိပ်မပျော်သေးမှန်း သိသော်လည်း ဝါဝါလည်း စကား ဆက်မပြောဖြစ်တော့ပေ။ မေမေ သေသွားပြီလိုလို၊ တကယ်ပဲ ဆေးရုံမှာရှိနေသလိုလို ဇဝေဇဝါ ဖြစ်နေခဲ့လေသည်။

မမကြီးသည် အမေ့၏ နေရာကို ချက်ချင်း အစားဝင်ခဲ့သည်။ အမေ့လိုပင် အထည်ကောက်ထွက်၊ အမေ့လိုပင်

"စာကြိုးစားကြနော်၊ စာကြိုးစားကြ"ဟု ခဏခဏ ရေရွတ်နေတတ်လေသည်။ ဘေးအိမ်က အန်တီနုတို့၊ အန်တီဝင်းတို့ကတော့ မမကြီးကို

"ကလေးသုံးယောက်နဲ့ အပျိုလေး"ဟု ခေါ်လေ့ရှိကြသည်။ အန်တီစန်းကမူ

"အပျိုလေးကိုကြိုက်တဲ့လူပျိုလေးတွေ ကတော့ တပုံတပင်ကြီးပဲ၊ ဒါပေမဲ့ ကလေးသုံးယောက်ကိုတော့ မကြိုက်ကြဘူးဟဲ့"ဟုပြောကာ ရယ်မောနေတတ်လေသည်။

နောက်တစ်ခါ မမကြီးအထည်ကောက်သွားတော့ ဝါဝါက မေမေ့ဆီ စာရေးပေးလိုက်သည်။

"မေမေ ...

နေမကောင်းသေးဘူးလား ဟင်၊ ဘာဖြစ်လို့ အကြာကြီး နေမကောင်း ဖြစ်နေတာလဲ၊ သမီးတို့ မေမေ့ကို အရမ်းသတိရတယ်။

အခု သမီးတို့လေးယောက်လုံး အတူတူအိပ်ကြတယ်၊ အပါလေးက ဆိုးတယ် မေမေ၊ မမကြီးခေါင်းကိုခွပြီး ရှုရှူးတွေ ပန်းတယ်၊ မေမေ ပြန်လာရင် အပါလေးကို မေမေနဲ့ပဲ ပြန်ခေါ်သိပ်နော်"

တာတာကတော့ "မေမေ နေကောင်းပါစေ"ဟု ရွဲ့ရွဲ့စောင်းစောင်း တစ်ကြောင်းတည်း ရေးပေးလိုက်သည်။ အပါလေးကပင်လျှင် မေမေ့ဆီ စာရေးပါဆိုတော့ စာရွက်ဖြူပေါ်တွင် ဝလုံးလေးငါးလုံးကို မညီမညာ ရေးပေးလိုက်လေသည်။ မမကြီးက သူတို့၏စာလေးတွေကို စာအိတ်ထဲထည့်ကာ အသေအချာယူသွားသည်။



မမကြီး ပြန်လာတော့ အမေ့ဆီက စာပြန်ပါလာသည်။ အမေက သူတို့ကို သတိရကြောင်း၊ နေကောင်းလျှင် ချက်ချင်းပြန်လာမည်ဖြစ်ကြောင်း၊ စာကြိုးစားရမည့် အကြောင်း၊ မမကြီး၏စကားကို နားထောင်ရမည့် အကြောင်းများကို ဝေဝေဆာဆာ စုံစုံလင်လင်ရေးထားသည်။ သူတို့အတွက် မုန့်တွေ၊ အင်္ကျီတွေလည်း ပေးလိုက်သေးသည်။ ဩော် ..မေမေက အုန်းသီးထဲတွင် အရည်ချိုချိုတွေ ထည့်ပေးထားကြောင်း၊ ထိုအရည်များကို အရသာ ပျက် မသွားအောင် လိမ်လိမ်မာမာ နေကြရမည့် အကြောင်းများကိုလည်း ထည့်ရေးထားသေးသည်။

အိမ်ရှေ့အုန်းပင်မှ အုန်းသီးချတော့ မမကြီးက အမေ့လိုပင် သူတို့အား အရည်သောက်အုန်း တစ်လုံးစီပေးသည်။

အသက်ရှစ်နှစ်နီးပါးရှိနေပြီမို့ အုန်းသီးထဲမှ အုန်းရည်သည် သူ့သဘာဝအလျောက် သူ့ဟာသူ ပြည့်လာခြင်း ဖြစ်သည်ကို ဝါဝါ သိခဲ့ပြီး ဖြစ်သည်။ သို့သော် အုန်းသီးထဲမှ အရည်ချိုချိုကို အမေ ထည့်ပေးထားခြင်း ဖြစ်သည်ဟုလည်း တစ်ဖက်မှ ယုံချင်နေပြန်သည်။ ယုံနေမိပြန်သည်။ မေမေသည် သူတို့တွေ အုန်းရည်သောက်နေကြသည်ကို တစ်နေရာရာမှ စောင့်ကြည့်နေလိမ့်မည်ဟု အခိုင်အမာ ထင်နေမိပါသည်။ ထို့ကြောင့် သူ့အုန်းရည်က အချိုမလေးဘဲ အရသာ ပေါ့ပျက်နေမှာကိုလည်း ရင်တွေ ခုန်ကာ စိုးရိမ်နေမိပြန်လေသည်။

အပါလေးက အုန်းရည်ကို ပိုက်ကလေးနှင့်စုပ်ကာသောက်ရင်း "ဟား ... ချိုတယ်၊ တား လိမ္မာတယ်၊ မေ့ဂျကားကို နားထောင်တယ်"ဟု ဝမ်းသာအားရ ထအော်တော့ အားလုံးရယ်ခဲ့ကြရလေသည်။

မမကြီးကတော့ အထည်ကောက်သွားရင်း အမေ့ဆေးရုံသို့ ဝင်နေဆဲပင် ဖြစ်သည်။ ဝါဝါတို့၏ စာများကို အသေအချာ ယူသွားသလို

အမေ ပြန်ပေးလိုက်သော အမေ့စာလေးကိုလည်း ပြန်ယူလာမြဲ ဖြစ်လေသည်။ တစ်ဦး တစ်ယောက်ချင်းကို အသေအချာ ဆုံးမထားသော အမေ၏ စာကို ဖတ်ပြမြဲ ဖြစ်လေသည်။ ထို့ကြောင့်လည်း သူတို့ မောင်နှမသုံးယောက်၏ စိတ်ထဲတွင် အမေသည် အိမ်ပြန်မလာသော်လည်း တစ်နေရာရာတွင် ရှိနေသည်၊ သူတို့တစ်တွေကိုလည်း အမြဲတမ်း စောင့်ကြည့်နေသည်ဟု ထင်မှတ်ယုံကြည်နေခဲ့ကြရလေသည်။

အပါလေး ရှစ်နှစ်သားလောက်တုန်းကတော့ အတန်ငယ်ဆိုးချင်သည်။ မမကြီး၏ပိုက်ဆံအိတ်ထဲမှ ဆယ်တန်တွေ၊ ငါးကျပ်တန်တွေ နှိုက်ကာ ထိုစဉ်က ခေတ်စားနေသော မဲကတ်ပြားတွေ ဝယ်တတ်သည်။ တစ်ခါတစ်ရံလည်း ဂေါ်လီလုံးကို လောင်းကြေးထပ်ပြီး ရိုက်တတ်လာသည်။ တစ်နေ့ကျတော့ ပင်ကျအုန်းသီးများကို မမကြီးက ထုံးစံအတိုင်း တစ်ယောက် တစ်လုံးစီ ပေးသည်။ ထို့နောက် ကျောင်းအင်္ကျီတွေ မီးပူတိုက်ရင်း မသိမသာ စောင့်ကြည့်နေသည်။ အပါလေးက သူ့အုန်းရည်ကိုသောက်ရင်း မျက်နှာပျက်သွားသည်ကို မသိချင်ဟန်ဆောင်ရင်း

"ချိုကြရဲ့လားဟင်"

ဟု ဟန်မပျက် မေးသည်။ အပါလေးက ဘာမျှပြန်မပြောသော်လည်း မျက်နှာလေး ငယ်နေသည်။

နောက်တစ်ခေါက် အမေ့ဆေးရုံသွားမည်ဆိုတော့ အပါလေးက

"သားလိမ္မာပါပြီမေမေ၊ အုန်းရည်ချိုချို ထည့်ပေးလိုက်ပါ"

ဟု ရေးပေးလိုက်လေသည်။ မမကြီးကတော့ အပါ၏ဆံပင်လေးများကို ထိုးဖွကာ ကျေနပ်ပြုံးလေး ပြုံးနေသည်။ ထို့နောက်ပိုင်းတွင် မမကြီး၏ပိုက်ဆံအိတ်ကို စားပွဲပေါ်တွင် ဒီအတိုင်းတင်ထားသော်လည်း အပါလေးက မနှိုက်တော့ပေ။



ဝါဝါလည်း မေမေ့ဆီကို စာမှန်မှန်ရေးခဲ့သည်။ စာရေးပျင်းသောတာတာပင် မေမေ့ဆီကိုတော့ မပျင်းမရိ စာရေးပြီး ရင်ဖွင့်တတ်လေသည်။

မေမေ ...

ဒီနေ့ သင်္ချာ လပတ်စာမေးပွဲစစ်တယ်မေမေ၊ သမီးကို မဆူနဲ့နော်၊ တွက်တာ လျှမ်းသွားလို့ ပိုဒ်ခွဲတစ်ပိုဒ် မှားသွားတယ်၊ အမှတ် ၂၀ တောင် လျော့ပြီး ၈၀ ပဲရတော့တယ်။

၈၀ လည်း မဆိုးပါဘူး မေမေရာ၊ အုန်းရည်ချိုချို ပေးပါနော်။

မေမေ ...

ကျောင်းအပြန် မိုးမိလို့ သမီးဖျားတယ် မေမေ၊ မမကြီးက တစ်ညလုံး မအိပ်ဘဲ သမီးဘေးမှာ ထိုင်စောင့်တယ်၊ နဖူးပေါ်မှာ ရေခဲဝတ်တင်ပြီး ဘုရားစာတွေ ရွတ်ပေးတယ်၊ အချိုဆုံး အုန်းရည်ကို မမကြီးအတွက် ပေးလိုက်ပါနော်။

မေမေ ...

မမကြီးက ပြောတယ်၊ ဒီနေ့ မေမေဆေးရုံတက်တာ ငါးနှစ်ပြည့်တဲ့နေ့တဲ့၊ သမီးတို့တွေ ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်ပို့တယ်၊ ဘုရားစင်ရှင်းပြီး ဘုရားပန်းတွေဝေနေအောင် တင်တယ်၊ မေမေမြန်မြန် နေကောင်းပါစေလို့ ဆုတောင်းကြတယ်။

မေမေ ...

မမကြီးက ပြောတယ်၊ သမီး အရမ်းလှလာတယ်တဲ့၊ မေမေနဲ့တူ

တယ်တဲ့၊ မေမေ့လို ငယ်ငယ်လေးနဲ့ ရည်းစားမထားနဲ့ဦးတဲ့၊ သမီးအလှပြင်ပေမယ့် ရည်းစားမထားပါဘူး မေမေရာ၊ စာကြိုးစားပြီး ဆရာဝန်မကြီးဖြစ်အောင် လုပ်မှာပါ၊ မေမေ အုန်းရည်ချိုချိုလေး ထည့်ပေးနော်။

မေမေ …

ဒီနေ့ သမီး ဆယ်တန်းအောင်တယ်၊ မမကြီးလိုပဲ ဂုဏ်ထူးသုံးခုရတယ်၊ မမကြီးက ပြောတယ်၊ သမီးကို ဆရာဝန်မကြီးဖြစ်စေရမယ်တဲ့။

မေမေရယ် … သမီးလေ မေမေ့ကို အရမ်းသတိရတာပဲ၊ မေမေမြန်မြန်နေကောင်းပါစေလို့လည်း အရင်တုန်းလို ဆုမတောင်းချင်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မေမေက နေကောင်းလာမှာမဟုတ်ဘူး၊ ပြန်လာမှာလည်း မဟုတ်တော့ဘူးဆိုတာကို နားလည်နေလို့ပဲလေ၊ သမီးတို့ရဲ့ အမေနေရာမှာ မားမားမတ်မတ်ရပ်တည်ပေးခဲ့တဲ့ မမကြီးရဲ့ကျေးဇူးတွေက သိပ်ကြီးတယ် မေမေ၊ မမကြီးကို သမီးချစ်တယ်၊ မမကြီးရဲ့ကျေးဇူးတွေကို သမီး ဆပ်ချင်တယ်။

မေမေ့ဆီမှ ပြန်စာထဲတွင်တော့ “မမကြီးက ကျေးဇူးဆပ်ခံချင်လို့ ကျေးဇူးပြုတာမှမဟုတ်တာဘဲ သမီးရယ် … ကျေးဇူးစကားပြောပြီး ကျေးဇူးဆပ်စရာမလိုပါဘူး” ဟုရေးထားသည်။

ဝါဝါက စာဖတ်ပြနေသော မမကြီးကို စိုက်ငေးပြီး ကြည့်နေတော့ မမကြီးက နူးညံ့ချိုသာစွာ ပြုံးပြလေသည်။

ဝါဝါတို့ ကျေးဇူးဆပ်မှာကို မလိုလားသော မမကြီးသည် ကျေးဇူးဆပ်ခွင့်ကိုလည်း မပေးခဲ့ချေ။ ဝါဝါ ဆရာဝန်မကြီး ဖြစ်ပြီး အလုပ်သင်ဆင်းသောနှစ်၊ တာတာ အင်ဂျင်နီယာမကြီး ဖြစ်သောနှစ်၊ အပါလေးလည်း



ပြင်ဦးလွင် စစ်တက္ကသိုလ်မှ ကျောင်းဆင်းသောနှစ်မှာပင် မူးလိုက်တာဟု ပြောရင်း လဲကျကာ အသက်ပါ ပါသွားခဲ့လေသည်။ ဝါဝါတို့ မောင်နှမသုံးဦးလုံး တစ်ဦးယောက်မျှပင် မမကြီး၏အသက်ကို မမီလိုက်ကြချေ။ ဆရာဝန်က နှလုံးရောဂါကြောင့် သေဆုံးရသည်ဟုပြောတော့ ဝါဝါ့ခမျာ ယူကျုံးမရ ဖြစ်ခဲ့ရသည်။ တစ်သက်ပတ်လုံး အလုပ်ကို လောဘတကြီးလုပ်ကာ သူတို့မောင်နှမတစ်တွေအတွက် ငွေတွေ ကျုံးရုံးပြီး ရှာနေသော မမကြီးမှာ နှလုံးရောဂါ ရှိနေမှန်းလည်း မသိ၊ ကုလည်း မကုလိုက်ရသောကြောင့် ဖြစ်လေသည်။

မမကြီး၏သေတ္တာကို ရှင်းတော့ မေမေ့ဆီကို သူတို့ရေးပေးထားသော စာများကို တစ်ထပ်ကြီးတွေ့ရသည်။ စာတွေကို ရှေ့နောက်စဉ်ကာ မုန့်သေတ္တာဘူးခွံနှစ်လုံးနှင့် အသေအချာထည့်ပြီး သိမ်းထားရှာသည်ကို တွေ့ရတော့ သူတို့မောင်နှမသုံးဦး မျက်ရည်မဆည်နိုင်။ အပေါ်ဆုံးတွင်တော့ မေမေ့ဆီရေးထားသော မမကြီး၏စာကိုတွေ့ရသည်။

မေမေ …

မေမေမြင်စေချင်တဲ့ ဆရာဝန်မကြီးဘဝကို သမီးမရောက်ခဲ့ပါဘူး မေမေ၊ တိုင်းပြည်ရဲ့တာဝန်ကိုလည်း တစ်တပ်တစ်အား မထမ်းဆောင်ခဲ့ရပါဘူး၊ ဒါပေမဲ့ မေမေထားရစ်ခဲ့ရတဲ့ မေမေ့သား၊ မေမေ့သမီးလေးတွေကို ဆရာဝန်၊ အင်ဂျင်နီယာနဲ့ စစ်ဗိုလ်ကြီးတွေဖြစ်အောင် သမီးပြုစုပျိုးထောင်ပေးနိုင်ခဲ့ပါတယ်၊ မေမေ ကျေနပ်ပါ၊ ဝမ်းသာပါနော် … တဲ့”

*

အခုတော့ ဝါဝါတို့အားလုံး အိမ်ထောင်ကိုယ်စီကျကာ ရာထူးရာခံ သားသမီးတွေ စုံစုံညီညီနှင့် သာယာအောင်မြင်သောလမ်းကို လျှောက်လှမ်းနေကြရပြီဖြစ်သည်။

အိမ်ရှေ့မှအုန်းပင်နှစ်ပင်ကတော့ ပင်အိုကြီးတွေ ဖြစ်နေပြီး သီးအားလည်း မကောင်းလှတော့ပေ။ သူတို့မြို့က ဆေးရုံတွင်ပင် ပြန်ပြီး တာဝန်ထမ်းဆောင်ရသော မြို့နယ်ဆရာဝန်မကြီး ဒေါက်တာဝါဝါက အုန်းပင်အိုကြီး နှစ်ပင်ကို အမြတ်တနိုးနှင့် အရိပ်ကြည့်နေတတ်သည်ကိုတော့ လူအများက သိပ်ပြီး နားမလည်လှချေ။

ဒီနေ့တော့ ရန်ကုန်မှ တာတာရော၊ မန္တလေးမှ အပါလေးရော တိုက်တိုက်ဆိုင်ဆိုင် ရောက်လာ၍ မောင်နှမသုံးဦး ဆုံသွားသည်။ သုံးဦးဆုံတော့လည်း ထုံးစံအတိုင်း မမကြီးကို သတိရမိကြလေသည်။

"ရော့ ... အုန်းရည်သောက်ကြဦး၊ မနေ့တုန်းကပဲ အပင်က ချထားတာ၊ အပင်အိုလို့ အလုံးတွေ သေးသွားပေမယ့် အရည်က ချိုတုန်းပါပဲဟယ်"

ဝါဝါက အုန်းသီးတစ်လုံးစီ ပေးသည်။ အပေါ်ယံ အခွံကို ရှပ်ပြီး ခုတ်ထားပြီး ဖြစ်သဖြင့် သံဇွန်းလေးနှင့် ဝိုက်ပြီး ဖောက်လိုက်တော့ အတွင်းဆုံး အလွှာဖြူဖြူလေးပါ ပေါက်သွားသည်။ အကွင်းလိုက်ထွက်လာသော အုန်းသား ဖြူဖြူကို နှစ်သက်စွာ ဝါးရင် အပါလေးက ပြုံးစစနှင့်ပြောသည်။

"ဒီလို အပေါ်ယံရှပ်ပြီး ခုတ်ထားတဲ့ အုန်းသီးထဲက အရည်တွေကို ဆေးထိုးအပ်ကြီးကြီးနဲ့ စုပ်ယူလို့ ရတာပဲ နော်၊ နောက်ပြီး ရေတွေ ပြန်ထိုးထည့်လို့လည်း ရတာပဲ"

"ငါ ကျောင်းမှာ ရန်ဖြစ်ပြီး ကောင်လေးတွေနဲ့ ဖက်သတ်လာခဲ့တုန်းကလည်း အုန်းရည်တွေ ပေါ့ပျက်ပျက် ဖြစ်ဖူးတယ်၊ ငါ့မှာဖြင့် ငါဆိုးတာ



အမေသိသွားပြီဆိုပြီး ကြောက်လိုက်ရတာ"

တာတာက သူ့နဖူး သူရိုက်ကာ တသောသော ရယ်နေလေသည်။

"အင်းလေ ... ကျွန်တော်လည်း နည်းနည်းဆိုးမယ် ကြံလိုက်တိုင်း အုန်းရည်တွေက မချိုဘဲ ရေဖြစ်သွားတတ်တော့ လန့်တာမှ အတော့်ကိုလန့်တာ"

တာတာနှင့်အပါလေးသည် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ တဟားဟား ရယ်နေကြသည်။

ဝါဝါကတော့ သူတို့ကို ရီဝေစွာငေးကြည့်ရင်း မမကြီးကို ပြင်းပြင်း ပြပြ သတိရပြီး လွမ်းဆွတ်လာမိသည်။ မမကြီး၏ မှန်တင်ခုံအံဆွဲတွင် အံဝှက်ကလေးတစ်ခု ရှိကြောင်း၊ ထိုအံဝှက်ကလေးထဲတွင် ပလတ်စတစ် အိတ်ကလေးနှင့်ထုပ်ထားသော ဆေးထိုးပြွန်ကြီးကြီးတစ်ခုကို တွေ့ခဲ့ဖူးကြောင်းကိုကား သူတို့အား ပြောပြမနေတော့ပေ။

"အုန်းသီးထဲက အရည်တွေကို ဘယ်သူထည့်ထားတာလဲဟင် ... မေမေ"

သူတို့နားရောက်လာသော ဝါဝါ၏သားငယ်လေးက မေးတော့ သူတို့အားလုံး ငြိမ်သွားကြသည်။ ခုနတုန်းက ရယ်နေသော တာတာကလည်း သူ့လက်ထဲမှ အုန်းသီးကို တယုတယပိုက်ကာ ငေးသွားသည်။

"အုန်းသီးထဲက အရည်ချိုချိုတွေကိုလေ ဦးလေးပါတို့ရဲ့မမကြီး၊ သားတို့ရဲ့ ကြီးကြီးဝေ ထည့်ပေးတာပေါ့"

"မေမေ ခဏခဏပြောတဲ့ ကြီးကြီးဝေလား၊ ဟိုဓာတ်ပုံထဲက ကြီးကြီးဝေလား"

သားငယ်က နံရံပေါ်တွင် ချိတ်ထားသော မမကြီး၏ဓာတ်ပုံကို

လက်ညှိုးလေး ထိုးပြသည်။

"ဟုတ်တယ်၊ အဲဒါ ကြီးကြီးဝေပဲ၊ သူက ဟိုး ကောင်းကင်ပေါ်က နေပြီး ဦးလေးပါတို့ သားတို့ကို အမြဲစောင့်ကြည့်နေတာ၊ ကောင်းရင် လိမ္မာရင် အရည်ချိုချိုတွေ ထည့်ပေးပြီး ဆိုးရင် မိုက်ရင်တော့ အရသာမရှိတဲ့ ရေတွေကိုပဲ ထည့်ပေးလိမ့်မယ်"

အပါလေးက သားငယ်၏ပခုံးကို ကြင်ကြင်နာနာဖက်ရင်း ခိုင်မာလေးနက်စွာ ပြောသည်။ သူ၏နှုတ်ခမ်းများက ပြုံးရယ်နေသော်လည်း မျက်လုံးအိမ်တွင်တော့ မျက်ရည်ကြည်တွေ စိမ့်ဝဲနေလေသည်။

"အုန်းရည်ချိုချိုတွေကို အရသာ ပျက်သွားအောင် မလုပ်မိစေနဲ့နော်"

"ဟုတ်ကဲ့"

သားက ခေါင်းညိတ်သည်။ ဓာတ်ပုံထဲမှ မမကြီးကတော့ နူးညံ့ချိုသာစွာပြုံးရင်း သူတို့ကို လှမ်းကြည့်နေလေသည်။

(အမျိုးသမီးရေးရာမဂ္ဂဇင်း ၂၀၀၂ ခုနှစ် ဇူလိုင်)

**မစန္ဒာ**



## မကြာမီက ထုတ်ဝေခဲ့သည့် ပါရမီစာအုပ်များ

| | |
|---|---|
| ၂၈၄။ ဦးအုန်းဖေ | အမျိုးသမီးများအတွက်ဥပဒေ |
| ၂၈၅။ သာမဏေကျော် | သန်းခေါင်ယံဓမ္မအလင်းများ |
| ၂၈၆။ ဒေါက်တာမတင်ဝင်း | ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးခြင်း |
| ၂၈၇။ ဒေါက်တာမတင်ဝင်း | ကိုယ်တွေ့နဲ့နှော<br>ပြောချင်တဲ့အကြောင်းကလေးတွေ |
| ၂၈၈။ သာမဏေကျော် | လူငယ်တို့အတွက်အလင်းတိုင် |
| ၂၈၉။ Khin Myo Chit | 13 Carat Diamond |
| ၂၉၀။ ဦးသော်ဇင် | ဝိသုဒ္ဓိမဂ် |
| ၂၉၁။ ခင်စောတင့် | ဘဝအဓိပ္ပာယ် |
| ၂၉၂။ သာမဏေကျော် | ဗုဒ္ဓဟောကြားသတိပဋ္ဌာန်တရား |
| ၂၉၃။ မာဂဓီ(သာစည်) | ပရိတ်ကြီးပါဠိတော်မြန်မာပြန် |
| ၂၉၄။ ဦးမောင်မောင်လေး | ပိဋကအနှစ်ချုပ် သံယုတ္တနိကာယ်(၃) |
| ၂၉၅။ ဒေါက်တာမတင်ဝင်း | နေခြင်း သေခြင်းနှင့် လွတ်မြောက်ခြင်း |
| ၂၉၆။ ကျော်နန္ဒအောင် | ဝိပဿနာရှုနည်းများ(ပ) |
| ၂၉၇။ သာမဏေကျော် | လှူမှုဝေ၍ |
| ၂၉၈။ ထက်ခေါင် | သက်တံရောင်စဉ် |
| ၂၉၉။ ပန်းဒကာကိုတင်မြင့် | သွေးကပြောသောစကားများ |
| ၃၀၀။ ကျော်နန္ဒအောင် | ဝိပဿနာရှုနည်းများ(၃) |
| ၃၀၁။ ဒေါက်တာမတင်ဝင်း | အတွေးမှန်ကူကွက်များ |
| ၃၀၂။ ထက်ခေါင် | ဆပ်ပြာပူဖောင်းကလေးများ |
| ၃၀၃။ ကထိကရဟန်း | အသိဉာဏ်ဖွင့်ဆောင်းပါးများ(၂) |
| ၃၀၄။ အရှင်ကုမာရ(မြတောင်) | ဗုဒ္ဓဘာသာမျက်ရှု |
| ၃၀၅။ ဒေါက်တာခင်မောင်ဝင်း | အတွေးသစ်ကိုဖန်တီးခဲ့သူများ |
| ၃၀၆။ သာမဏေကျော် | ထင်ပေါ်ကျော်ကြားဥပါသကာများ |
| ၃၀၇။ ကျော်နန္ဒအောင် | ဝိပဿနာရှုနည်းများ(တ) |